# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြားများစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက် စနေနေ့။ Saturday, 18 April 2026 ၁၂၁၅၂


## ဆရာတော်ကြီးများက ပြည်ထောင်စုနယ်မြေ နေပြည်တော်ဝေဟင်မှ ရဟတ်ယာဉ်ဖြင့် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်၍ ပရိတ်ရေများ ပက်ဖျန်းပေး

**နေပြည်တော် ဧပြီ ၁၇**

ပြည်သူများ ဘေးအန္တရာယ်အပေါင်းကင်းရှင်းပြီး ငြိမ်းချမ်းသာယာစေရေးအတွက် ယနေ့နံနက် ၇ နာရီခွဲတွင် ဆရာတော်ကြီးများက ပြည်ထောင်စုနယ်မြေ နေပြည်တော်ဝေဟင်မှ ရဟတ်ယာဉ်ဖြင့် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်တော်မူကြပြီး ဝေဟင်မှ ပရိတ်ရေများ ပက်ဖျန်းပေးကြသည်။

ဦးစွာ ဒက္ခိဏသီရိမြို့နယ် မာရဝိဇယကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနေမိန္ဒ အမှူးပြုသော ဆရာတော်ကြီး ခြောက်ပါးတို့က တပ်မတော်ရဟတ်ယာဉ်ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဝေဟင်မှ အန္တရာယ်ကင်းပရိတ်တရားတော်များ လှည့်လည်ရွတ်ဖတ်တော်မူကြသည်။

**ကုသိုလ်ယူ ပါဝင်ဆောင်ရွက်**

ထိုသို့ ရဟတ်ယာဉ်ဖြင့် အန္တရာယ်ကင်းပရိတ်တရားတော်များ လှည့်လည်ရွတ်ဖတ်ပူဇော်၍ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ တပ်မတော်မှ တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဆရာတော်ကြီးများ၏ ကပ္ပိယကာရကအဖြစ်လိုက်ပါ၍ ပရိတ်ရေများကို နေပြည်တော် ဝေဟင်ရဟတ်ယာဉ်ပေါ်မှပက်ဖျန်း၍ ကုသိုလ်ယူ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။ **သတင်းစဉ်**





**အန္တရာယ်ကင်း ပရိတ်တရားတော်များ လှည့်လည်ရွတ်ဖတ်တော်မူ**

ဒက္ခိဏသီရိမြို့နယ် မာရဝိဇယကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနေမိန္ဒ အမှူးပြုသော ဆရာတော်ကြီး ခြောက်ပါးတို့က တပ်မတော် ရဟတ်ယာဉ်ဖြင့် ပြည်ထောင်စု နယ်မြေ နေပြည်တော် ဝေဟင်မှ အန္တရာယ်ကင်း ပရိတ်တရားတော်များ လှည့်လည်ရွတ်ဖတ်တော်မူကြစဉ်။

**ယနေ့ ဖတ်စရာ**

အကျဉ်းသား/ သူ ၄၃၃၅ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

စာမျက်နှာ » ၃

နှစ်ဆန်းတစ်ရက်နေ့၌ နေပြည်တော်ကောင်စီနယ်မြေအတွင်း ကောင်းမှုကုသိုလ် ပြုလုပ်သူများဖြင့် စည်ကား

စာမျက်နှာ » ၁၂

၁၃၈၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ အခါသမယတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရား၊ စေတီများ၌ ကုသိုလ်ကောင်းမှု ပြုသူများဖြင့် စည်ကားများပြား

စာမျက်နှာ » ၁၃

# ကြုံတွေ့ခဲ့သည်များကိုသင်ခန်းစာယူ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်

မြန်မာနိုင်ငံသည် ပြည်သူများ၏ဆန္ဒနှင့်အညီ ပြည်သူများလိုလားသည့် ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်သို့ ပြန်လည်ရောက်ရှိနေပြီဖြစ်သည်။ ပြီးခဲ့သည့် ငါးနှစ်တာကာလသည် ဒီမိုကရေစီကို ပြန်လည်အကောင်အထည်ဖော်ရန် ကြိုးပမ်းဆောင်ရွက်သည့်ကာလဖြစ်ပြီး ယခုငါးနှစ်တာကာလသည် ဒီမိုကရေစီစနစ်ကို စတင်လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလဖြစ်သည်။ ဒီမိုကရေစီမျက်နှာစာသစ် တစ်နည်းအားဖြင့်ဆိုလျှင် ဒုတိယစာမျက်နှာသစ်ကို ရေးဆွဲကြဖို့ အစပြုနေသောကာလဖြစ်သည်။

ဧပြီ ၁၀ ရက်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားတွင် နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာ၌ "ဖြစ်ပျက်ကြုံတွေ့ခဲ့ရတဲ့အတွေ့အကြုံတွေကို သင်ခန်းစာယူပြီး 'သန့်ရှင်းတဲ့အစိုးရ၊ ကောင်းမွန်တဲ့အုပ်ချုပ်မှု' ဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဗဟိုအဆင့်ဌာနဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနဲ့ ဒေသဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများ ပူးပေါင်းဆောင်ရွက်မှုနဲ့ ဦးတည်ချက်၊ ရည်မှန်းချက်တွေ အောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ဥပဒေလုပ်ထုံးလုပ်နည်းများနဲ့အညီ ချို့ယွင်းအားနည်းမှုမရှိစေဘဲ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်သွားကြဖို့" မှာကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလအတွင်း အားသာမှုများစွာရှိသလို အားနည်းချက်များလည်းရှိခဲ့သည်။ အခက်အခဲများ၊ စိန်ခေါ်မှုများစွာတို့ကိုလည်း ကြုံတွေ့ခဲ့ရသည်။ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ပြန်လည်အခြေချပြီး ပိုမိုကောင်းမွန်သည့်အနာဂတ်သို့ ဦးတည်လျှောက်လှမ်းနေပြီဖြစ်သည့်အတွက် ပါတီစုံဒီမိုကရေစီစနစ် ပိုမိုခိုင်မာအောင် ကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရသစ်အနေဖြင့် စိန်ခေါ်မှုများစွာ စောင့်ကြိုနေသည်ကို ကောင်းစွာသိရှိနားလည်ထားပြီးဖြစ်၍ ကမ္ဘာ့အရေး၊ မြန်မာ့အရေး၊ ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အခက်အခဲများအပါအဝင် နယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ စိန်ခေါ်မှုများအား အစိုးရနှင့်ပြည်သူလူထု အတူတကွလက်တွဲညီညီပူးပေါင်း၍ ရင်ဆိုင်ကျော်လွှားသွားမည်ဟု သန္နိဋ္ဌာန်ချထားသည်။

နိုင်ငံတော်အစိုးရသစ်အနေဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုသည့် ရည်ရွယ်ချက်လုပ်ငန်းစဉ်များအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးအတွက် ငြိမ်းချမ်းရေးရရှိရေးသည် မဖြစ်မနေလိုအပ်သည်။ ထို့ကြောင့် နိုင်ငံအတွင်း၌ရှိသည့် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားပြည်သူများနှင့် တိုင်းရင်းသားအဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို ဖော်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများကို ဘက်စုံလွှမ်းခြုံဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအတိုင်ပင်ခံကောင်စီကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ထားသည်။

နိုင်ငံတစ်နိုင်ငံ တည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရားဥပဒေစိုးမိုးရေးသည် အဓိကကျသည့်အခြေခံအုတ်မြစ်အဖြစ် မဖြစ်မနေလိုအပ်သည်။ နိုင်ငံတွင် တွေ့ကြုံနေရသည့် အခြေအနေအများစုတွင် တည်ဆဲဥပဒေများအား နားလည်မှုနည်းပါးခြင်း၊ အလေးဂရုမပြုခြင်းစသည်တို့ကြောင့် တရားဥပဒေစိုးမိုးရေးတွင် အားနည်းမှုများရှိလာခဲ့သည်။ ပြည်သူများအားလုံးအနေဖြင့် ဥပဒေများကို သိရှိလိုက်နာမှသာ စည်းကမ်းပြည့်ဝပြီး တိုင်းပြည်အေးချမ်းသာယာဝပြောလာမည်ဖြစ်သည်။ အဖွဲ့အစည်းများကို တာဝန်ယူကြသူများနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏လိုအပ်ချက်များကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ချို့ယွင်းအားနည်းမှုမရှိစေဘဲ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အရေးကြီးသည့်အချက်တစ်ခုမှာ အားလုံးအဂတိလိုက်စားမှု ကင်းရှင်းအောင် ကျင့်ကြံလုပ်ကိုင်ကြဖို့လိုသည်။ အဂတိလိုက်စားမှုသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်စေပြီး လူတစ်ဦးချင်းစီ၏ အကျင့်စာရိတ္တနှင့် စိတ်ဓာတ်ကိုလည်းပျက်စီးစေသည်။ အများမိုးခါးရေသောက်၍ သောက်ရပါသည်ဆိုပြီး တစ်စတစ်စအမြစ်တွယ်လာကာ အကျင့်ပျက်ခြစားမှု များပြားလာခြင်းမဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အဓိကမှာ နိုင်ငံတော်သမ္မတ လမ်းညွှန်ချက်နှင့်အညီ အစိုးရအဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများအပါအဝင် စီးပွားရေးလုပ်ငန်းရှင်များ၊ တိုင်းရင်းသားပြည်သူများအားလုံး စိတ်ထားမှန်ကန်ပြီး စိတ်ကောင်းစေတနာကောင်းထားရှိရေးကို ပြုပြင်ပြောင်းလဲနိုင်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို အခြေခံကောင်းကောင်းနှင့် ခိုင်မာအားကောင်းအောင် အစိုးရသစ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ရာ အတိတ်ကကြုံတွေ့ခဲ့ရသည်များကို သင်ခန်းစာယူပြီး "သန့်ရှင်းသည့်အစိုးရ၊ ကောင်းမွန်သည့် အုပ်ချုပ်မှု"ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်၍ ချို့ယွင်းအားနည်းမှုကင်းရှင်းစွာဖြင့် ခိုင်မာအားကောင်းသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို အောင်မြင်အောင်ဆက်လက်တည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

# ဝါးခယ်မမြို့နယ်၌ (၁၁၁) ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ရေသွန်းပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

ဝါးခယ်မ ဧပြီ ၁၇

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် မြန်မာနှစ်သစ်အခါသမယတွင် ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၏ မြို့နယ်လုံးဆိုင်ရာ (၁၁၁) ကြိမ်မြောက် ရေသွန်းပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့မွန်းတည့် ၁၂ နာရီက သကျမဟာသီရိဘုရားကြီးဝင်းအတွင်း၌ ပြုလုပ်သည်။

ဦးစွာ ဝါးခယ်မမြို့နယ်၏ နှစ်စဉ်ကျင်းပလျက်ရှိသည့် ရေသွန်းပူဇော်ပွဲကို မြို့နယ်ရှိ ပြည်သူများက ပါဝင်ဆင်နွှဲရာတွင် သကျမဟာသီရိဘုရားကြီးကိုယ်စား ရုပ်ပွားတော်မြတ်အား စုပေါင်းရေသပ္ပာယ်ပူဇော်ခဲ့ကြသည်။

ထို့နောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစွမ်းထက်က ဦးဆောင်ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်အလှူရှင်များက စုပေါင်းပြီး ဘုရားအမှူးပြုတော်မူသော သမုတိသံဃာ ၃၅၁ ပါးတို့အား နှစ်သစ်နှစ်ဦး အလှူမင်္ဂလာအဖြစ် ဆွမ်းဆန်တော်၊ ဆီ၊ ငွေပဒေသာပင်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား လောင်းလှူခဲ့ကြကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)



မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ မြန်မာနှစ်ဆန်းတစ်ရက် မွန်းလွဲပိုင်းတွင် ကျိုက်ပေါလော မဲ့ရှင်တော်ဘုရားနှင့် မဟာမုနိဘုရားစောင်းတန်း တစ်လျှောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်၊ သီလရှင် အပါး ၁၃၀၀ တို့အား ဆွမ်းဆန်စိမ်းနှင့် နဝကမ္မလှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြစဉ်။

ပြည့်ဖြိုး(ပြန်/ဆက်)

ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်) နံနက်ပိုင်းက မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း၊ လူမှုကူညီရေးအဖွဲ့)က ပထမအကြိမ် နှစ်သစ် စတုဒိသာအလှူအဖြစ် ကြက်ဆီထမင်းဘူး ၅၀၀ ကျော်ကို ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ဗဟို)ရုံးရှေ့၌ ဝေငှလှူဒါန်းစဉ်။

သျှင်ဝင်းသျှင်




## ၁၇ - ၄ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## အကျဉ်းသား / သူများကို ပြစ်ဒဏ်မှလွတ်ငြိမ်းသက်သာခွင့်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၃၉ / ၂၀၁၆
၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၇ ရက် )

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတော်သမ္မတသည် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/သူများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)အရ ၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက် (ခရစ်နှစ် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်) မတိုင်မီ ကျူးလွန်ခဲ့သောပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးပါက ယင်းတို့ကျခံနေရသော ပြစ်ဒဏ်အသီးသီးကို အောက်ပါအတိုင်း ပြစ်ဒဏ်မှလွတ်ငြိမ်းသက်သာခွင့်ပေးလိုက်သည်-

( ၁ ) သေဒဏ်ပြစ်ဒဏ်ကျခံနေရသူများကို ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်သို့ ပြောင်းလဲကျခံစေရန်၊
( ၂ ) ထောင်ဒဏ်တစ်သက်နှင့် နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ကျခံနေရသူများကို ထောင်ဒဏ် နှစ် ၄၀ သို့ လျှော့ပေါ့ကျခံစေရန် (ယခင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များအရ သေဒဏ်မှ ထောင်ဒဏ်တစ်သက်သို့ ပြောင်းလဲထားသူများမပါ)၊
( ၃ ) ထောင်ဒဏ် နှစ် ၄၀ အထက် ကျခံနေရသူများကို ထောင်ဒဏ် နှစ် ၄၀ သို့ ပြောင်းလဲကျခံစေရန်၊
( ၄ ) ထောင်ဒဏ်နှစ် ၄၀ နှင့်အောက် ကျခံနေရသူများကို ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်၏ ခြောက်ပုံတစ်ပုံအား လျှော့ပေါ့ကျခံစေရန်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံခြားသား အကျဉ်းသား / သူ ၁၇၉ ဦး ပြစ်ဒဏ်များ လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၄၁ / ၂၀၁၆
၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၇ ရက် )

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှု၍လည်းကောင်း နိုင်ငံတော်သမ္မတသည် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော နိုင်ငံခြားသား အကျဉ်းသား/ သူ ၁၇၉ ဦးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)အရ ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး လိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အကျဉ်းသား / သူ ၄၃၃၅ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၄၀ / ၂၀၁၆
၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၇ ရက် )

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်စေရန်အတွက်လည်းကောင်း နိုင်ငံတော်သမ္မတသည် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ သူ ၄၃၃၅ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြစ်ဒဏ်ကျခံလျက်ရှိသော ဝင်းမြင့် (ဘ)ဦးထွန်းကျင်အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၄၂ / ၂၀၁၆
၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်
(၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်စေရန်အတွက်လည်းကောင်း နိုင်ငံတော်သမ္မတသည် တောင်ငူ အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား ထောင်ဝင်အမှတ် တင/၂၃/ ၀၀၀၃၅/က ဝင်းမြင့် (ဘ)ဦးထွန်းကျင်အား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသောပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံ ပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ၎င်းကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဧပြီ ၁၇**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေကာ ကျန်ဘင်္ဂလား ပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

## ၁၃၇၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် နှစ်သစ်မင်္ဂလာအခါတော်နေ့တွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ အန္တရာယ်ကင်း ပရိတ်တရားတော်နာယူခြင်း မင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၁၇**

၁၃၇၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ အန္တရာယ်ကင်းပရိတ်တရားတော်နာ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ( C ) ဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ဥတ္တရသီရိမြို့နယ် ရာဇဓာနီသာမဏေကျော်ကျောင်းတိုက်ပဓာနနာယက ဆရာတော်အရှင်တေဇောဘာသ အမှူးပြုသော သံဃာတော်အရှင်မြတ်တို့ ကြွရောက်တော်မူကြပြီး ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ဇနီး၊ ပြည်သူ့လွှတ်တော်ရုံးမှ အမြဲတမ်းအတွင်းဝန်နှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ဦးစွာ အရှင်တေဇောဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် သံဃာတော်အရှင်မြတ်များက အန္တရာယ်ကင်းပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် ဆရာတော်သံဃာတော် အရှင်မြတ်များထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတော်သမ္မတရုံး နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲ မင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၁၇

နိုင်ငံတော်သမ္မတရုံး နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတရုံးတော် ငုရွှေဝါခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနေမိန္ဒနှင့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဝိစက္ခဏအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ငုရွှေဝါခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ် ဆွမ်းတော်၊ သောက်တော်ရေချမ်းနှင့် သစ်သီးပန်းမန်များ ကပ်လှူပူဇော်သည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အောင်စည်သာကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တဝိစက္ခဏထံမှ ငြိမ်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တသုတ် ပရိတ်တရားတော်များနှင့် အနန္တရာယိကကမ္မဝါစာများကို နာယူကြည်ညိုကြပြီး နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မာရဝိဇယကျောင်းဆရာတော် ဘဒ္ဒန္တနေမိန္ဒထံမှ အနုမောဒနာတရားနာယူ ကြည်ညိုပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ရေနံနှင့် ရေနံထွက်ပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေးအပါအဝင် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်ရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Investment Development Fund “RC Investments” တို့အကြား ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ (Memorandum Of Cooperation) လက်မှတ်ရေးထိုး

နေပြည်တော် မေ ၁၇

ပြည်ထောင်စု ဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ သဘာဝဓာတ်ငွေ့ရည်(LNG)၊ ရေနံဓာတ်ငွေ့ရည် (LPG)၊ ဓာတ်မြေသြဇာအပါအဝင် ရေနံစိမ်း ကုန်ကြမ်းနှင့် ရေနံထွက်ပစ္စည်းများ တင်ပို့နိုင်ရေးအတွက် ရုရှားနိုင်ငံစွမ်းအင်ဝန်ကြီးဌာန၏ စီမံဆောင်ရွက်ပေးမှုဖြင့် ရုရှားနိုင်ငံ အခြေစိုက်ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။




တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို အခြေခံသည့် သက်သာသောဈေးနှုန်းဖြင့် ရရှိနိုင်ရေး၊ အရည်အသွေးအာမခံချက်ရရှိရေးနှင့် လမ်းခရီးလုံခြုံစိတ်ချရမှု အာမခံချက်ရှိစေရေး၊ ရေရှည်ထောက်ပံ့ပို့ဆောင်နိုင်ရေးတို့ကို အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး စဉ်ဆက်မပြတ် ထိတွေ့ဆောင်ရွက်သွားနိုင်မည့် အစီအမံများ ချမှတ်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ Inter RAO ကုမ္ပဏီနှင့် တွေ့ဆုံ၍ ထားဝယ်ရေနက်ဆိပ်ကမ်းတွင် ကျောက်မီးသွေးလျှပ်စစ်ဓာတ်အားပေး စက်ရုံ တည်ဆောက်မည့်ကိစ္စ၊ ရေနံချက်စက်ရုံ တည်ဆောက်မည့်ကိစ္စ၊ LNG ဆိပ်ကမ်းနှင့် စက်ရုံ တည်ဆောက်မည့် ကိစ္စတို့ကို ဆွေးနွေးပြီး မြန်မာနိုင်ငံတွင် အသုံးပြုနေသည့် သဘာဝဓာတ်ငွေ့သုံး တာဘိုင်များ၊ အင်ဂျင်များကို စွမ်းအားမြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ ပုံမှန်စစ်ဆေးထိန်းသိမ်းပြုပြင်သွားလိုသည့် အခြေအနေများ၊ တာဘိုင်စက်များနှင့် စပ်လျဉ်းသည့် နည်းပညာများကို လက်တွေ့လေ့ကျင့်သင်ကြားပေးရန် ဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို ညှိနှိုင်းဆွေးနွေးသည်။

ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ရေနံစိမ်းကုန်ကြမ်းနှင့် ရေနံထွက်ပစ္စည်းများကို ရေရှည်အစီအမံဖြင့် ရုရှားနိုင်ငံမှ ထောက်ပံ့ပေးနိုင်ရေး သဘောတူညီမှုအပါအဝင် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်ရန်တို့ အတွက် မြန်မာနိုင်ငံ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Investment Development Fund “RC Investments” တို့အကြား စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ (Memorandum of Cooperation) ကို ပြည်ထောင်စုဝန်ကြီး၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာနိုင်ငံ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနတို့အကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ နယ်ပယ်တစ်ရပ်လုံးတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လေ့ကျင့်သင်ကြားပေးရေးတို့ အပါအဝင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရန် အတွက် နားလည်မှုစာချွန်လွှာ (MoU) တစ်ရပ်ကို မကြာမီအချိန်အတွင်း ရေးထိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် မေ ၁၇

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကား ပြောကြားကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာနမိသားစု၏ ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားများကန်တော့ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော်  မေ  ၁၇**

ပြည်ထဲရေးဝန်ကြီးဌာနမိသားစု၏ ဇီဝိတဒါန ငါးလွှတ်ပွဲကို မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ယနေ့နံနက်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ မင်္ဂလာကန်တော်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူနှင့်ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် စိုးလှိုင်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့ ဦးဆောင်ကာ ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်းနှင့် ငါးခုံးမ စုစုပေါင်း



ငါးအကောင်ရေ၃၀၀၀ကိုမင်္ဂလာကန်တော်အတွင်းသို့ ဇီဝိတဒါနအဖြစ် ကုသိုလ်ပြုလွှတ်ပေးကြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာနမိသားစု၏ နှစ်ဆန်း(၁)ရက်နေ့ သက်ကြီးဘိုးဘွားများအား ကန်တော့ပွဲကို နေပြည်တော် ရုံးအမှတ်(၈) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်ဇနီးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ တက်ရောက်ကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ အတူနေမိသားစုဝင် အသက်(၈၀)အထက် အဘိုးအဘွား ၁၀၄ ဦးတို့အနက် အခမ်းအနားတက်ရောက်နိုင်သူ အဘိုး ၁၇ ဦး၊ အဘွား ၁၃ ဦး စုစုပေါင်း အဘိုးအဘွား ၃၀ တို့အား ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ဦးဆောင်ကာ မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့် အညီ နှစ်သစ်ကူးကန်တော့ပစ္စည်းများ ပေးအပ်လှူဒါန်းကန်တော့ကြပြီး ကန်တော့ခံအဘိုးအဘွားများကိုယ်စား အဘိုး/အဘွား တစ်ဦးစီက ဆုတောင်းမေတ္တာစကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော်  မေ  ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲကို ယနေ့ မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာကန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့်ဇနီးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်ဇနီးများ၊ လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူးများနှင့်ဇနီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့ ဦးဆောင်ကာ ဘေးမဲ့ငါးကောင်ရေ ၇၀၀၀ ကို ဇီဝိတဒါနအဖြစ် မင်္ဂလာကန်တော်အတွင်းသို့ ကုသိုလ်ပြု လွှတ်ပေးခဲ့ကြသည်။

ထို့နောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို နယ်စပ်ရေးရာဝန်ကြီးဌာန ရောဝတီခန်းမ၌ ဆက်လက်ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများရှိ အသက် ၇၅ နှစ်နှင့်အထက် အဘိုး ၁၉ ဦး၊ အဘွား ၃၂ ဦး စုစုပေါင်း ၅၁ ဦးအနက် တက်ရောက်နိုင်သူ အဘိုး အဘွား ၁၈ ဦးကို ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့ ဦးဆောင်၍ မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ နှစ်သစ်ကူး ကန်တော့ပစ္စည်းများဖြင့် လှူဒါန်း ကန်တော့ကြပြီး ကန်တော့ခံ ဘိုးဘွားများကိုယ်စား အဘွားတစ်ဦးက ဆုတောင်းမေတ္တာစကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်ကောင်စီက ကျင်းပသည့် ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲတက်ရောက်

**နေပြည်တော်  မေ  ၁၇**

နေပြည်တော် ကောင်စီက ကြီးမှူးကျင်းပသည့် ဇီဝိတဒါန ငါးလွှတ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မင်္ဂလာကန်၌ ကျင်းပရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့် ဇနီး၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။




ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သတ်မှတ်ထားသည့် နေရာမှနေ၍ ရွှေဝါငါးကြင်းနှင့် ထိုင်းငါးခုံးမ အကောင်ရေ စုစုပေါင်း ၁၈၀၀၀ ကို ကန်ရေပြင်အတွင်းသို့ ဘေးမဲ့လွှတ်လှူကာ ဇီဝိတဒါန ကုသိုလ်ယူကြသည်။

ယခုကဲ့သို့ ငါးမျိုးစိုက်ထည့်ခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ သတ္တဝါဝေနေယျတို့ ဘေးမဲ့လုံခြုံရာရရှိစေရန်၊ ကုသိုလ်ကောင်းမှု ပွားများစေရန်နှင့် သဘာဝပတ်ဝန်းကျင်ဂေဟစနစ် ထိန်းသိမ်းရာရောက်သည့်အပြင် မင်္ဂလာကန်အတွင်း ငါးသယံဇာတများ ပိုမိုတိုးပွားလာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲသို့ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ နေပြည်တော် ကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဘိုးဘွားများထံ ကန်တော့ခံပစ္စည်းများပေးအပ်၍ ကန်တော့ချီးဖြင့် ကန်တော့ကြရာ ကန်တော့ခံဘိုးဘွားများကိုယ်စား အဘိုးတစ်ဦးက မေတ္တာစကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲ အခမ်းအနားတွင် နေပြည်တော်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၄၀ အား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ လှူဒါန်းပေးအပ်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

# ကြံခင်းမြို့၌ မြို့လုံးကျွတ် စတုဒိသာကျွေးမွေးလှူဒါန်း

**ကြံခင်း  မေ  ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့၌ ယနေ့တွင် မြို့လုံးကျွတ် စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများနှင့် အနယ်နယ်အရပ်ရပ်မှ ရေပက်ခံလာရောက်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ကြံခင်းမြို့၌ နှစ်ဆန်းတစ်ရက်နေ့တွင် ဘုရား၊ စေတီ၊ ဘုန်းတော်ကြီးကျောင်းများနှင့် နေအိမ်များတွင် စတုဒိသာများဖြင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ရေကစားကြသူများကို လှူဒါန်းပေးလျက်ရှိကြသည်။ ဗဟိုမဏ္ဍပ်တွင်လည်း တေးသံရှင်များက ဖျော်ဖြေပေးလျက်ရှိရာ ရေပက်ခံလာရောက်သူများဖြင့် စည်ကားလျက်ရှိပြီး ရပ်ကွက်တိုင်းရှိ ရေကစားမဏ္ဍပ်များတွင် ရေပက်ခံထွက်သူများဖြင့် အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိကြသည်။

ကြံခင်းမြို့၌ သင်္ကြန်အကြိုနေ့မှ နှစ်ဆန်း ၁ ရက်နေ့အထိ နှစ်စဉ်အစဉ်အလာမပျက် ရေကစားသူများ၊ စတုဒိသာအမျိုးမျိုး လှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိပြီး နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ဘုရား၊ စေတီ၊ ဘုန်းတော်ကြီးကျောင်းများတွင် ဘုရားရေသပ္ပာယ်ခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**



# ဥပဒေရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနအဖြစ် ငါးလွှတ်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၇

ဥပဒေရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနအဖြစ် ငါးလွှတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန ရုံးရှေ့တစ်ဖက်ပိတ်လျှိုပိတ်ဆည်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများက ဇီဝိတဒါနအဖြစ် လျှိုပိတ်ဆည်အတွင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀ ကျော်ကို ဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်






# ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲ တက်ရောက်

နေပြည်တော် ဧပြီ ၁၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲကို ရုံးဝင်းအတွင်းရှိ လျှိုပိတ်ဆည်၌ ယနေ့ညနေပိုင်းတွင် ကျင်းပသည်။

ငါးလွှတ်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးသိုက်စိုးနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ငါးလွှတ်ပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများက ငါးသားပေါက်ကောင်ရေ ၆၃၀၀ ကို ဇီဝိတဒါနအဖြစ် လျှိုပိတ်ဆည်ထဲသို့ လွှတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ ရွှေတိဂုံစေတီတော်နှင့် ကျောက်တော်ကြီးဘုရားတို့အား ဖူးမြော်ကြည်ညို၊ ဇီဝိတဒါနငါးနှင့် ငှက်ဘေးမဲ့လွှတ်

ရန်ကုန် ဧပြီ ၁၇



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် ဇနီးတို့သည့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး ဆက်ကပ်လှူဒါန်းကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးနှင့် တာဝန်ရှိသူများသည် ဗဟန်းမြို့နယ် ကန်တော်ကြီး သဘာဝဥယျာဉ်ကန်အတွင်း ရွှေဝါငါးကြင်းကောင်ရေ၃၀၀၀၀၊စာကလေးငှက်ကောင်ရေ ၁၀၀၀ နှင့် ချိုးငှက် ၃၆ ကောင်ကို ဇီဝိတဒါနအဖြစ် ဘေးမဲ့လွှတ်ပေးကြသည်။

ယင်းနောက် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်တော်မူသော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ဆီမီးဆက်ကပ်လှူဒါန်းကြပြီး ဘုရားရင်ပြင်ပေါ်တွင် စာကလေးငှက်အကောင် ၁၀၀ နှင့် ချိုးငှက် ၁၀ ကောင်တို့ကို ဇီဝိတဒါနအဖြစ် ဘေးမဲ့လွှတ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ကျင်းပသည့် သက်ကြီးဘိုဘွားများအား ပူဇော်ကန်တော့ပွဲသို့ တက်ရောက်ပြီး ကန်တော့ခံ သက်ကြီးဘိုးဘွားများအား စုပေါင်းကန်တော့ကြပြီး ဂါရဝပြုအလှူငွေနှင့် ဂါရဝပြုပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် သက်ကြီးဘိုးဘွားများကိုယ်စား အဘိုးတစ်ဦးက ဆုတောင်းမေတ္တာပို့သပြီး နှင်းဆီကုန်းဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# ဟိုပုံးမြို့နယ်၌ သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲ ကျင်းပ

ဟိုပုံး ဧပြီ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက သီရိမင်္ဂလာ ရွှေချမ်းသာမွေတော်ဘုရားကြီး၌ ကျင်းပသည်။

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်သိန်းရွှေနှင့် အဖွဲ့ဝင်များ၊ ဒေသအဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက သက်ကြီးဘိုးဘွားများအား ရှိခိုးကန်တော့ကြပြီး အသက် ၈၀ နှင့်အထက် သက်ကြီးဘိုးဘွား ၈၇ ဦးတို့အား ကန်တော့ငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)





# ပြည်မြို့၌ သက်ကြီးဘိုးဘွားပူဇော်ပွဲနှင့် ကောင်းမှုကုသိုလ်များပြုလုပ်

ပြည် ဧပြီ ၁၇

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားပူဇော်ပွဲတို့ကို ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်းပြုလုပ်သည်။

ဦးစွာ နံနက် ၇ နာရီတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ဧရာဝတီမြစ်အတွင်းသို့ ငါးမြစ်ချင်း၊ ငါးခုံးမနှင့် ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ တစ်သိန်းခွဲကို ဇီဝိတဒါနဘေးမဲ့လွှတ်ပေးသည်။

### စုပေါင်းကုသိုလ်ကောင်းမှုပြုလုပ်

ဆက်လက်၍ သရေခေတ္တရာဘိုးဘွားရိပ်သာရှိ အဘိုးအဘွား ၄၃ ဦးအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့၍ ခေါင်းလျှော်ပေးခြင်းနှင့် ခြေသည်း၊ လက်သည်းသန့်စင်ပေးခြင်းတို့ကို စုပေါင်းကုသိုလ်ကောင်းမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ




**နေပြည်တော် မေ ၁၇**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဇီဝိတဒါနငါးလွှတ်ပွဲကို နှစ်ဆန်း တစ်ရက်နေ့ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၄၆) ရှိ ပြည်တွင်းအခွန်များဦးစီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်နှင့် ဇနီး၊ ဒုတိယ ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဘေးမဲ့လွှတ်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နှစ်သစ်နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး နှစ်သစ်ကူး ကုသိုလ်ကောင်းမှုအဖြစ် ပြည်ထောင်စု ဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ နှင့် ဝန်ထမ်းများက တီလားပီးယား၊ ငါးပြေမနှင့် ငါးမျိုးစုံ ကောင်ရေ ၇၀၀၀ ကျော်ကို ကန်အတွင်းသို့ ဘေးမဲ့လွှတ်ပေးကြသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အနေဖြင့် ဇီဝိတဒါနငါးလွှတ်ပွဲကို သတ္တဝါများ ဘေးအန္တရာယ် ကင်းရှင်းပြီး အသက်ရှည်စွာ နေထိုင်နိုင်ကြစေရန်၊ လူသားများ အနေဖြင့် သတ္တဝါများကို သနား တတ်သည့် ကရုဏာတရားများ ပိုမိုရှင်သန်လာပြီး နှလုံးသားတွင် သူတော်ကောင်း စိတ်ထားများ စွဲမြဲစွာကျန်ရစ်စေရန်၊ "သဒိသံ ပါကံ ဇနေတိ" "မိမိပြုလုပ်သော ကံ၏တူညီသောအကျိုးကို ပေးနိုင် ၏"ဟူသော မြတ်ဗုဒ္ဓ၏ဒေသနာ တော်အတိုင်း သတ္တဝါများ အသက် ဘေးမှ ချမ်းသာရာရကြပြီး အသက်ရှည်စွာ နေနိုင်ကြသကဲ့သို့ လူသားများ အနေဖြင့်လည်း အသက်ရှည် အနာကင်းကြပြီး ကျန်းမာချမ်းသာစွာ နေနိုင်ကြစေ ရန်၊ ရေးဘိုးဘွား အစဉ်အဆက် ပြုလုပ်လာခဲ့ကြသည့် ကောင်းမြတ်သည့် မြန်မာ့ယဉ်ကျေးမှု အစဉ် အလာကောင်းကို မပျောက်ပျက်ရ လေအောင် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ရန် စသည့် ရည်ရွယ် ချက်များဖြင့် ကျင်းပခြင်းဖြစ် ကြောင်း သိရသည်။ **သတင်းစဉ်**



# လူငယ်ရေးရာဝန်ကြီးဌာန၏ ဇီဝိတဒါနအဖြစ် ငါးလွှတ်ခြင်းနှင့် ငှက်လွှတ်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁၇**

လူငယ်ရေးရာဝန်ကြီးဌာန၏ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် မြန်မာ့နှစ်သစ်ကူး အခါသမယ ဇီဝိတဒါနအဖြစ် ငါးလွှတ်ခြင်းနှင့် ငှက်လွှတ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း (Gold Camp)နှင့် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ပရိဝုဏ်အတွင်းရှိ အမှတ်(၁) ရေကန်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မောင်သင်း၊ ဒုတိယဝန်ကြီးဦးစစ်နိုင် နှင့် ဇနီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ ညွှန်ကြား ရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေး မှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများက ဇီဝိတ ဒါနအဖြစ် အမှတ်(၁) ရေကန် အတွင်း ငါးကြင်းရွှေဝါ သားပေါက် ကောင်ရေ ၉၀၀၀ ကို လည်း ကောင်း၊ ငှက်ကောင်ရေ ၆၉ ကောင်ကို လည်းကောင်း ကုသိုလ် ဖြစ် ဘေးမဲ့လွှတ်ပေးကြသည်။

လူငယ်ရေးရာ ဝန်ကြီးဌာန အနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သတ္တဝါများ အသက်ရှင်ဖွံ့ဖြိုးစေရန် ရည်ရွယ် ၍ ဇီဝိတဒါန ငါးလွှတ်ခြင်းအခမ်း အနားများကို နှစ်စဉ်ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ပညာရေးဝန်ကြီးဌာန၏ ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ

**နေပြည်တော် မေ ၁၇**

ပညာရေးဝန်ကြီးဌာနမိသားစုများ၏ ဇီဝိတဒါန ငါးလွှတ်ပွဲကို မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် မြန်မာ နှစ်ဆန်းတစ်ရက်နေ့ ယနေ့ညနေပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) ရှိ လျှိုပိတ်ဆည်၌ ကျင်းပသည်။

**တက်ရောက်**

ငါးလွှတ်ပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ညွှန်ကြား ရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

**ကုသိုလ်ပြုလွှတ်ပေး**

ငါးလွှတ်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင် ကာ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ရွှေဝါငါးကြင်း စုစုပေါင်း ကောင်ရေ ၃၉၅၀ ကို လျှိုပိတ်ဆည်အတွင်းသို့ ဇီဝိတဒါနအဖြစ် ကုသိုလ်ပြုလွှတ်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အားကစားရေးရာဝန်ကြီးဌာန ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ

**နေပြည်တော် မေ ၁၇**




အားကစားရေးရာဝန်ကြီးဌာန ၏ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် မြန်မာ့နှစ်သစ်ကူး အခါသမယ ဇီဝိတဒါနအဖြစ် ငါးလွှတ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ပရိဝုဏ် အတွင်းရှိ အမှတ်(၁)ရေကန်၌ ကျင်းပရာ အားကစားရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ဇီဝိတဒါန အဖြစ် ကန်အတွင်းသို့ ငါးကြင်း ရွှေဝါသားပေါက်ကောင်ရေ၉၀၀၀ ကို ဘေးမဲ့လွှတ်ပေးကြသည်။

အားကစားရေးရာဝန်ကြီးဌာန အနေဖြင့် ငါးမျိုးကောင်းမျိုးသန့် များ ရေရှည်တည်တံ့ ပေါများလာ စေရေးနှင့် ငါးမျိုးစိတ်များစွာ ပိုမို ပေါက်ပွားလာစေရေးတို့အတွက် ရည်ရွယ်၍ နှစ်စဉ် ငါးမျိုး စိုက်ထည့်ခြင်း အခမ်းအနားများ ကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် မေ ၁၇**

ယနေ့ မွန်းလွဲ ၃ နာရီ ၂၃ မိနစ် ၃၅ စက္ကန့်တွင် မြစ်ကြီးနား မြေငလျင် စခန်းမှ အနောက်မြောက်ဘက် ၁၁၇ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(လဟယ်မြို့၏ အရှေ့မြောက်ဘက် ၂၈ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၆ ဒသမ ၄၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၈၆ ဒီဂရီ၊ အနက် ၁၁၅ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၄(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွား ကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

# မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် မေ ၁၇**

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်း ခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ် နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# အနာဂတ်မျက်နှာစာသစ် လှပရန် ပစ္စုပ္ပန်ကဏ္ဍသစ် ဖွင့်သူများ

မျက်နှာစာတစ်ခုမှ မျက်နှာစာအသစ်တစ်ခုသို့ ကူးပြောင်းသည်ဟု ဆိုသည်။ အဟောင်းမှအသစ်သို့ ပြောင်းလဲခြင်း၊ အသစ်မှအသစ်သို့ ပြုပြင်ပုံသွင်းခြင်း... မည်သို့ဆိုဆို မျက်နှာစာအသစ်တစ်ခု ဖွင့်တိုင်းဖွင့်တိုင်း၊ အမည်သစ်တစ်ခု တပ်တိုင်းတပ်တိုင်းမှာ မလွဲမသွေလိုက်ပါရသည်က အတွေးအမြင်သစ်များပါ လိုက်ပါပြောင်းလဲနေရန်ပင်။ သို့မှသာ အပြောင်းအလဲက အဓိပ္ပာယ်ရှိမည်။ ပြောင်းလဲလိုသောအရာရာသည် စစ်မှန်သော အသစ်အသစ်များဖြစ်လာပေမည်၊ တိုးတက်လာမည်၊ ဖွံ့ဖြိုးလာမည်..ဟူ၍။ သို့ဆိုလျှင် မျက်နှာစာအသစ်ဖြစ်ရန် မည်သည့်အချက်တွေမှာ မည်သို့လိုက်ပါပြောင်းလဲရမလဲ.....။

မိုးကေနိုင်

## အတွေးအမြင်သစ် စိတ်သစ်လူသစ်ဖြင့်

အရေးကြီးသည်က အတွေးများ၊ အမြင်များ အသစ်ဖြစ်နေရန်ပါ။ သစ်လွင်သော အတွေးအမြင်များဖြင့်သာ စိတ်သစ်လူသစ်ဖြစ်မည်။ အတွေး၊ အမြင်သစ်များဖြင့် ဖန်တီးနိုင်မှသာ လုပ်နည်းလုပ်ဟန်အသစ်များ ဖြစ်နိုင်သည်။ လုပ်နည်းအသစ်များကသာလျှင် အခင်းအကျင်းအသစ်များကို တည်ဆောက်နိုင်မည်။ သစ်လွင်သောစိတ်ဖြင့်သာ ဖြူစင်သောစိတ်၊ ရိုးသားသောစိတ်၊ ဖြောင့်မတ်သောစိတ်များ ဖြစ်နိုင်မည်ဟုဆိုသည်။ အတွေးတူ၍ အလုပ်လည်းတူလာကြမည်။ ထိုစိတ်ထားများဖြင့် အလုပ်လုပ်၍ အများအတွက်၊ နိုင်ငံအတွက်၊ အနာဂတ်မျိုးဆက်များအတွက် အမြင်ကျယ်ကျယ်ဖြင့် ရှုမြင်စဉ်းစားနိုင်မှသာ စေတနာပါ၊ ပညာပါသောအလုပ်များ ဖြစ်လာသည်။ ထိုစိတ်များကို စေ့ဆော်နိုင်ရန်မှာ မှန်ကန်သောအတွေးအမြင်က ရှေးဦးရှိနေရမည်။

❛ အရေးကြီးသည်က အတွေးများ၊ အမြင်များ အသစ်ဖြစ်နေရန်ပါ။ သစ်လွင်သော အတွေးအမြင်များဖြင့်သာ စိတ်သစ်လူသစ်ဖြစ်မည်။ အတွေး၊ အမြင်သစ်များဖြင့် ဖန်တီးနိုင်မှသာ လုပ်နည်းလုပ်ဟန်အသစ်များ ဖြစ်နိုင်သည်။ လုပ်နည်းအသစ်များကသာလျှင် အခင်းအကျင်းအသစ်များကို တည်ဆောက်နိုင်မည်။ သစ်လွင်သောစိတ်ဖြင့်သာ ဖြူစင်သောစိတ်၊ ရိုးသားသောစိတ်၊ ဖြောင့်မတ်သောစိတ်များ ဖြစ်နိုင်မည်ဟုဆိုသည်။ အတွေးတူ၍ အလုပ်လည်းတူလာကြမည်။ ထိုစိတ်ထားများဖြင့် အလုပ်လုပ်၍ အများအတွက်၊ နိုင်ငံအတွက်၊ အနာဂတ်မျိုးဆက်များအတွက် အမြင်ကျယ်ကျယ်ဖြင့် ရှုမြင်စဉ်းစားနိုင်မှသာ စေတနာပါ၊ ပညာပါသောအလုပ်များဖြစ်လာသည်။ ထိုစိတ်များကို စေ့ဆော်နိုင်ရန်မှာ မှန်ကန်သော အတွေးအမြင်က ရှေးဦးရှိနေရမည် ❜

အတွေးမှန်၊ အမြင်မှန်ကန်ခြင်းဟူသည် အမှန်ကို အမှန်အတိုင်းမြင်၍ အမှားနှင့်အမှန်ကို ခွဲခြားသိခြင်း၊ အမှားလုပ်လျှင် ပျက်စီးမည်၊ အမှန်အတိုင်းလုပ်လျှင် တိုးတက်မည်၊ မှန်သည်ဆိုသော်လည်း အခြေအနေအချိန်အခါကြည့်၍ ဘယ်အချိန်မှာ ဘာလုပ်သင့်သလဲဟု ခွဲခြားသိမြင်၍ ဆုံးဖြတ်နိုင်သည်ဟူသော အမြော်အမြင်ရှိခြင်းကို ဆိုလိုသည်။ တစ်နည်း ယုံကြည်ချက် မှန်နေခြင်းဖြစ်သည်။ ထိုယုံကြည်ချက်ဖြင့် အမှားမလုပ်၊ အမှန်ကိုသာလုပ်မည်ဟု ခံယူခြင်းဖြင့် ခံယူချက်မှန်နေသမျှ အတွေးသစ်၊ အမြင်သစ်များသည် အစဉ်လန်းဆန်းသစ်လွင်နေမည်ဟုဆိုသည်။ ထိုသို့ယုံကြည်ချက်မျိုး၊ ခံယူချက်မျိုးရှိနေပြီဆိုလျှင် ရိုးဖြောင့်သောစိတ်၊ ဖြူစင်သောစိတ်များ ပိုင်ဆိုင်ရန်မှာ အလှမ်းမဝေးတော့ပါ။ ထိုထို စိတ်နေစိတ်ထားများ အားနည်းနေသရွေ့ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုသက်သက်ဖြင့် အနှစ်မပါ၊ ရေရှည်မခံသော ပြယုဂ်အဖြစ်သာ ဟန်ပြဖြစ်နေပါမည်။ အနာဂတ်အတွက် ရေရှည်ဖွံ့ဖြိုးမှုသို့ ဦးတည်သော စိတ်ဓာတ်နှင့် ပညာကြွယ်သော ဆောင်ရွက်ချက်များကသာ အမှန်တိုးတက်မှုကိုရရှိပြီး နိုင်ငံအတွက် အရေးတကြီးလိုအပ်နေသော နိုင်ငံအရေးနှင့် အမျိုးသားအကျိုးစီးပွားများသည် အမှန်တကယ် ဖြစ်ထွန်းလာမည်ဖြစ်ပါသည်။

## ထက်သန်စိတ်အား တက်ကြွစွာဖြင့်

မတ်လ ၁၃ ရက်နေ့နှင့် ၁၄ ရက်နေ့၊ မျက်နှာစာသစ်ဖိုရမ်တစ်ခု၌ ချပြခဲ့သော အစဉ်မှန်ကန်မြဲသည့် ပရမတ္ထသဘောတရားများနှင့်အတူ ကိုယ်တိုင်ပါဝင်ပြီး စာမျက်နှာအသစ်တစ်ခုဖွင့်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များက ထိုသဘောတရားများကို မယိမ်းယိုင်သော ယုံကြည်ချက်များအဖြစ် အခိုင်အမာခံယူထားပြီး ဖြစ်ပါမည်။ ထိုယုံကြည်ချက်များဖြင့်သာ အပြန်အလှန်ယုံကြည်မှု (Trust) ကို ဦးစွာတည်ဆောက်နိုင်မည်ဟု လက်ခံထားကြသည်။ ထိုမှတစ်ဆင့် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှု (Peace) ကို ဖော်ဆောင်ကြမည်။ သို့မှသာ ဖွံ့ဖြိုးမှု (Development) ဆီသို့ ရှေးရှုနိုင်မည်ဟူသော ခံယူချက်သည် ကိုယ်စားလှယ်များအားလုံး၏ Mission ဖြစ်ပါသည်။ တစ်ဆက်တည်းမှာ ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူကို ကိုယ်စားပြုသူများပီပီ ပြည်သူ့အတွက် နိုင်ငံ့တာဝန်ကိုကျေပွန်အောင် ထမ်းရွက်ကြမည်ဟု သန္နိဋ္ဌာန်ချထားပြီးလည်းဖြစ်သည်။ သန္နိဋ္ဌာန်နှင့်အတူ နိုင်ငံအတွက် အရေးကြီးဆုံးသောပြဿနာရပ်များ (Key issues) များကို ဦးစားပေးအလိုက်ဖော်ထုတ်၍ ဆွေးနွေးအဖြေရှာရန် အသင့်ဖြစ်နေကြပါပြီ။

❛ မတ်လ ၁၃ ရက်နေ့နှင့် ၁၄ ရက်နေ့၊ မျက်နှာစာသစ်ဖိုရမ်တစ်ခု၌ချပြခဲ့သော အစဉ်မှန်ကန်မြဲသည့် ပရမတ္ထသဘောတရားများနှင့်အတူ ကိုယ်တိုင်ပါဝင်ပြီး စာမျက်နှာအသစ်တစ်ခု ဖွင့်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များက ထိုသဘောတရားများကို မယိမ်းယိုင်သော ယုံကြည်ချက်များအဖြစ် အခိုင်အမာခံယူထားပြီးဖြစ်ပါမည်။ ထိုယုံကြည်ချက်များဖြင့်သာ အပြန်အလှန်ယုံကြည်မှု (Trust) ကို ဦးစွာတည်ဆောက်နိုင်မည်ဟု လက်ခံထားကြသည်။ ထိုမှတစ်ဆင့် နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းမှု (Peace) ကို ဖော်ဆောင်ကြမည်။ သို့မှသာ ဖွံ့ဖြိုးမှု (Development) ဆီသို့ ရှေးရှုနိုင်မည်ဟူသောခံယူချက်သည် ကိုယ်စားလှယ်များအားလုံး၏ Mission ဖြစ်ပါသည်။ တစ်ဆက်တည်းမှာ ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူကိုကိုယ်စားပြုသူများပီပီ ပြည်သူ့အတွက် နိုင်ငံ့တာဝန်ကို ကျေပွန်အောင်ထမ်းရွက်ကြမည်ဟု သန္နိဋ္ဌာန်ချထားပြီးလည်းဖြစ်သည်။ သန္နိဋ္ဌာန်နှင့်အတူ နိုင်ငံအတွက် အရေးကြီးဆုံးသောပြဿနာရပ်များ (Key issues) များကို ဦးစားပေးအလိုက်ဖော်ထုတ်၍ ဆွေးနွေးအဖြေရှာရန် အသင့်ဖြစ်နေကြပါပြီ ❜

လေ့လာမိသမျှ ကိုယ်စားလှယ်အများစုကြီးက လွှတ်တော်အစည်းအဝေးခန်းထဲတွင် မေးခွန်းများမေးရန်၊ အဆိုများတင်ရန်၊ ဥပဒေများပြုကြရန် ခေါင်းစဉ်များ၊ အချက်အလက်ပေါင်းများစွာကို စုစည်းထားရှိပြီး Proactive ဖြစ်နေပြီဟု ယုံကြည်ပါသည်။ အတွေ့အကြုံများစွာကြွယ်ဝသည့် ကိုယ်စားလှယ်ကြီးများ ဦးဆောင်၍ နိုင်ငံအတွက် အရေးကြီးကိစ္စရပ်များအပေါ် မေးမြန်း၊ တင်သွင်း၊ ဆွေးနွေးဆုံးဖြတ်နိုင်ရေး စိတ်အားထက်သန်နေကြပါပြီ။ ပြည်သူ့အသံကို နားထောင်ပြီး ကြိုတင်ပြင်ဆင်မှု အားကောင်းကောင်းဖြင့် ပြည်သူ့မျှော်လင့်ချက်ကို ဖော်ဆောင်မည့်သဘောများ တွေ့နေရသည်။

အမှန်လည်း နိုင်ငံတွင် ဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးကိစ္စရပ်များများစွာရှိနေသည်။ ရင်ဆိုင်ရမည့် ပြဿနာရပ်များစွာရှိနေသည်။ ခက်ခက်ခဲခဲဖြေရှင်းရမည့် ကိစ္စရပ်တိုင်းမှာ စိန်ခေါ်မှုအများအပြားက ကြိုလင့်နေသည်။ သို့သော် ကိုယ်စားလှယ်များကား မည်သည့်နိုင်ငံ့အရေးများတွင် မည်သို့ ပါဝင်ထမ်းရွက်ကြရမလဲ ကြိုတင်သိမြင်နေပြီးဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးမှာ ငါတို့ ဘယ်လိုအခန်းကဏ္ဍမှ ပါဝင်ကြမလဲ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ပို့ကုန်/သွင်းကုန်ကဏ္ဍကို ဘယ်လိုတိုးတက်အောင် လုပ်ကြမလဲ စသည်၊ စသည် စဉ်းစားဆောင်ရွက်ရမည့် ကိစ္စရပ်များစွာအတွက် အဖြေများ၊ နည်းလမ်းများရှိထားပြီး ဖြစ်ပုံရသည်။

## အမျိုးသားနိုင်ငံရေးနှင့် အမျိုးသားအကျိုးစီးပွား ဖော်ဆောင်ရာ

တင်ပြခဲ့သည့်အတိုင်း ဆောင်ရွက်ရမည်များက များစွာပင်။ အကောင်းအဆိုးများ ရောပွမ်းနေသည့် နာတာရှည်ရောဂါကို ကုစားဖို့ရန် စိတ်အားများ ထက်သန်နေပါပြီ။ ပြောင်းဖို့လုပ်တိုင်း ကွဲတာတွေ၊ ပြင်ဖို့လုပ်တိုင်း ပျက်တာတွေ သင်ခန်းစာများလည်း အထိုက်အလျောက် ရှိခဲ့၊ ရခဲ့ကြပါပြီ။ ထို့အတွက် ဘယ်လိုချဉ်းကပ်အဖြေရှာကြမလဲ၊ လုပ်နည်းလုပ်ဟန် မှန်မှန်ကန်ကန်ဖြင့် အဆုံးအဖြတ်များ မှန်ကန်ရန်က အလွန်အရေးကြီးသည်။ သမိုင်းကြောင်းကို အခြေခံ၊ အစွန်းတရားနှစ်ပါးမှ လွတ်အောင်ရှောင်၊ ပကတိအရှိတရားကို အခြေခံ၍ ပိုင်းခြားစိတ်ဖြာ သုံးသပ်အဖြေရှာရန် အကောင်းဆုံးသော အတွေ့အကြုံများလည်းရှိနေပါပြီ။ အမျိုးသားနိုင်ငံရေးမှာ ခံယူချက်တို့ အားနည်းခဲ့ကြပြီး အတ္တနှင့်ယှဉ်သည့် ကိုယ်ကျိုးစီးပွား ရှေ့တန်းတင်လွန်းသူများကြောင့် လက်နက်ကိုင်ပဋိပက္ခများ၊ မညီညွတ်မှုများ သက်ဆိုးရှည်နေခြင်းဖြစ်သည်ကို သိရှိကြပြီးဖြစ်သည်။

အကြောင်းရင်းကိုသိလျှင် မြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ခံယူကျင့်သုံးကြပုံများကို လွှတ်တော်အတွင်းအပြင် လှုပ်ရှားမှုများမှတစ်ဆင့် ပြည်သူကိုယ်စားပြု ပြည်သူ့ကိုယ်စားလှယ်ကြီးများက စံပြနမူနာပြ ဦးဆောင်ပြသသွားနိုင်ကြမည်ဟု ယုံကြည်ပါသည်။ ကိုယ်စားလှယ်များ မေးမည့်မေးခွန်း၊ တင်သွင်းမည့်အဆို၊ ဆွေးနွေးမည့်ဥပဒေများတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် အချုပ်အခြာကို မထိခိုက်အောင် မည်သို့ဆွေးနွေးညှိနှိုင်းကြမလဲ၊ ယုံကြည်မှုကို ဘယ်လိုတည်ဆောက်မလဲ၊ ပြဿနာကို ဘယ်လိုဆုံးဖြတ်အဖြေရှာမလဲ။ လွှတ်တော်နိုင်ငံရေးယဉ်ကျေးမှုအသစ်တစ်ခုကို ငြိမ်းချမ်းစွာဖြင့် မည်သို့ပျိုးထောင်မည်၊ ပြည်သူ့မျှော်လင့်ချက်နှင့်အိပ်မက်ကို မည်သို့ဖော်ဆောင်သွားမည်....၊ ဤသည်ပင် ထာဝရငြိမ်းချမ်းရေးအတွက် လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် စွမ်းရည်ပြည့်မဏ္ဍိုင်များ (Strong Institutions) နှင့် စစ်မှန်သောပြယုဂ်ကောင်းများဖြစ်နေပါပြီ။ စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီကျင့်စဉ်တစ်ခုကိုဖော်ထုတ်၍ ဖက်ဒရယ်ကိုဦးတည်သည့် ပြည်သူတို့၏ နိုင်ငံရေးရေချိန်ကိုမြှင့်တင်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များက Role model များအဖြစ် ရပ်တည်နေကြပါပြီ။

စာမျက်နှာ ၉ သို့ ❐

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

စစ်တွေ ဧပြီ ၁၇

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့်ဇနီး၊ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဇနီးများသည် သင်္ကြန်အတက်နေ့ နံနက်ပိုင်းက စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ကာ ဆရာတော်ကြီးများအား ဆွမ်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့သည် စစ်တွေမြို့ ဝိမလဓမ္မနာဒ (ခတ်လယ်) ကျောင်းတိုက် ဓမ္မရိပ်သာသို့ သွားရောက်ကြပြီး ဆရာတော်ကြီးအား ဖူးမြော်၍ ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆပ်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့သည် လမ်းမတော်ကျောင်းတိုက်သို့ သွားရောက်ပြီး ဆရာတော်ကြီးအား ဖူးမြော်၍ ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့သည် ဦးရဲကျော်သူ ကျောင်းတိုက်၊ ဓမ္မရိပ်သာကျောင်းတိုက်နှင့် စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆရာတော်ကြီးများအား ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ သင်္ကြန်အကျနေ့မှ သင်္ကြန်အတက်နေ့အထိ နေ့စဉ် ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။



တင်ထွန်း(ပြန်/ဆက်)

## ကချင်ပြည်နယ်ဝန်ကြီးချုပ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ သက်ကြီးပူဇော်ကန်တော့ပွဲ၊ ဇီဝိတဒါန ငါးလွှတ်ပွဲ၊ သွေးလှူဒါန်းပွဲ တက်ရောက်

မြစ်ကြီးနား ဧပြီ ၁၇

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက်နေ့တွင် မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ မြစ်ကြီးနားမြို့၌ သက်ကြီးပူဇော်ကန်တော့ပွဲ၊ ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သွေးလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာနေရာများ၌ ကျင်းပသည်။

### ကြည့်ရှုအားပေး



ဦးစွာ သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲကို မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အသက် ၈၀ နှစ်နှင့်အထက် အဘိုး၊ အဘွား ၁၀၀ အား မြန်မာ့ဓလေ့ထုံးစံနှင့်အညီ မြို့တော်ခန်းမဝင်းအတွင်း ကုသိုလ်ပြု ခြေသည်း၊ လက်သည်းညှပ်ပေးခြင်းတို့ကို လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးကြီးကြပ်မှုစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့တို့က ဆောင်ရွက်ပြီး နံနက်စာဖြင့်ဧည့်ခံကျွေးမွေးရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြို့တော်ခန်းမအတွင်း၌ သက်ကြီးပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးနှင့်တက်ရောက်လာကြသူများက အဘိုး/ အဘွားများအား ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ပြီး ပြည်နယ်အစိုးရအဖွဲ့က အဘိုး/ အဘွားများအတွက် လှူဖွယ်ပစ္စည်းများနှင့် တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းစီ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးကြီးကြပ်မှုစောင့်ရှောက်ရေးအသင်းနှင့် အလှူရှင်များက အဘိုး/အဘွားများအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းကြရာ အဘိုး/ အဘွားများကိုယ်စား အဘိုးတစ်ဦးက ကျေးဇူးတင်စကားနှင့် နှစ်သစ်ဆုတောင်းမေတ္တာပို့သပေးသည်။

ယင်းနောက် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်အတွင်း ဧရာဝတီရှုခင်းသာ အပန်းဖြေစခန်းနေရာ၌ ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ဇီဝိတဒါနငါးလွှတ်ပွဲကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများနှင့် တာဝန်ရှိသူများက ငါးခုံးမ ငါးသားပေါက်ကောင်ရေ နှစ်သိန်းနှင့် ရွှေဝါငါးကြင်းငါးသားပေါက်ကောင်ရေ တစ်သိန်း စုစုပေါင်းငါးသားပေါက်ကောင်ရေ သုံးသိန်းကို ဧရာဝတီမြစ်အတွင်း ဇီဝိတဒါနအဖြစ် ဆုတောင်းမေတ္တာပို့သ၍ လွှတ်ပေးကြသည်။

ပြည်နယ်(ပြန်/ဆက်)

❐ စာမျက်နှာ ၈ မှ

### နိုင်ငံရေးယဉ်ကျေးမှုတစ်ခု ဘယ်လိုတည်ဆောက်ကြမလဲ

နိုင်ငံတစ်ခုဖြစ်စေ၊ လူ့အဖွဲ့အစည်းတစ်ခုဖြစ်စေ အလှည့်အပြောင်း အချိုးအကွေ့တိုင်းတွင် အလွန်သတိထားရသည်။ အထူးသဖြင့် ပြည်တွင်းနိုင်ငံရေး အလှည့်အပြောင်းနှင့် ကမ္ဘာ့ပထဝီနိုင်ငံရေး အပြောင်းအလဲများ တိုက်ဆိုင်နေချိန် ပို၍အရေးကြီးပါသည်။ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဟူသည် ခေါင်းနှင့်ပန်းလို ဆက်စပ်နေသည့်အတွက် ယခုလို တိုးတက်စပြုလာသော ပြည်တွင်းနိုင်ငံရေးအခြေအနေနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေသည့် ပြည်ပအခြေအနေမျိုး၌ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးနှစ်ခုလုံးကို တစ်ပြိုင်တည်း အကောင်အထည်ဖော်နိုင်ရန် အရေးကြီးသည်ဟု ယူဆပါသည်။

အတွေ့အကြုံရင့်ကျက်ပြီး ဗဟုသုတနှင့် ပညာဉာဏ်ကြီးသူများဖြစ်၍ ဆောင်ရွက်နိုင်စွမ်းရှိမှာ သေချာပါသည်။ မိမိတို့အတွေ့အကြုံနှင့် ပညာကိုအခြေခံပြီး ဆောင်ရွက်ဆဲလုပ်ငန်းတိုင်းကို ထိရောက်အောင်မြင်မှုရှိအောင် တွန်းအားပေးနိုင်မည်ဟု ပြည်သူကယုံကြည်၍ မဲပေးရွေးချယ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတကာဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုအားကောင်းလာအောင် နိုင်ငံတကာလွှတ်တော်များနှင့် ချိတ်ဆက်တွေ့ဆုံခြင်းဖြင့် ကူညီမှုများပေးနိုင်ပါသည်။

ယခု လွှတ်တော်ထဲရောက် ကိုယ်စားလှယ်အားလုံး၌ ဒွိတာဝန် အရေးသုံးပါးဟူသည့် အမျိုးသားနိုင်ငံရေး တူညီသောဘုံဝါဒ (Common platform) ပေါ်တွင် အတူရပ်တည်နေကြပြီဖြစ်သည်။ ယုံကြည်ချက်တို့ တူညီမှု၍ ခိုင်ခိုင်မာမာဖြစ်လာလျှင် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ယုံကြည်မှုများ အပြန်အလှန်ထားရှိရန် အလှမ်းမဝေးတော့ပါ။ ယုံကြည်မှုရှိလာလျှင် တစ်ဦးနှင့်တစ်ဦး ပွင့်ပွင့်လင်းလင်း ဖွင့်ဟတိုင်ပင်ရန်၊ ခံစားချက်များ၊ အကြံဉာဏ်များမျှဝေရန်၊ အတူလက်တွဲလုပ်ကြရန်လည်း ဝန်မလေးတော့။ ဖြူစင်သောစိတ်ထားက လာသည့် အများအတွက်လုပ်မည်ဆိုသော စိတ်ထားများ၊ နိုင်ငံအတွက်ဆိုသော စိတ်ဓာတ်ကောင်းများလည်း တိုးပွားလာမည်ဖြစ်သည်။

အများအတွက်၊ နိုင်ငံအတွက် လုပ်ကြမည်ဆိုလျှင် နားလည်မှု၊ သည်းခံစိတ်ရှည်မှုတို့ကို အပြန်အလှန်ပေးလာနိုင်ကြသည်သာ။ ထိုမှတစ်ဆင့် အပြန်အလှန်လေးစားမှုများ အားကောင်းလာပါမည်။ မဏ္ဍိုင်တစ်ခုတည်းတွင် မတူသည်များ၊ တူသည်များ အပေးအယူ မျှမျှတတဖြင့် ယုံကြည်မှုတစ်ခု တည်ဆောက်နိုင်သည့် အလေ့အကျင့်ကောင်းသည် အခြားသောမဏ္ဍိုင်များနှင့်ပါ ယုံကြည်မှုကို ကောင်းစွာ ရယူသွားနိုင်ပါသည်။ လွှတ်တော်၊ အစိုးရ၊ တပ်မတော်၊ ပြည်သူ၊ အဖွဲ့အစည်းအားလုံးက အမျိုးသားနိုင်ငံရေး ဘုံတူညီမှုလမ်းကြောင်းပေါ်တွင် အတူတကွလျှောက်လှမ်း၊ အပြန်အလှန် ကူညီကြမည်။ အဖျက်သဘောမဆန်၊ အပြုသဘောဖြင့် အပြန်အလှန် ထိန်းညှိကြမည့် ဒီမိုကရေစီယဉ်ကျေးမှုတစ်ခု တည်ဆောက်ကြမည်။ ထိုအလေ့အကျင့်နှင့် ယဉ်ကျေးမှုက အားလုံးအတွက် စံပြဖြစ်ရမည်၊ နမူနာကောင်းဖြစ်ရမည်၊ ထိုနမူနာကောင်းများသည် အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် အထောက်အကူဖြစ်ရမည်၊ ထိုညီညွတ်မှုဖြင့် သွေးထိုးလှုံ့ဆော်မှု၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲများကို ဆန့်ကျင်နိုင်ရမည်ဟူ၍ လွှတ်တော်ကိုယ်စားလှယ်အားလုံးတွင် ခံယူထားပြီး ဖြစ်ကြပါသည်။

အချုပ်အားဖြင့် ထိုဖိုရမ်မှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင် ဖွင့်ဟခဲ့သည့် ကတိစကားများကို နားထောင်၍ မျက်နှာစာသစ်တစ်ခု၏အဖွင့်သည် လှပခဲ့သည်ဟု ဆိုနိုင်ပါပြီ။ ရောင်နီသစ်ဟုတင်စားရာ အရာရာကို အသစ်ဖြစ်လိုသည့် ကိုယ်စားလှယ်များက ပြည်သူနှင့်အစိုးရကြား ပေါင်းကူးတံတားဖြစ်ရန် တာဝန်ယူ တာဝန်ခံမှုအပြည့်ဖြင့် လုပ်ကိုင်ကြရန် အဆင်သင့်ဖြစ်နေကြပါပြီ။ ဖိုရမ်တွင်ပေးခဲ့သည့် သူတို့၏အကြံပြုချက်များကို ပညာရှင်များ၏ မျှဝေမှုများနှင့်ပေါင်းစပ်ပြီး လွှတ်တော်အတွင်း / အပြင်မှာ လက်တွေ့အသုံးချရာတွင် ထိထိရောက်ရောက်ဖြစ်ဖို့ဆိုလျှင် မဏ္ဍိုင်အားလုံး၏ ပူးပေါင်းပါဝင်မှု၊ သစ္စာစောင့်သိမှုနှင့် မျှဝေကူညီမှုများ အားကောင်းနေရန်သာ လိုပါတော့သည်။

ထို့ကြောင့် ပြန်ကြည့်လျှင် Stakeholders အားလုံးတွင် စိတ်ကောင်း စေတနာကောင်းများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လိုစိတ်က အလွန်အရေးကြီးပြီး အခြေခံမှာ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား အပြန်အလှန်ယုံကြည်မှုက အဓိကဖြစ်ပါသည်။ ထိုယုံကြည်မှုကသာလျှင် နိုင်ငံအတွက် အင်အားကို ဖြစ်စေပါမည်၊ စိတ်ချလုံခြုံမှုကိုပေးစွမ်းပြီး တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်နိုင်ပါမည်၊ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်၍ ဖွံ့ဖြိုးမှုဆီရှေးရှုနိုင်ပါမည်။ ဤ Mission ဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်အိပ်မက် Vision ကို မလွဲဧကန်ရရှိနိုင်မည်ဖြစ်သည်ဟု ခံယူထားပါသည်။ ။

## ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ၁၃၈၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနဘေးမဲ့ငါးလွှတ်ပွဲနှင့် မြန်မာနှစ်သစ်ကူးသက်ကြီးပူဇော်ပွဲ တက်ရောက်

**ပုသိမ် ဧပြီ ၁၇**

၁၃၈၈ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန (အဘယဒါန)ဘေးမဲ့ငါးလွှတ်ပွဲကို ယနေ့ နံနက်ပိုင်းက ပုသိမ်မြို့ ကန်သုံးဆင့်ရေပြင်တွင် ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများတက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကန်သုံးဆင့်ရေပြင်အတွင်းသို့ ငါးမြစ်ချင်းကောင်ရေတစ်သိန်းနှင့် ရွှေဝါငါးကြင်းကောင်ရေ တစ်သိန်းတို့ကို တစ်ပြိုင်တည်း ဘေးမဲ့လွှတ်ကာ ကုသိုလ်ပြုခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီးတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၁၃၈၈ ခုနှစ် မြန်မာနှစ်သစ်ကူး သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆုတောင်းဂုဏ်ပြုစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ပူဇော်ကန်တော့ခံ အဘိုး၊အဘွားများကို ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြပြီး ကန်တော့ခံ အဘိုး၊ အဘွားတစ်ဦးချင်းစီအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီး များနှင့်ဇနီးများက ကန်တော့ငွေနှင့် ကန်တော့ပစ္စည်း များ လှူဒါန်းပေးအပ်သည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက် လာသော အဘိုး၊ အဘွားများကိုယ်စား အဘွားတစ်ဦး က ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိများသည် အဘိုး၊ အဘွားများ ကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကုသိုလ်ဖြစ် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုနှင့် အမျိုးသမီး ရေးရာအဖွဲ့၊မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ် ရေးအဖွဲ့များက ခြေသည်းလက်သည်း ညှပ်ပေးခြင်း များကို ကြည့်ရှုအားပေးသည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး ကျင်းပသော ၁၃၈၈ ခုနှစ် မြန်မာနှစ်သစ်ကူးသက်ကြီး ပူဇော်ပွဲ အခမ်းအနားတွင် တိုင်းဒေသကြီးအတွင်းရှိ သက်ကြီးဘိုးဘွား ၉၉၀ အား ကန်တော့ငွေနှင့်ကန်တော့ ပစ္စည်းသိန်း ၄၉၀ ကျော် လှူဒါန်းနိုင်ခဲ့ကြောင်း သိရ သည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ညောင်ရွှေမြို့၌ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပ

**ညောင်ရွှေ ဧပြီ ၁၇**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့် ဇနီးတို့သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇီဝိတဒါနအဖြစ် ညောင်ရွှေမြို့ နဒီကန် သဘာဝ ရေပြင်အတွင်း ငါးဖိန်းကောင်ရေ ၁၀၀၀၀၊ ငါးမြစ်ချင်း ကောင်ရေ ၂၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၂၄၀၀၀ စုစုပေါင်းငါးကောင်ရေ ၅၄၀၀၀ တို့ကို ဘေးမဲ့ လွှတ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့ သည် အဖွဲ့ဝင်များနှင့်အတူ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် သက်ကြီးပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကန်တော့ခံ ဘိုး၊ ဘွားများအား စုပေါင်းကန်တော့ ကြပြီး ပူဇော်ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများ ပေးအပ်လှူဒါန်းကာ ကျန်းမာရေးဝန်ထမ်းများက ဘိုး၊ဘွားများအား ကျန်းမာရေးစောင့်ရှောက်ပေး နေမှုကို ကြည့်ရှုအားပေးသည်။

သက်ကြီးပူဇော်ပွဲအခမ်းအနားသို့ ၈၅ နှစ်နှင့် အထက် ၅၂၄ ဦးစာရင်းရှိရာ အဘိုး ၂၅ ဦး၊ အဘွား ၃၆ ဦး စုစုပေါင်း ၆၁ ဦး တက်ရောက်ကန်တော့ခံခဲ့ ကြောင်းနှင့် ကျန်ရှိသည့် အဘိုး၊ အဘွားများအား နေထိုင်ရာအိမ်များသို့ သွားရောက်ကန်တော့သွား မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# မုံရွာမြို့ မြို့ရာပြည့်ကပ်ကျော်စေတီတော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်၊ ကန်သာယာကန်အတွင်း ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲများ ကျင်းပ

**မုံရွာ ဧပြီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အရှေ့ဘက်ကန်သာယာကန်ရှိ မြို့ရာပြည့် ကပ်ကျော်စေတီတော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်ကြီး၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးနှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ ဥပဒေချုပ်နှင့် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ ပင့်သံဃာတော်များက မြို့ရာပြည့် ကပ်ကျော်စေတီတော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်ကြသည်။

ထို့နောက် မုံရွာမြို့ မဟာလယ်တီကျောင်းတိုက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော် ဘဒ္ဒန္တကေသဝ ဆရာတော်ကြီး ထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများထံ ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ကျောက်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပင့်သံဃာတော်များက ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်၊ ကမ္မဝါစာ တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ မုံရွာမြို့ မဟာဇောတိကာရာမ ကျောင်းတိုက် တိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာတိက္ခ ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ အရှေ့ဘက် ကန်သာယာကန်အတွင်း မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲသို့ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ ဥပဒေချုပ်နှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများက အရှေ့ဘက် ကန်သာယာ ကန်အတွင်း ငါးမြစ်ချင်း၊ ငါးခုံးမကြီး ငါးသားပေါက် ကောင်ရေ ၁၃၀၀၀၀ ကို တပျော်တပါး ဇီဝိတဒါနအဖြစ် လွှတ်ပေးခဲ့ကြသည်။

ယင်းနောက် မုံရွာမြို့ ချင်းတွင်းခန်းမအတွင်း ကျင်းပသည့် တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲသို့ တက်ရောက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲ အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သက်ကြီး ဘိုးဘွားများအားတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက ပူဇော်ကန်တော့ခံ အဘိုး အဘွားများအား အာမိသပူဇာ ပစ္စည်းများဖြင့် ပူဇော်ကန်တော့ ကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် သက်ကြီး အဘိုးအဘွားများ ကိုယ်စား အဘိုးတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဇီဝိတဒါန(အဘယဒါန)ဘေးမဲ့ငါးလွှတ်ပွဲ တက်ရောက်



**မကွေး မေ ၁၇**

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန(အဘယဒါန) ဘေးမဲ့ငါးလွှတ်ပွဲကို ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး မကွေးမြို့ ကမ်းနားလမ်းရှိ We Love Magway ကျောက်သားပန်းခြံအနီး ဧရာဝတီမြစ်ကမ်းနံဘေး၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် ဇနီး၊ နယ်မြေခံတပ်နယ်မှတာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ တိုင်း/ ခရိုင် / မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဇီဝိတဒါန ဘေးမဲ့ငါးလွှတ်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ နယ်မြေခံတပ်နယ်မှတာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပြည်သူများက ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၁၀၀၀၀၊ ရွှေဝါငါးသားပေါက်ကောင်ရေ ၂၀၀၀၀၊ ငါးခုံးမငါးသားပေါက်ကောင်ရေ ၂၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ ကို ဇီဝိတဒါန (အဘယဒါန) ဧရာဝတီမြစ်အတွင်း လွှတ်ပေးခဲ့ကြကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် မြန်မာနှစ်ဆန်းတစ်ရက် သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ တက်ရောက်




**ထားဝယ် မေ ၁၇**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၇၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်တွင် အသက်(၉၀)နှင့်အထက် သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက အဘိုးအဘွားများအား ပူဇော်ကန်တော့ရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များက အဘိုးအဘွား ၃၅ ဦးအား ပူဇော်ကန်တော့ကြသည်။

ထို့နောက် အဘိုးအဘွားများကိုယ်စား အဘိုးတစ်ဦးက ဝမ်းမြောက်စကားပြောကြားပြီး ဆုတောင်းမေတ္တာပို့သ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များက အဘိုးအဘွားများအား အလှူငွေများနှင့် ကန်တော့ပစ္စည်းများ ပေးအပ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိတ်ဆက်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် အဘိုးအဘွားများအား ထားဝယ်ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်များအဖွဲ့က ကျန်းမာရေး ဆေးစစ်ကုသပေးသည်။

လှူဒါန်းမှုအနေဖြင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်မိသားစုများက ကန်တော့ပစ္စည်းများနှင့် ဆေးဝါးများကိုလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထားဝယ်မြို့နယ်အတွင်းရှိ အသက် (၉၀)နှင့်အထက် အဘိုးအဘွား ၂၈၂ ဦးအား တစ်ဦးလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၄၁ သိန်းကိုလည်းကောင်း၊ ကန်တော့ခံအဘိုးအဘွား ၃၅ ဦးအတွက် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနက လှူဒါန်းငွေကျပ် ၅၂၀၀၀၀ ကိုလည်းကောင်း လှူဒါန်းကြပြီး ပူဇော်ပွဲအခမ်းအနားသို့ မတက်ရောက်နိုင်သော အဘိုးအဘွားများအား တာဝန်ရှိသူများက အိမ်တိုင်ရာရောက် အလှူငွေများနှင့် ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်မည်ဖြစ်သည်။

ဆက်လက်၍ ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို ထားဝယ်မြို့ တလိုင်းမရပ် ကမ်းနားလမ်း ထားဝယ်ရိုးရာ သပိတ်မျှောကွင်း ထားဝယ်မြစ်ကမ်း၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကကတစ်ငါးနှင့် ဒေသထွက်ငါးများ စုစုပေါင်း အကောင်ရေ ၃၀၀၀ ကို ထားဝယ်မြစ်အတွင်းသို့ ကုသိုလ်ပြု ဇီဝိတဒါနလွှတ်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မိုးကောင်းဘုရားကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ခြင်း၊ ရေသပ္ပာယ်ခြင်းနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ




**လွိုင်ကော် မေ ၁၇**

ကယားပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ မိုးကောင်းမဟာမုနိရုပ်ပွားတော်မြတ် ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းနှင့် ရေသပ္ပာယ်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ရှိ မိုးကောင်းဘုရားကြီးကျောင်းတိုက် မိုးကောင်းမဟာမုနိဂန္ဓကုဋီတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တပညာစက္က အရှင်သူမြတ်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးများ ရွတ်ပွားပူဇော်သည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ အနုမောဒနာတရားနာကြားကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက မိုးကောင်း မဟာမုနိရုပ်ပွားတော်မြတ်နှင့် မိုးကောင်းကျောင်းတိုက်အတွင်းရှိ ဂြိုဟ်ပြေနံပြေရုပ်ပွားတော်တို့ကို ရေသပ္ပာယ်ပူဇော်ကြသည်။

ဆက်လက်၍ နောင်ယားကန်၌ ကျင်းပသည့် ဇီဝိတဒါနငါးလွှတ်ပွဲသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့ ဦးဆောင်ကာ ဘေးမဲ့ငါးကောင်ရေ နှစ်သိန်းကို ဇီဝိတဒါနအဖြစ် ကုသိုလ်ပြုလွှတ်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## သာသနာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ



**နေပြည်တော် မေ ၁၇**

သာသနာရေး ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဇီဝိတဒါနငါးလွှတ်ပွဲကို ယနေ့မြန်မာနှစ်ဆန်းတစ်ရက်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ပေါင်းလောင်းမြစ်၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းအောင်၊ အမြဲတမ်းအတွင်းဝန်ဦးမြင့်ဦး၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ဦးစွာ ဒုတိယဝန်ကြီး ဦးလင်းအောင်က ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးလင်းအောင် အမှူးပြုသော တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များက "လုံးစုံများစွာ" အစချီသော မေတ္တာပို့စာသားများကို သံပြိုင်ရွတ်ဆိုကြပြီး ရွှေဝါငါးကြင်းငါးသားပေါက် ၁၅၀၀၀ကို ပေါင်းလောင်းမြစ်အတွင်းသို့လွှတ်၍ ဇီဝိတဒါန ကုသိုလ် ပြုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့က "ဤသို့ပြုရ မြတ်ပုညကို" အစချီသော အမျှဝေဂါထာကို သံပြိုင်ရွတ်ဆို၍ အမျှအတန်းပေးဝေခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နှစ်ဆန်းတစ်ရက်နေ့၌ နေပြည်တော်ကောင်စီနယ်မြေအတွင်း ကောင်းမှုကုသိုလ် ပြုလုပ်သူများဖြင့် စည်ကား



နေပြည်တော် ဧပြီ ၁၇

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် ကုန်ဆုံး၍ ၁၃၇၈ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းသည့် နေ့ထူးနေ့မြတ် အချိန်အခါသမယဖြစ်သည့်အတွက် နှစ်ဟောင်းမှ အညစ်အကြေးများကို သင်္ကြန်ကာလ အတွင်း အတာရေဖြင့် ဆေးကြောသန့်စင်ပြီး စိတ်၏ အညစ်အကြေးများကို ကုသိုလ်ဒါနပြုခြင်းဖြင့် ဆေးကြောသန့်စင်၍ နှစ်သစ်ကို မင်္ဂလာရှိစွာ အစပြုကြသည်။

ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ကျောင်းကန်များ၌ ဥပုသ်သီလဆောက်တည်ခြင်း၊ သက်ကြီးဘိုးဘွားများအား တစ်ကိုယ်ရေသန့်ရှင်းမှုများ ပြုလုပ်ပေးခြင်း၊ ကန်တော့ခြင်း၊ ဇီဝိတဒါန ဘေးမဲ့လွှတ်ခြင်း၊ အန္တရာယ်ကင်းပရိတ်တရားတော်နာယူခြင်း၊ ဝတ်ရွတ်အသင်းအဖွဲ့များက ပဋ္ဌာန်းဒေသနာတော်နှင့် ဓမ္မစကြာတရားများ ရွတ်ဖတ်ပူဇော်ခြင်းနှင့် စတုဒိသာကျွေးမွေးလှူဒါန်းခြင်း စသည့်ကုသိုလ်ကောင်းမှုတို့ဖြင့် နှစ်သစ်ကို အစပြုကြသည်။

နေပြည်တော်ကောင်စီနယ်မြေတွင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ဓာတုဇယဓာတ်ပေါင်းစုစေတီတော်၊ မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီး၊ လေ့ခွင်းတောင်တန်ခိုးကြီးဘုရား၊ ဘုရားကိုးဆူစေတီ၊ လောကမာရဇိန်စေတီ၊ ရန်အောင်မြင်ရွှေလက်လှဘုရား၊ သတ္တသတ္တာဟ သံဝေဇနိယလေးဌာန၊ ဖောင်တော်ချက်မစေတီ စသည့်ဘုရားစေတီများတွင် ဥပုသ်သီလဆောက်တည်ခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ ဘုရားရေသပ္ပာယ်ခြင်း၊ ပန်း၊ ဆီမီး ကပ်လှူပူဇော်ခြင်းနှင့် ဘုရားပရိဝုဏ်အတွင်း သန့်ရှင်းရေးပြုလုပ်၍ကုသိုလ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်။ ထို့ပြင် ဇီဝိတဒါနအဖြစ် ငါးနှင့် ငှက်များကို အစာကျွေးခြင်း၊ ဘေးမဲ့လွှတ်ခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းကို ထိန်းသိမ်းစောင့်ရှောက်၍ နှစ်သစ်ကုသိုလ်အလှူများကို အစဉ်အလာမပျက် ပြုလုပ်လျက်ရှိသည်။

ထို့အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးဌာနများ၊ ရပ်ကွက်များ၊ ဝန်ထမ်းအိမ်ရာများ၊ ဓမ္မာရုံများ၌လည်း သံဃာတော်များပင့်ဖိတ်၍ ပရိတ်တရားတော်နှင့် အနန္တရာယိက ကမ္မဝါစာများ နာကြားကြကာ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခြင်းများ ဆောင်ရွက်ကြပြီး နှစ်သစ်ကို ကုသိုလ်ကောင်းမှုများဖြင့် စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်များဖြင့် စတင်ကြသည်။

သတင်း- အေးအေးသန့်

ဓာတ်ပုံ - အောင်မင်းထွန်း



## ကြို့ပင်ကောက်မြို့၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ကောင်းမှုကုသိုလ်များပြုလုပ်

ကြို့ပင်ကောက် ဧပြီ ၁၇

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သော ဌာနဆိုင်ရာတာဝန်ရှိသူများက မြန်မာနှစ်ဆန်းတစ်ရက် ယနေ့တွင် နှစ်ဦးကောင်းမှုကုသိုလ်များ စုပေါင်းပြုလုပ်ကြသည်။

ဦးစွာ မြကန်သာလမ်းထိပ် လေယာဉ်ပျံကန်တွင် ငါးခုံးမကောင်ရေ ၅၀၀၀၊ ရွှေဝါငါးကြင်းကောင်ရေ ၃၀၀၀နှင့် ငါးမြစ်ချင်းကောင်ရေ ၁၀၀၀ တို့အား ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပ၍ ရွှေကြို့မြေဘိုးဘွားရိပ်သာရှိ အဘိုး ခုနစ်ဦးနှင့် အဖွား ၁၇ ဦးတို့အား ဆန် ၂၅ အိတ်နှင့် အားဆေးများ လှူဒါန်းကာ မြို့လယ်ဓမ္မာရုံဘုန်းတော်ကြီးကျောင်း၌ နေ့လယ်စာ စတုဒိသာ နှစ်ဦးအလှူတော်အဖြစ်ပြုလုပ်ကြောင်း သိရသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

## ပခုက္ကူမြို့၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ကောင်းမှုကုသိုလ်များပြုလုပ်

ပခုက္ကူ ဧပြီ ၁၇

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ဦးဆောင်မှုဖြင့် ၁၃၇၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် ယနေ့တွင် နှစ်ဦးကောင်းမှုကုသိုလ်အဖြစ် ဇီဝိတဒါန ဘေးမဲ့ငါးလွှတ်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် အန္တရာယ်ကင်းပရိတ်တရားတော်နာယူကြည်ညိုပွဲများ ကျင်းပသည်။

ဦးစွာ ပခုက္ကူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် ခရိုင်/ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ပခုက္ကူမြို့ ရွှေမုဋ္ဌောဘုရားကြီးအနီးဆိပ်ကမ်းမှ ဧရာဝတီမြစ်အတွင်းသို့ ထိုင်းငါးပြေမ သားပေါက်ကောင်ရေ ၂၀၀၀ အား ဇီဝိတဒါန ဘေးမဲ့ငါးလွှတ်ကြသည်။

ထို့နောက် ပခုက္ကူမြို့ ဒေါ်ဦးဇွန်းဘိုးဘွားရိပ်သာရှိ သက်ကြီးဘိုးဘွားများအား သွားရောက်ပူဇော်ကန်တော့၍ ကန်တော့ပစ္စည်းများနှင့် ကန်တော့ငွေများ လှူဒါန်းပေးအပ်ကြကြောင်း သိရသည်။



ဘာမီသာ(ပခုက္ကူ)

## အုတ်တွင်းမြို့နယ်၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ကောင်းမှုပြုလုပ်သူများဖြင့် စည်ကားလျက်ရှိ



အုတ်တွင်း ဧပြီ ၁၇

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်တွင် ၁၃၇၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် နှစ်ဦးအခါသမယနေ့တွင် ပြည်သူများက ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီလဆောက်တည်ကြသူများနှင့် ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် စည်ကားလျက်ရှိသည်။

အုတ်တွင်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာများအလိုက် ဘုန်းတော်ကြီးကျောင်းအသီးသီးတို့တွင် ဥပုသ်သီလဆောက်တည်ကြပြီး ဥပုသ်သည်နှင့် ဘုရား၊ ကျောင်းကန် တက်ရောက်ကြသူများအား အလှူရှင်များက အာဟာရဒါနများဖြင့် ကုသိုလ်ကောင်းမှု ပြုလုပ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

## ကျုံပျော်မြို့၌ သက်ကြီးပူဇော်ပွဲပြုလုပ်



ကျုံပျော် ဧပြီ ၁၇

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွား ပူဇော်ပွဲကို ၁၃၇၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့က ပြုလုပ်သည်။

ဇီဝိတဒါန ငါးလွှတ်ပွဲကို ဒါးကချောင်းရေပြင်၌ ပြုလုပ်ရာ ကျုံပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၃၀၀၀၀ အား ဒါးကချောင်းအတွင်းသို့ လွှတ်ပေးကြသည်။

ယင်းနောက် သက်ကြီးဘိုးဘွား ပူဇော်ပွဲကို ဈေးမင်းခန်းမ၌ ပြုလုပ်ရာ မြို့ပေါ်လေးရပ်ကွက်ရှိ ဘိုးဘွား ၄၂ ဦးအား ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာများက အလှူငွေနှင့် အာဟာရပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မိုးနဲမြို့နယ်၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့ သက်ကြီးပူဇော်ပွဲကျင်းပ

မိုးနဲ ဧပြီ ၁၇

၁၃၇၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ရှေးရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် သက်ကြီးပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် ကမ္ဘောဇခန်းမ၌ ကျင်းပသည်။

သက်ကြီးပူဇော်ပွဲတွင် အသက် (၈၅)နှစ်နှင့်အထက် အဘိုးအဘွားများအား ရှိခိုးကန်တော့ခြင်း၊ ဂါရဝပြုလက်ဆောင်များ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)



# ၁၃၈၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့အခါသမယတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရား၊ စေတီများ၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားများပြား

ရန်ကုန် ဧပြီ ၁၇

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် နှစ်ဟောင်းကုန်လွန်၍ ၁၃၈၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ အခါသမယတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံ စေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရား၊ စေတီများ၌ ကုသိုလ်ကောင်းမှု ပြုသူများ ဖြင့် စည်ကားများပြားလျက်ရှိ သည်။



ရွှေတိဂုံစေတီတော် ဘဏ္ဍာ တော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ရွှေတိဂုံ စေတီတော် နှစ်သစ်မင်္ဂလာ အခါတော်နေ့ အန္တရာယ်ကင်း ပရိတ်တရားတော် နာယူခြင်းနှင့် ရေစက်ချပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စေတီတော်ရင်ပြင် သတ်မှတ်နေရာများ၌ ကျင်းပ သည်။

**အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်း**

ဦးစွာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပက အဖွဲ့ဝင်များနှင့် ဘာသာရေး ဝတ်အသင်းအဖွဲ့ဝင်များ၊ ဂေါပက ရုံးဝန်ထမ်းများက ဧည့်ခံ တန်ဆောင်း၌ ရွှေတိဂုံစေတီတော် မြတ်ကြီးအား ဆွမ်းတော်ကြီးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီး များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီး များနှင့် ပင့်သံဃာတော်များအား စေတီတော်ရှိ ရောင်တော်ဖွင့် တန်ဆောင်း၌ ဂေါပကအဖွဲ့ဝင် များက အရုဏ်ဆွမ်းဆက်ကပ် လှူဒါန်းသည်။

ယင်းနောက် ရွှေတိဂုံ စေတီတော် နှစ်သစ်မင်္ဂလာ အခါတော်နေ့ အန္တရာယ်ကင်း ပရိတ်တရားတော် နာယူခြင်းနှင့် ရေစက်ချပွဲ အခမ်းအနားကို စေတီတော်ရင်ပြင် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း ၌ ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်း ဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ အဂ္ဂသာမိထံမှ ဂေါပက အဖွဲ့ဝင်များနှင့် ဘာသာရေး ဝတ်အသင်းအဖွဲ့များက နဝင်္ဂ သီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ရွှေတိဂုံ စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဦးဘိုသင်းက အဖွင့် မင်္ဂလာစကား ပြောကြားထားပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများ ထံမှ နှစ်သစ်မင်္ဂလာအန္တရာယ် ကင်းပရိတ်တရားတော်များ နာယူ ကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရွှေပြည်သာ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ နာဂိတ ထံမှ လှူဒါန်းမှုအစုစု တို့အတွက် အနုမောဒနာတရား နာယူကာ ရေစက်သွန်းချအမျှပေး ဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဇီဝိတဒါန ဘေးမဲ့ သက်လွှတ်ပွဲ အခမ်းအနားကို ရွှေတိဂုံစေတီတော် မြောက်ဘက် အောက်ပစ္စယာ သိင်္ဂုတ္တရဥယျာဉ် တော်အတွင်းရှိ ရှင်ဥပဂုတ္တမင်္ဂလာ ကန်တော်တွင်ကျင်းပရာ ဘဏ္ဍာ တော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စ အသင်းအဖွဲ့များ၊ ဝန်ထမ်းများ တက်ရောက်ကြပြီး ကန်တော်အတွင်းသို့ ရောင်စုံရွှေဝါ ငါးမြစ်ချင်းကောင်ရေ ၁၀၀၀ ဘေးမဲ့သက်လွှတ်၍ နှစ်သစ် အခါသမယ ဇီဝိတဒါနကုသိုလ်ပြု ဆောင်ရွက်ကြသည်။

ထို့ပြင် မဟာဝိဇယစေတီတော် မြတ်ကြီး၏ ဂန္ဓကုဋိတိုက်အတွင်း ရှိ အပွရာဇိတပလ္လင်ပေါ်၌ သီတင်း သုံး စံပယ်လျက်ရှိသည့် နာဂ စိဝရာ ပဋ္ဌပဋ္ဌိမာ မြတ်စွာဘုရား ဆင်းတုတော်မြတ်ကို ရောင်ခြည် တစ်ထောင် အလင်းဆောင်သည့် ဘာဏုရာဇာ နေမင်းကြီးသည် မိမိအလင်းရောင်ဖြင့် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်၊ ၁၃၈၈ ခုနှစ် မြန်မာနှစ်ဆန်း တစ်ရက်နေ့ နံနက် ၈ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ ညနေ ၃ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ် နှစ်ကြိမ် တိုင်တိုင်ပူဇော်မှုကို ဘုရားဖူးလာ ပြည်သူများ လာရောက်ဖူးမြော် ကြည်ညိုနေသည်မှာ စည်ကား လျက်ရှိသည်။

ဆက်လက်၍ ရန်ကုန်တိုင်း ဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေတွင် တည်ထား ကိုးကွယ်လျက်ရှိသော ဆဋ္ဌ သင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေး စေတီတော်မြတ်ကြီး၌ ၁၃၈၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်မင်္ဂလာ အခမ်းအနားနှင့် သီလပေးတရားပွဲတို့ ကျင်းပပြီး စေတီတော်ရင်ပြင် တစ်လျှောက်၌ အလှူရှင်များက ဘုရားဖူးလာ ပြည်သူများအား စတုဒိသာများ ကျွေးမွေးလှူဒါန်းကြသည်။

အလားတူ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်၊ ဆူးလေစေတီတော်၊ ဝရဒါဠာခါတုစေတိယ စွယ်တော် မြတ်စေတီတော် (ရန်ကုန်)၊ မင်းဓမ္မကုန်းရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွား တော်မြတ်ကြီး၊ ရွှေဘုန်းပွင့် စေတီတော်၊ သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင် စေတီတော်နှင့် ဆုတောင်းပြည့် မယ်လမုစေတီ တော်၊ ကိုးထပ်ကြီးဘုရား၊ ငါးထပ် ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား တို့၌ မြန်မာနှစ်ဆန်းတစ်ရက်တွင် နှစ်သစ်မင်္ဂလာ အခမ်းအနား များကို ယနေ့နံနက်ပိုင်းတွင် ကျင်းပကြပြီး ဘုရားဖူးလာပြည်သူ များဖြင့် စည်ကားလျက်ရှိကာ အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်းကြသည်။

**လှူဒါန်း**

ယနေ့ မြန်မာနှစ်ဆန်းတစ်ရက် နေ့တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ တိုင်းဒေသကြီး ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်များတွင် လမ်း အလိုက် သံဃာတော်များ ပင့်ဖိတ် ၍ နှစ်သစ်မင်္ဂလာအန္တရာယ်ကင်း ပရိတ်တရားများ ရွတ်ဖတ်ပူဇော် ခြင်းများပြုလုပ်ပြီး မြန်မာ နှစ်ဆန်းတစ်ရက်နေ့ ဖြစ်သည့် အားလျော်စွာ ဘုရား၊ ကျောင်း၊ ကန်များ၌ ဥပုသ်သီတင်း ဆောက်တည်ခြင်း၊ ကုသိုလ်ဒါန ဘေးမဲ့လွှတ်ခြင်း၊ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ် ပူဇော်ကြခြင်း၊ သက်ကြီးအဘိုး အဘွားများအား ပူဇော်ကန်တော့ ခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်း ခြင်း၊ ဆွမ်းဆန်စိမ်း လောင်းလှူ ခြင်း အစရှိသည့် ကုသိုလ်ကောင်းမှု အလှူဒါနများ လှူဒါန်းလျက်ရှိကြ ကြောင်း သိရသည်။

**သတင်းဓာတ်ပုံ-ကိုကိုဇော်**

# မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် မန္တလေးမြို့၌ ကုသိုလ်ကောင်းမှုပြုလုပ်ကြ၍ နှစ်သစ်အခါသမယကို ကြိုဆို

မန္တလေး ဧပြီ ၁၇

ယနေ့သည် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းရောက်ရှိလာသော မြန်မာ နှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်ကူးအခါသမယဖြစ်ရာ မန္တလေးမြို့ပေါ်ရှိ ဘုရား၊ စေတီ၊ ပုထိုးများတွင် ဘုရားဖူးလာပြည်သူများ၊ မြို့နယ်၊ ရပ်ကွက်များ၌ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းကြ သူများ၊ သီတင်းသီလ ဆောက်တည်ကြသူများနှင့် ဇီဝိတဒါန ဘေးမဲ့လွှတ်ကြသူများဖြင့် စည်ကားလျက် ရှိသည်။



ယနေ့နံနက် အရုဏ်တက်မှစ၍ မဟာမုနိ ရုပ်ပွားတော်မြတ်အား မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး မန္တလေးဒေသခံပြည်သူ များနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူ များက ရွှေသင်္ကန်းကပ်လှူခြင်း၊ ပန်း၊ ဆီမီးပူဇော်ခြင်း၊ ရေသပ္ပာယ်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးပရိဝုဏ် အတွင်းရှိ ငါးကန်တွင် ဇီဝိတဒါန ငါးလွှတ်ခြင်း၊ အစာကျွေးခြင်း စသည့်ကောင်းမှုအစုစု တို့ကို ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာမပျက် ထိန်းသိမ်းစောင့်ရှောက်လျက် ကုသိုလ်ကောင်းမှု ပြုကြသည်။

ထို့ပြင် အောင်တော်မူမြတ်စွာဘုရား၊ ရွှေကျီးမြင် ဘုရား၊ ဘုရားနီဘုရား၊ စွယ်တော်မြတ်စေတီ၊ မန္တလေးတောင်၊ ကုသိုလ်တော်၊ စန္ဒာမုနိဘုရား၊ ကျောက်တော်ကြီးဘုရား၊ ကျောက်စိမ်းစေတီတော် စသည့် ဘုရားစေတီတို့တွင်လည်း ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားလျက်ရှိရာ စေတနာရှင် အလှူရှင်များကလည်း စတုဒိသာအကျွေးအမွေးများ ဖြင့် ဧည့်ခံခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ များနှင့် လူမှုရေးအသင်းအဖွဲ့များကလည်း သက်ကြီး ဘိုးဘွားများအား ကန်တော့ခြင်း၊ ဂါရဝပြုအလှူ ပစ္စည်းများ ပေးအပ်ခြင်း၊ အာဟာရဒါနကျွေးမွေး လှူဒါန်းခြင်း၊ တိရစ္ဆာန်များအား ဘေးမဲ့လွှတ်ခြင်း၊ ဇီဝိတဒါန ငါးလွှတ်ခြင်း စသည့်ကုသိုလ်ဒါနများ ကိုလည်း ပြုလုပ်ခဲ့ကြသည်။

ညနေပိုင်းတွင် မန္တလေးမြို့အတွင်းရှိ ရပ်ကွက် များ၊ လမ်းများ၊ ဓမ္မာရုံများ၌ ဆရာတော်၊ သံဃာတော် များ ပင့်ဖိတ်၍ အန္တရာယ်ကင်းပရိတ်တရားတော်များ၊ ကမ္မဝါစာများ နာကြားကြကာ နှစ်သစ်တွင် မကောင်းမှုကင်းစင်၍ ကောင်းမှုမင်္ဂလာများ တိုးပွား စေရန် ကုသိုလ်ပွားများကြသည်။

သို့ဖြစ်၍ မြန်မာနှစ်ဆန်းတစ်ရက်နေ့ အခါသမယတွင် နှစ်ဟောင်းမှ မကောင်းမှုအညစ် အကြေးများ ကင်းစင်လွင့်ပျောက်၍ နှစ်သစ်တွင် ကောင်းကျိုးမင်္ဂလာများ တိုးပွားစေရန် ရည်ရွယ်ကာ မန္တလေးမြို့တော်တစ်ခွင်လုံး၌ ကုသိုလ်ကောင်းမှု ပြုကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရ သည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းများမှ အကျဉ်းကျခံနေရသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု



**နေပြည်တော် မေ ၁၇**

အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတို့တွင် အကျဉ်းကျခံနေရသော နိုင်ငံသား အကျဉ်းသား အကျဉ်းသူ ၄၃၃၅ ဦး နှင့် နိုင်ငံခြားသား အကျဉ်းသား အကျဉ်းသူ ၁၇၉ ဦး စုစုပေါင်း ၄၅၁၄ ဦးတို့ကို ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ အကျဉ်းကျခံနေကြသော အကျဉ်းသား အကျဉ်းသူ ၄၃၃၅ ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်းနှင့် နိုင်ငံခြားသား အကျဉ်းသား အကျဉ်းသူ ၁၇၉ ဦးတို့အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)အရ ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ် ပေးလိုက်ကြောင်း သိရသည်။

အကျဉ်းသားများအား လွှတ်ပေးရာတွင် အကျဉ်းထောင်ရုံးစိုက်ရာမြို့ရှိ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ အကျဉ်းထောင်တာဝန်ခံအရာရှိ၊ သက်ဆိုင်ရာဒေသရှိ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သတင်းရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးတို့ ပါဝင်သောအဖွဲ့ဖြင့် ဆုံးမသြဝါဒစကား ပြောကြား၍ ထောင်လွတ်လက်မှတ် ပေးအပ်ခဲ့ကြောင်း သိရသည်။

လွတ်မြောက်ခွင့်ရသည့် အကျဉ်းသား အကျဉ်းသူများအား ခရီးစရိတ်နှင့် စားစရိတ်တို့ကို ဦးစီးရန်ပုံငွေမှ လည်းကောင်း၊ စခန်းများမှ လွတ်မြောက်သည့် အကျဉ်းသား အကျဉ်းသူများကို အလုပ်ဆင်းရက်အပေါ်မူတည်ပြီး သတ်မှတ်နှုန်းထားဖြင့် တွက်ချက်ထားသော လုပ်အားခဆုငွေများကို အကျဉ်းသားများလုပ်အားဖြင့် ကုန်ထုတ်လုပ်ရေးအဖွဲ့ ရန်ပုံငွေမှ လည်းကောင်း ပြည့်ဝစွာထုတ်ပေးခဲ့ကြောင်း သိရသည်။

လွတ်မြောက်ခွင့်ရသူ ၄၅၁၄ ဦး အနက် ကချင်ပြည်နယ်မှ ၁၁၁ ဦး၊ ကယားပြည်နယ်မှ ရှစ်ဦး၊ ကရင်ပြည်နယ်မှ ၁၆၁ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၂၇ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၅၁ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၄၁၇ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၂၉၁ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၆၄၂ ဦး၊ မွန်ပြည်နယ်မှ ၁၃၃ ဦး၊ ရခိုင်ပြည်နယ်မှ ၁၀၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၀၅၈ ဦး၊ ရှမ်းပြည်နယ်မှ ၃၉၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၃၆၃ ဦး၊ ကုန်ထုတ်စခန်းများမှ ၆၀၈ ဦးနှင့် လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ သင်တန်းကျောင်းများမှ လူငယ် ၄၄ ဦးတို့ဖြစ်ကြောင်း သိရသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရသူများနှင့် အကျဉ်းထောင်ရှေ့သို့ လာရောက်ကြိုဆိုသော ၎င်းတို့၏ မိသားစုဝင်များမှာ ပျော်ရွှင်ကြည်နူးစွာ ပွေ့ဖက်နှုတ်ဆက်ကြပြီး ခရီးဝေးသွားရောက်ကြမည့် ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ရသူများအား ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်များသို့ မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များက လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထို့အတူ ပြစ်ဒဏ်ကျခံနေရသော နိုင်ငံခြားသား အကျဉ်းသား အကျဉ်းသူ ၁၇၉ ဦးတို့အား နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို ရှေးရှု၍လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းကန့်သတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ် ပေးလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**



# ပုသိမ်အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၇၃ ဦး လွတ်ငြိမ်းခွင့်ရရှိ

**ပုသိမ် မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်အကျဉ်းထောင်အတွင်းရှိ အကျဉ်းသား အကျဉ်းသူ ၇၃ ဦးအား ယနေ့နံနက်ပိုင်းက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုသည်။

ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမင်းဦးက အကျဉ်းသား အကျဉ်းသူများအား ဆုံးမသြဝါဒစကား ပြောကြားသည်။

ထို့နောက် ပုသိမ်အကျဉ်းထောင် တာဝန်ခံအရာရှိ၊ ပုသိမ်မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ပုသိမ်ခရိုင်မီးသတ်ဦးစီးမှူးတို့က ထောင်လွတ်လက်မှတ်နှင့် ခရီးစရိတ်၊ စားစရိတ်များ ပေးအပ်သည်။

ပုသိမ်အကျဉ်းထောင်မှ အကျဉ်းသား ၅၄ ဦး၊ အကျဉ်းသူ ၁၉ ဦး စုစုပေါင်း ၇၃ ဦး လွတ်ငြိမ်းခွင့်ရခဲ့ပြီး ၎င်းတို့၏မိသားစုဝင်များက လာရောက်ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဟင်္သာတအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၅၈ ဦးအား လွတ်ငြိမ်းခွင့်ပြု



**ဟင်္သာတ မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ရှိ အကျဉ်းထောင်တွင် ယနေ့နံနက်ပိုင်းက ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား ၄၄ ဦး၊ အကျည်းသူ ၁၀ ဦး စုစုပေါင်း ၅၈ ဦးတို့အား ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

**ပြောကြား**

ဟင်္သာတခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့် တာဝန်ရှိသူများက အကျဉ်သား အကျဉ်းသူများအား ဆုံးမသြဝါဒစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# မြောင်းမြအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၈၆ ဦးအား လွတ်ငြိမ်းခွင့်ပြု

**မြောင်းမြ မေ ၁၇**

နှစ်ဆန်းတစ်ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ရှိ အကျဉ်းထောင်မှ အကျဉ်းသား ၆၂ ဦးနှင့် အကျဉ်းသူ ၂၄ ဦး စုစုပေါင်း ၈၆ ဦးတို့အား ယနေ့နံနက်ပိုင်းက လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ လွတ်ငြိမ်းခွင့်ရသူများအား ယနေ့နံနက်ပိုင်းတွင် အကျဉ်းဦးစီးဌာနရှိ မြရောခန်းမတွင် ဒုခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်(၁) ဗိုလ်မှူးအုန်းသိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်လွင်၊ သတင်းတပ်ဖွဲ့မှ ဒုရဲမှူးစိုးနိုင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးအရာရှိ ဦးကျော်ဇင်ထွန်းနှင့် တာဝန်ခံအရာရှိတို့က ဆုံးမသြဝါဒစကားများပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မအူပင်အကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံသူ ၄၄ ဦးအား လွတ်ငြိမ်းခွင့်ပြု

**မအူပင် မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်အကျဉ်းထောင်တွင် ယနေ့နံနက် ၁၀ နာရီက ပြစ်ဒဏ်ကျခံသူ ၄၄ ဦးအား စည်းကမ်းသတ်မှတ်ချက်ဖြင့် လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

မအူပင်အကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရရှိသော အကျဉ်းသား ၃၇ ဦး၊ အကျဉ်းသူ ခုနစ်ဦး စုစုပေါင်း ၄၄ ဦးအား မအူပင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် တာဝန်ရှိသူများက ဆုံးမသြဝါဒစကားများ ပြောကြားသည်။ ယင်းနောက် အကျဉ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးကျော်သူက ခရီးစရိတ်နှင့် စားစရိတ်များပေးအပ်ခဲ့ပြီး လွတ်ငြိမ်းခွင့်ပြုခဲ့ရာ မိသားစုဝင်များက လာရောက်ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**





# မုံရွာအကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံနေရသူ ၁၃ ဦးအပါအဝင် တိုင်းဒေသကြီးအတွင်းမှ ၁၂၇ ဦးအား လွတ်ငြိမ်းခွင့်ပြု

မုံရွာ မေ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေရသူ ၁၃ ဦး အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၁၂၇ ဦးအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၄၀၁၊ ပုဒ်မခွဲ (၁)အရ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ ယနေ့နံနက်ပိုင်းက လွတ်ငြိမ်းခွင့်ပြုပေးခဲ့သည်။

မုံရွာအကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရရှိသော အကျဉ်းသား ၁၂ ဦး၊ အကျဉ်းသူတစ်ဦး စုစုပေါင်း ၁၃ ဦးအား စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်း၊ မုံရွာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်အောင်၊ မုံရွာအကျဉ်းထောင်တာဝန်ခံအရာရှိနှင့် တာဝန်ရှိသူများက ဆုံးမဩဝါဒစကားများ ပြောကြားကြသည်။

ထို့နောက် အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများက ခရီးစရိတ်နှင့် စားစရိတ်များကို စနစ်တကျပေးအပ်ခဲ့ကြပြီး လွတ်ငြိမ်းခွင့်ပေးခဲ့ရာ လွတ်မြောက်လာကြသူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများက မုံရွာမြို့ ရုံးကြီးရပ်ကွက်ရှိ အကျဉ်းထောင်ရှေ့၌ ဝမ်းမြောက်၊ ဝမ်းသာစွာဖြင့် လာရောက်ကြိုဆိုခဲ့ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာမြို့ အကျဉ်းထောင်မှ ၁၃ ဦး၊ ကလေးမြို့ အကျဉ်းထောင်မှ ၃၉ ဦး၊ ကသာမြို့ အကျဉ်းထောင်မှ ကိုးဦး၊ ရွှေဘိုမြို့ အကျဉ်းထောင်မှ ၂၆ ဦးနှင့် ခန္တီးမြို့ အကျဉ်းထောင်မှ ၄၀ စုစုပေါင်း အကျဉ်းသား/ အကျဉ်းသူ ၁၂၇ ဦး လွတ်မြောက်ခွင့်ရရှိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အကျဉ်းဦးစီးဌာနမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ညောင်ဦးအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် အကျဉ်းသား အကျဉ်းသူ ၁၁ ဦးလွှတ်ပေး

ညောင်ဦး မေ ၁၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် အကျဉ်းသား အကျဉ်းသူ ၁၁ ဦးကို ယနေ့နံနက်ပိုင်းတွင် လွှတ်ပေးခဲ့သည်။

ထိုသို့လွှတ်ပေးရာတွင် ညောင်ဦးခရိုင် ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီး အေးမင်းစိုးက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်သည့် အကျဉ်းသား/အကျဉ်းသူများအား ဆုံးမဩဝါဒပြောကြားပြီး ထောင်လွှတ်လက်မှတ်များ ပေးအပ်သည်။ ထို့နောက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား ခုနစ်ဦး၊ အကျဉ်းသူလေးဦး စုစုပေါင်း ၁၁ ဦးတို့အား လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

# ဘားအံအကျဉ်းထောင်၊ အကျဉ်းစခန်းများမှ အကျဉ်းသား အကျဉ်းသူ ၁၇၂ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

ဘားအံ မေ ၁၇

မြန်မာ့နှစ်ဆန်းတစ်ရက်နေ့တွင် နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ဘားအံအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၁၇၂ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သည်။

ဘားအံ အကျဉ်းထောင်မှ နိုင်ငံသား အကျဉ်းသား ၅၃ ဦး၊ အကျဉ်းသူ ၁၂ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား အကျဉ်းသား ၅၁ ဦး၊ အကျဉ်းသူ ၂၇ ဦး၊ လက္ခဏာစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းမှ ၁၈ ဦး၊ မာလာဖူးကုန်ထုတ်စခန်းမှ ၁၁ ဦး စုစုပေါင်း ၁၇၂ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့ကြသည်။



ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးရာတွင် သက်ဆိုင်ရာ အကျဉ်းထောင်၊ အကျဉ်းစခန်းအလိုက် တာဝန်ရှိသူများက ဆုံးမဩဝါဒစကားများပြောကြားပြီး ထောင်လွှတ်လက်မှတ်၊ ခရီးစရိတ်၊ စားစရိတ်နှင့် လုပ်အားရှင် အကျိုးခံစားခွင့်များ ထုတ်ပေး၍ လိုအပ်သည့် ကူညီမှုများ ဆောင်ရွက်ပေးကာ နံနက်ပိုင်းတွင် အကျဉ်းထောင်၊ အကျဉ်းစခန်းများမှ လွှတ်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ကော့သောင်းအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၂၅ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ

ကော့သောင်း မေ ၁၇

ကော့သောင်းအကျဉ်းထောင်၌ အကြောင်းအမျိုးမျိုးကြောင့် အကျဉ်းကျခံလျက်ရှိသောအကျဉ်းသား အကျဉ်းသူ ၂၅ ဦးအား ယနေ့နံနက်ပိုင်းက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခဲ့သည်။

ထိုသို့လွတ်မြောက်ခဲ့ကြသည့် အကျဉ်းသား အကျဉ်းသူများအား ကော့သောင်းအကျဉ်းထောင်၌ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွန်း၊ အကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်နိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူးဒုရဲမှူး မြင့်နိုင်နှင့်တာဝန်ရှိသူများက ဆုံးမဩဝါဒစကားများပြောကြားခဲ့ပြီး ကော့သောင်းအကျဉ်းထောင်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်က လွတ်ငြိမ်းခွင့်ကတ်ပြားနှင့် ခရီးစရိတ်၊ စားစရိတ်ထောက်ပံ့ငွေများ ပေးအပ်၍ ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ပြည်အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၇၂ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

ပြည် မေ ၁၇

၁၃၈၈ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ မြန်မာ့နှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အဖြစ် ပြည်သူလူထုနှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် ပြည်အကျဉ်းထောင်မှ အကျဉ်းသား ၅၉ ဦး၊ အကျဉ်းသူ ၁၃ ဦး စုစုပေါင်း ၇၂ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုပေးခဲ့သည်။

ပြည်အကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ပြုရာတွင် ပြည်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦး၊ အဖွဲ့ဝင် (၁) ဗိုလ်မှူး ဇော်ဝင်းဦး၊ အကျဉ်းထောင်တာဝန်ခံအရာရှိ ဦးသော်လှိုင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်လတ်နှင့် ဦးစီးအရာရှိ ဦးတင်ဌေးသန့်တို့က လွတ်ငြိမ်းခွင့်ရ အကျဉ်းသား၊ အကျဉ်းသူများကို ဆုံးမဩဝါဒစကားများပြောကြားပြီး ၎င်းတို့နေရပ်ထံ ပြန်လည်ရောက်ရှိရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လွတ်ငြိမ်းခွင့်ရရှိသူ မိသားစုဝင်ဆွေမျိုးများက ဝမ်းမြောက်ဝမ်းသာ လာရောက်ကြိုဆိုကြကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



# ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင် ကုန်ထုတ်စခန်းတို့မှ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၃၃ ဦး လွှတ်ပေး



မြိတ် မေ ၁၇

နိုင်ငံတော်သမ္မတရုံး၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် မြိတ်အကျဉ်းထောင်နှင့် ကျောက်ဖြူတောင် ကုန်ထုတ်စခန်းတို့မှ အကျဉ်းသား အကျဉ်းသူ ၃၃ ဦးအား ယနေ့နံနက်ပိုင်းက လွှတ်ပေးခဲ့သည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွှတ်ပေးရာ၌ ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား အကျဉ်းသူများအနက် မြိတ်အကျဉ်းထောင်မှ အကျဉ်းသား ၁၃ ဦး၊ အကျဉ်းသူနှစ်ဦးအား ဒုတိယခရိုင်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်၊ အကျဉ်းထောင်တာဝန်ခံအရာရှိနှင့် တာဝန်ရှိသူများက ဆုံးမစကားများပြောကြား၍ ထောင်လွှတ်လက်မှတ်နှင့်အတူ စားစရိတ်၊ ခရီးစရိတ်များပေး၍ လွှတ်ပေးခဲ့ပြီး ကျောက်ဖြူတောင်ကုန်ထုတ်စခန်းမှ အကျဉ်းသား ၁၈ ဦးကိုလည်း တာဝန်ရှိသူများက ဆုံးမစကားများပြောကြား၍ ထောင်လွှတ်လက်မှတ်နှင့်အတူ စားစရိတ်၊ ခရီးစရိတ်နှင့် လုပ်အားရှင် ခံစားခွင့်များပေး၍ လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၃၂၃ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

**မန္တလေး မေ ၁၇**

မန္တလေးဗဟိုအကျဉ်းထောင်မှ ယနေ့တွင် အကျဉ်းသား အကျဉ်းသူ ၃၂၃ ဦး လွတ်ငြိမ်းခွင့်ရရှိခဲ့ကြကြောင်း သိရသည်။

အဆိုပါ မန္တလေးဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သည့် အကျဉ်းသား ၂၇၁ ဦး အကျဉ်းသူ ၅၂ ဦး စုစုပေါင်း ၃၂၃ ဦးတို့ကို မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုးက ယနေ့နံနက်ပိုင်းတွင် မန္တလေးဗဟိုအကျဉ်းထောင်၌ တွေ့ဆုံ၍ ဆုံးမဩဝါဒစကားများ ပြောကြားသည်။



ထို့နောက် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူများအား၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နေ့တွက်စရိတ်နှင့် ခရီးစရိတ်ပေးအပ်ခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေး၍ အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။

ယနေ့ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပြုလိုက်ခြင်းနှင့် စပ်လျဉ်း၍ မန္တလေးဗဟိုအကျဉ်းထောင်မှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဇော်မောင်က "ဒီနေ့ကျရောက်တဲ့ မြန်မာနှစ်ကူးအခါသမယမှာ နိုင်ငံတော်သမ္မတကြီးကနေ အကျဉ်းသား အကျဉ်းသူတွေကို နိုင်ငံတော်တည်ဆောက်ရေးမှာ တစ်တပ်တစ်အား ပါဝင်စေဖို့နဲ့ သူတို့ရဲ့ မိသားစုဘဝတွေ ပျော်ရွှင်ချမ်းမြေ့စေဖို့အတွက် ရည်ရွယ်ပြီး လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ မန္တလေးအကျဉ်းထောင်ကနေ လွတ်မြောက်တဲ့သူတွေကို ဌာနက သတ်မှတ်ထားတဲ့အတိုင်း နေ့တွက်စရိတ်တွေကို တွက်ချက်ထုတ်ပေးသလို အလုပ်စခန်းက အကျဉ်းသား အကျဉ်းသူတွေကိုလည်း သူတို့အလုပ်စခန်းမှာရရှိတဲ့ နေ့တွက်စရိတ်ကို တွက်ချက်ပြီး ထုတ်ပေးပါတယ်။ နောက်ပြီး သူတို့သွားလာရေး အဆင်ပြေစေဖို့အတွက် ဌာနကမော်တော်ယာဉ်တွေ၊ ပြင်ပက ငှားရမ်းထားတဲ့ မော်တော်ယာဉ်တွေနဲ့ ကားဂိတ်တွေကို လိုက်လံပို့ဆောင်ပေးပါတယ်။ အခုလို လွတ်မြောက်ကြတဲ့အတွက် ကျွန်တော့်အနေနဲ့ ဝမ်းသာမိပါတယ်။ သူတို့တွေရဲ့ အချိန်တွေ အလကားမဖြစ်ဘဲ မိသားစုတွေနဲ့ ပျော်ရွှင်နွေးထွေးစွာ ဘဝအတွက် အကျိုးရှိအောင် နေထိုင်နိုင်ကြတော့မှာဖြစ်ပါတယ်" ဟု ပြောသည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သူတစ်ဦးကလည်း "အခုလို လွတ်ငြိမ်းချမ်းသာခွင့်နဲ့လွတ်လာတော့ ပျော်တာပေါ့။ တကယ်လွတ်မြောက်မယ့် အချိန်နဲ့ဆို ဝေးသေးတာပေါ့။ အခုလို လွတ်လာတော့ အိမ်ကမိသားစုနဲ့ စောစောပြန်တွေ့ရတာပေါ့။ အိမ်ပြန်ရောက်ရင်တော့ ကိုယ့်မိသားစုလည်း အဆင်ပြေအောင် နိုင်ငံတော်အတွက်လည်း အကျိုးရှိအောင်၊ ပတ်ဝန်းကျင်လည်း ထိခိုက်မှုမရှိအောင် အတတ်နိုင်ဆုံးကောင်းကောင်း မွန်မွန်နေသွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။ အခုလို လွတ်မြောက်လာတဲ့အတွက် ဒီနေ့ကျရောက်တဲ့ နှစ်ဆန်းတစ်ရက်နေ့မှာ ပျော်ရွှင်ကြည်နူးရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကို လွတ်ငြိမ်းခွင့်ပြုတဲ့ နိုင်ငံတော် သမ္မတကြီးနဲ့တကွ တာဝန်ရှိသူအားလုံးကိုလည်း အတိုင်းမသိ ကျေးဇူးတင်ရှိပါတယ်" ဟု ပြောသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့သူ တစ်ဦးကလည်း "အခုလို လွတ်မြောက်ပြီး မိသားစုနဲ့ တွေ့ရတော့မှာဆိုတော့ အလွန်ကိုပျော်ရွှင်မိပါတယ်။ ဒီလိုလွတ်မြောက်မယ်လို့လည်း မထင်မိပါဘူး။ အခုလို လွတ်မြောက်ခွင့်ပေးတဲ့အတွက် နိုင်ငံတော်သမ္မတကြီးကို ကျေးဇူးတင်ရှိပါတယ်။ အိမ်ပြန်ဖို့ကိုလည်း တာဝန်ရှိသူတွေက ထောက်ပံ့စရိတ်တွေ ပေးအပ်သလို သွားလာရေး အဆင်ပြေစေဖို့အတွက် ကားတွေလည်း ဆောင်ရွက်ပေးပါတယ်"ဟု ပြောသည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်ငါးခုမှ အကျဉ်းသား ၅၀၀၊ အကျဉ်းသူ ၉၈ ဦး စုစုပေါင်း ၅၉၈ ဦး၊ ကုန်ထုတ် စခန်းခုနစ်ခုမှ အကျဉ်းသား ၂၉၆ ဦး၊ အကျဉ်းသူ ၃၄ ဦး စုစုပေါင်း ၃၃၀ ဖြင့် တိုင်းဒေသကြီးအတွင်း အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၉၂၈ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

# ဇမ္ဗူသီရိမြို့နယ် နေပြည်တော်အချုပ်ထောင်၌ အကျဉ်းသား အကျဉ်းသူ ၆၄ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

**နေပြည်တော် မေ ၁၇**

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက် နေပြည်တော် အချုပ်ထောင်မှ အကျဉ်းသား အကျဉ်းသူ ၆၄ ဦးကို ယနေ့နံနက်ပိုင်းတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါ ပြစ်ဒဏ်ကျခံလျက်ရှိသည့် နေပြည်တော်အချုပ်ထောင်မှ အကျဉ်းသား ၃၈ ဦး၊ အကျဉ်းသူ ခြောက်ဦး၊ နေပြည်တော်ဘက်စုံစိုက်ပျိုးမွေးမြူရေး စခန်းမှ အကျဉ်းသား ၂၀ စုစုပေါင်း အကျဉ်းသား ၅၈ ဦးနှင့် အကျဉ်းသူ ခြောက်ဦးတို့အား ဇမ္ဗူသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ အဖွဲ့ဝင် (၁) ဗိုလ်မှူး ပြည့်ဖြိုးအောင်၊ နေပြည်တော် အချုပ်ထောင် တာဝန်ခံ လက်ထောက် ညွှန်ကြားရေးမှူး ဦးဖုန်းဝေနှင့် ဇမ္ဗူသီရိမြို့နယ် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူးဒုတိယ ရဲမှူး လှမိုးတို့က ဆုံးမဩဝါဒစကားများပြောကြားပြီး လွတ်ငြိမ်းခွင့်ရ အကျဉ်းသားများအား ထောင်လွတ်လက်မှတ်၊ စားစရိတ်နှင့် ခရီးစရိတ်ငွေများပေးအပ်၍ သက်ဆိုင်ရာ ကားဂိတ်များသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။



**နီလာ(ပြန်/ဆက်)**



# ကလေးအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၃၉ ဦး လွတ်ငြိမ်းခွင့်ပေး

**ကလေး မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အကျဉ်းဦးစီးဌာန ကလေးအကျဉ်းထောင်မှ အကျဉ်းသား ၃၇ ဦး၊ အကျဉ်းသူနှစ်ဦး စုစုပေါင်း ၃၉ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ အကျဉ်းဦးစီးဌာန ဇလပ်ဖြူခန်းမ၌ ကျင်းပသည်။

ဦးစွာ ကလေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်၊ ကလေးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကီးခွီရှိန်းနှင့် ကလေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန့်ဇင်ဦးတို့က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်ကြသည့် အကျဉ်းသား အကျဉ်းသူများအား ဆုံးမဩဝါဒစကား ပြောကြားသည်။

ထို့နောက် ကလေးအကျဉ်းထောင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မိုးဝင်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများအား ထောင်လွတ်လက်မှတ်နှင့် စားစရိတ်၊ ခရီးစရိတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိသည်။

**ခရိုင်(ပြန်/ဆက်)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

# ကစကဲ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းမှ အကျဉ်းသား ၂၄ ဦး လွတ်ငြိမ်းချမ်းသာခွင့်ရ

**ဝါးခယ်မ မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် မင်းလံကစကဲကျေးရွာအုပ်စုရှိ ကစကဲစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းမှ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား ၂၄ ဦးသည် ပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပြုသည့် အမိန့်အရ လွတ်ငြိမ်းခွင့်ရခဲ့ကြသည်။



**ပြန်လည်စေလွှတ်**

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစွမ်းထက်နှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား ၂၄ ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁(၁) အရ ပြစ်ဒဏ်များကို လွတ်ငြိမ်းချမ်းသာခွင့်ပြုပြီး တည်ဆဲဥပဒေများအား တိကျစွာလိုက်နာလျက် ရိုးသားဖြောင့်မတ်စွာ လုပ်ကိုင်စားသောက်ကြရန် မှာကြားခဲ့ကြောင်း၊ ၎င်းတို့၏ ခရီးစရိတ်ငွေ၊ စားစရိတ်ငွေ၊ လုပ်အားခငွေများကို တစ်ဦးချင်းပေးအပ်၍ နေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

■

# EV သက်တမ်းရှည်စေဖို့ နည်းလမ်းတကျ သုံးစွဲစို့

........ အောင်ဇေယျဟိန်း ........

(ယမန်နေ့မှအဆက်)

**၂။ EV အားသွင်းနည်းလမ်းမှန်များ**

**၂။ (က) အားသွင်းစဉ် EV ရပ်တန့်ထားခြင်း**

ဘက်ထရီကို အားသွင်းရန် ပြင်ဆင်ချိန်၌ ကားရှိ ပါဝါခလုတ်ကို ပိတ်ထားရပါမည်။ အားသွင်းမှု စတင်ပြီးလျှင် ကားရှိ ပါဝါခလုတ်ကို ပြန်ဖွင့်နိုင်ပြီး ရေဒီယို၊ လေပူ၊ လေအေးစနစ်တို့ကို သုံးနိုင်၏။ အားသွင်းချိန်တွင် စတီယာရင်နှင့် ရွေ့လျားမှုအစိတ်အပိုင်းများကို အသုံးမပြုနိုင်အောင် ထိန်းချုပ်ထား၏။ အကြောင်းရင်းမှာ **ဘက်ထရီကို ဗို့အားမြင့်နှုန်းဖြင့် အားသွင်းစဉ် လှုပ်ရှားမှုပြုလုပ်လျှင် လျှပ်စစ်အန္တရာယ်များ ဖြစ်ပေါ်စေနိုင်ပါ၏။ သို့ဖြစ်ရာ အားသွင်းချိန်တွင် EV ကို ရပ်ထားရပါမည်။**

**၂။ (ခ) မောင်းနှင်ပြီးခါစ အားမသွင်းခြင်း**

EV မောင်းနေစဉ် ဘက်ထရီများသည် ပူနွေးတတ်ပြီး ရပ်တန့်ခါစတွင် ဆက်လက်ပူနေတတ်ရာ ချက်ချင်းအားသွင်းခြင်းက ဘက်ထရီကို ဒဏ်ဖြစ်စေ၍ ပျက်စီးမှုကို မြန်စေနိုင်၏။ **မောင်းပြီးစ EV ကို အားမသွင်းသင့်ပါ။ ခရီးဝေးမောင်းပြီး အားမသွင်းမီ ၁၅ မိနစ်မှ မိနစ် ၃၀ ခန့် အပူချိန်လျှော့ချရပါမည်။** အချို့ EV များတွင် ဘက်ထရီအပူချိန်ကို အလိုအလျောက် ထိန်းညှိပေးသည့် ဘက်ထရီအအေးခံစနစ်များ တပ်ဆင်ထား၏။

**၂။ (ဂ) ၃၀ ရာခိုင်နှုန်းအောက်ရောက်လျှင် အားပြန်သွင်းခြင်း**

ဘက်ထရီစွမ်းအင်အားလုံး ကုန်အောင်သုံးပြီးမှ အားပြန်သွင်းလျှင် သက်တမ်းတိုစေ၏။ **ဘက်ထရီစွမ်းအင်ကို ၁၀ ရာခိုင်နှုန်းအောက် ရောက်သည်အထိ မကြာခဏသုံးခြင်းသည် ဘက်ထရီဆဲလ်များကို ဒဏ်ဖြစ်ပေါ်စေရာ ရေရှည်ထိခိုက်မှုများမဖြစ်ရေးအတွက် အမြန်ဆုံးအားပြန်သွင်းပါ။ ယေဘုယျအားဖြင့် ဘက်ထရီစွမ်းအင်ကို ၂၀ ရာခိုင်နှုန်းနှင့် ၈၀ ရာခိုင်နှုန်းကြားတွင် ထားရှိသင့်ရာ ပိုမိုစိတ်ချမှုရှိရန် ၃၀ ရာခိုင်နှုန်းအောက်ရောက်လျှင် အားပြန်သွင်းသင့်၏။**

**၂။ (ဃ) ၈၀ ရာခိုင်နှုန်းအထိသာ အားဖြည့်သွင်းခြင်း**

လူ့စိတ်လူ့သဘောအရ အမြင့်ဆုံး ၁၀၀ ရာခိုင်နှုန်းရှိခြင်း၊ ရာနှုန်းပြည့်ဖြစ်ခြင်းကိုသာ နှစ်သက်ကြပြီး အကောင်းဆုံးဟု သတ်မှတ်လေ့ရှိကြ၏။ သို့သော် EV ကို ၁၀၀ ရာခိုင်နှုန်း အားသွင်းခြင်းသည် အကောင်းဆုံးမဟုတ်ဘဲ ဘက်ထရီကျန်းမာရေးကို ထိခိုက်စေနိုင်ပြီး လီသီယမ်အိုင်းယွန်းဘက်ထရီများဖြစ်၍ ဘက်ထရီရာနှုန်းပြည့်ဖြင့် ကြာရှည်ထားလျှင် ပျက်စီးယိုယွင်းစေနိုင်၏။ **ခရီးဝေးသွားလျှင် ဘက်ထရီကို ရာနှုန်းပြည့်အားသွင်းသင့်သော်လည်း မြို့တွင်းအတွက် ၈၀ ရာခိုင်နှုန်းအထိသာ အားသွင်းသင့်၏။ သို့မှသာ သက်တမ်းပိုမိုကြာရှည်ခံနိုင်စေပြီး ဘရိတ်အုပ်ရင်း အားသွင်းခြင်းမှ ရရှိသည့် ထပ်တိုးစွမ်းအင်ကို သိုလှောင်ဖို့ ချန်လှပ်ပြီးဖြစ်ကာ EV သုံးစွဲမှုမှ အကျိုးကျေးဇူးပိုမိုရရှိစေနိုင်၏။** EV ၌ အားသွင်းလိုသော အတိုင်းအတာကို သတ်မှတ်ထားနိုင်ပြီး ပိုင်ရှင်လက်စွဲစာအုပ်တွင် အားသွင်းရမည့် အသင့်တော်ဆုံးရာခိုင်နှုန်းလည်း ပါရှိပြီးဖြစ်ရာ ၈၀ ရာခိုင်နှုန်းကိုသာ သတ်မှတ်၍ အားသွင်းသင့်၏။ သာဓကအားဖြင့် ဘက်ထရီစွမ်းအင်နှုန်း ၇၉.၉၀၄ kWh (ကီလိုဝပ်နာရီ) ဖြစ်လျှင် ၈၀ ရာခိုင်နှုန်းဖြစ်သော ၆၃.၉၂၃၂ kWh (ကီလိုဝပ်နာရီ)အထိသာ အားသွင်းသင့်ပါသည်။




ပုံ ၇၊ EV သုံးစွဲမှုနှင့် ဘက်ထရီအားသွင်းမှုပြပုံ။

**၂။ (င) အနှေးအားသွင်းစနစ်ကိုသာ အဓိကအသုံးပြုခြင်း**

တိုက်ရိုက်လျှပ်စီးသုံး အမြန်အားသွင်းစနစ်ဖြင့် အားသွင်းခြင်းသည် ခရီးဝေးသွားရန်အတွက် ကောင်းမွန်သော်လည်း ၎င်းကို အဓိကအားသွင်းနည်းလမ်းအဖြစ် အမြဲမသုံးသင့်ပေ။ အမှန်တကယ် အဓိကအားပြုသုံးစွဲရမည်မှာ Level 1 (သို့မဟုတ်) Level 2 အနှေးအားသွင်းစနစ်များသာ ဖြစ်ပါ၏။

**၂။ (စ) အမြန်အားသွင်းခြင်းကို ကန့်သတ်သုံးစွဲခြင်း**

အမြန်အားသွင်းခြင်းနှင့် အပူချိန်မြင့်မားခြင်းတို့သည် ဘက်ထရီအတွင်းရှိ လီသီယမ်များ၏ သဘာဝဂုဏ်သတ္တိဓာတ်များအား ကုန်ခန်းစေသည့် ဓာတ်ပြုမှုများကို ပိုမိုမြန်ဆန်စေပါမည်။ အမြန်အားသွင်းစက်များက စွမ်းအင်ကို အလျင်အမြန်တွန်းပို့လျှင် ဘက်ထရီဆဲလ်များအတွင်းရှိ အပူနှင့် ဖိအားတို့ကြောင့် မလိုလားအပ်သော ဓာတုဓာတ်ပြုမှုများနှင့် ဆင့်ကဲဖိအားဖြစ်စဉ်များကို ဖြစ်စေ၏။ ဆက်လက်၍ ဘက်ထရီကို ဝန်ပိုမိုဖိစီးမှုနှင့် အပူလွန်ကဲမှုတို့ကို ဖြစ်ပေါ်ရာက ပိုမိုလျင်မြန်စွာ သက်တမ်းတိုစေ၏။ တိုက်ရိုက်လျှပ်စီးဖြင့် အမြန်အားသွင်းခြင်းသည် ရှစ်နှစ်အတွင်း အိမ်သုံး Level 2 အားသွင်းစက်ဖြင့် အားသွင်းခြင်းထက် ဘက်ထရီသက်တမ်း ၁၀ ရာခိုင်နှုန်းကို လျော့ကျစေနိုင်ပါသည်။ **အားသွင်းချိန်ပေးရခြင်းထက် တန်ဖိုးကြီးမားလှသော ဘက်ထရီမပျက်စီးအောင် ဂရုတစိုက်ထိန်းသိမ်းသုံးစွဲရမည်ဖြစ်ရာ ရေရှည်သက်တမ်းပြည့်သုံးစွဲနိုင်ရန်အတွက် အမြန်အားသွင်းခြင်းကို ကန့်သတ်သုံးစွဲရပါမည်။**

**၂။ (ဆ) အားသွင်းချိန်ကို ချိန်ညှိခြင်း**

EV ပိုင်ရှင်အများစုသည် မိမိတို့၏ နေအိမ်၌ ညဘက်အိပ်ရာဝင်ချိန်တွင် EV ကို အားသွင်းလေ့ရှိကြ၏။ **ဘက်ထရီသိုလှောင်စွမ်းအင် ကြီးမားနေချိန်တွင် ဆဲလ်၏ဗို့အားမှာ မြင့်တက်နေသဖြင့် ကားရပ်ထားစဉ်မှာပင် ဓာတုဓာတ်ပြုမှုနှင့် ဆင့်ကဲကွင်းဆက်ဖြစ်စဉ်များက ဘက်ထရီအတွင်းရှိ အခြေခံပစ္စည်းများကို တဖြည်းဖြည်း တမြည့်မြည့် လောင်ကျွမ်းစေသည်။** ထို့ကြောင့် ညလုံးပေါက် အားအပြည့်သွင်းထားခြင်းကို ရှောင်ကြဉ်ကာ ၈၀ ရာခိုင်နှုန်းအထိ အားသွင်းရန် ချိန်ညှိထားသင့်၏။ ယင်းအပြင် ဘက်ထရီသက်တမ်းရှည်အောင် ဆဲလ်ချိန်ညှိခြင်း (Cell Balancing)လုပ်ငန်းသည် အရေးပါသော ကဏ္ဍမှ ရပ်တည်လျက်ရှိရာ ၎င်းကို ခေါင်းစဉ်ခွဲ ၄(က)တွင် တင်ပြသွားပါမည်။

**၃။ EV ကားရပ်နားစဉ် လိုက်နာရမည့် အချက်များ**

**၃။ (က) အရိပ်ရနေရာတွင် ရပ်ခြင်း**

EV လီသီယမ်အိုင်းရွန်း ဘက်ထရီများသည် ပြင်းထန်သောအပူနှင့် အအေးဒဏ်များကို ခံစားလွယ်ရာ ပူလွန်းခြင်း၊ အေးလွန်းခြင်းစသော အစွန်းနှစ်ဖက်ကို ရှောင်ရှားရပါမည်။ ဘက်ထရီအပူချိန်လွန်ကဲပါက ဘက်ထရီဆဲလ်များအတွင်းရှိ ဓာတုဓာတ်ပြုမှုဖြစ်စဉ်များကို ပိုမိုမြန်ဆန်စေပါမည်။ အကျိုးဆက်ကား ဘက်ထရီကို လျင်လျင်မြန်မြန် **ပျက်စီးစေပါမည်။** သို့ဖြစ်ရာ ရာသီဥတုပူပါက ကားဂိုဒေါင်အတွင်း (သို့မဟုတ်) အရိပ်ရနေရာ၊ အမိုးအကာရှိသော နေရာတို့တွင်သာ ရွေးချယ်ရပ်ထားပါ။ အလားတူ လွန်ကဲစွာအေးခြင်းက ဘက်ထရီစွမ်းရည်ကို ကျဆင်းစေပြီး အားသွင်းချိန်ကို ပိုမိုကြာမြင့်စေနိုင်ရာ သတိပြုရှောင်ရှားရပါမည်။

**၃။ (ခ) စနစ်တကျ ရေရှည်ရပ်ထားခြင်း**

EV ကို သီတင်းပတ် (သို့မဟုတ်) လအနည်းငယ်ကြာ အသုံးမပြုဘဲထားမည်ဆိုပါက စနစ်တကျမသိမ်းဆည်းခြင်းက ဘက်ထရီကို ပျက်စီးစေနိုင်၏။ မမောင်းဘဲ ရေရှည်ရပ်ထားပါက လွန်ကဲစွာပူခြင်း၊ အေးခြင်းမရှိသော ကားဂိုဒေါင်အတွင်းထား၍ ဘက်ထရီစွမ်းအင်ကို ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအတွင်း ထိန်းထားရမည်ဖြစ်ပြီး အားသွင်းကြိုးကို အကန့်အသတ်မရှိ တပ်မထားပါနှင့်။

**EV အားသွင်းသည့် အလေ့အထများက ဘက်ထရီ၏ အိုမင်းရင့်ရော်လာမှုကို အတိအကျ ပုံဖော်လျက်ရှိသည်။ အစွန်းရောက်အားသွင်းမှုဖြစ်သည့် ရာနှုန်းပြည့် အမြဲသွင်းခြင်းက ဘက်ထရီ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သလို အစွန်းရောက်သုံးစွဲမှုဖြစ်သည့် စွမ်းအင်ကုန်ခန်းသွားသည်အထိ သုံးစွဲခြင်းသည်လည်း ဘက်ထရီ၏ ပျက်စီးယိုယွင်းမှုကို ပိုမိုမြန်ဆန်စေပါသည်။**

EV သက်တမ်းရှည်စေရေးအတွက် EV အားသွင်းခြင်းသည် အရေးကြီးလုပ်ငန်းစဉ်ဖြစ်ရာ ဤနေရာတွင် အနှစ်ချုပ်ပုံကို တင်ပြပါမည်။ ဘက်ထရီကျန်းမာရေးအခြေအနေ ကောင်းမွန်ရန်နှင့် မလိုလားအပ်သောအန္တရာယ်များ ကင်းဝေးစေရန်အတွက် ဖော်ပြပါ ပုံ (၇) အတိုင်း သုံးစွဲမှုအခြေအနေပေါ်မူတည်၍ ဘက်ထရီအားသွင်းခြင်းကို ဆောင်ရွက်သင့်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

**❛ဘက်ထရီစွမ်းအင်ကို ၁၀ ရာခိုင်နှုန်းအောက် ရောက်သည်အထိ မကြာခဏသုံးခြင်းသည် ဘက်ထရီဆဲလ်များကို ဒဏ်ဖြစ်ပေါ်စေရာ ရေရှည်ထိခိုက်မှုများမဖြစ်ရေးအတွက် အမြန်ဆုံးအားပြန်သွင်းပါ။ ယေဘုယျအားဖြင့် ဘက်ထရီစွမ်းအင်ကို ၂၀ ရာခိုင်နှုန်းနှင့် ၈၀ ရာခိုင်နှုန်းကြားတွင်ထားရှိသင့်ရာ ပိုမိုစိတ်ချမှုရှိရန် ၃၀ ရာခိုင်နှုန်းအောက်ရောက်လျှင် အားပြန်သွင်းသင့်❜**

**❛အမြန်အားသွင်းခြင်းနှင့် အပူချိန်မြင့်မားခြင်းတို့သည် ဘက်ထရီအတွင်းရှိ လီသီယမ်များ၏ သဘာဝဂုဏ်သတ္တိဓာတ်များအား ကုန်ခန်းစေသည့် ဓာတ်ပြုမှုများကို ပိုမိုမြန်ဆန်စေပါမည်။ အမြန်အားသွင်းစက်များက စွမ်းအင်ကို အလျင်အမြန်တွန်းပို့လျှင် ဘက်ထရီဆဲလ်များအတွင်းရှိ အပူနှင့် ဖိအားတို့ကြောင့် မလိုလားအပ်သော ဓာတုဓာတ်ပြုမှုများနှင့် ဆင့်ကဲဖိအားဖြစ်စဉ်များကို ဖြစ်စေ၏။ ဆက်လက်၍ ဘက်ထရီကိုဝန်ပိုမိုဖိစီးမှုနှင့် အပူလွန်ကဲမှုတို့ကိုဖြစ်ပေါ်ရာက ပိုမိုလျင်မြန်စွာ သက်တမ်းတိုစေ❜**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်ပိတ်ပွဲများ ပြုလုပ်



နေပြည်တော် ဧပြီ ၁၇

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်ပိတ်ပွဲများကို မဟာသင်္ကြန်အတက်နေ့ဖြစ်သည့် ဧပြီ ၁၆ ရက် ညနေပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ ပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ယိမ်းအကအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရေကစားမဏ္ဍပ်ပိတ်ပွဲများကို နေပြည်တော် တိုင်းစစ်ဌာနချုပ်ရှိ မိသားစုမြန်မာ့ရိုးရာအတာသင်္ကြန်မဏ္ဍပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗဟိုမဏ္ဍပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နှစ်ဦးအားမာန်နေဝန်းနီသင်္ကြန်အတာရေကစားမဏ္ဍပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရွှေနေကြာရေကစားမဏ္ဍပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရေကစားမဏ္ဍပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ရွှေတြိဂံမိသားစုမဟာသင်္ကြန်မဏ္ဍပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ရေကစားမဏ္ဍပ်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ရှိ ပုလဲရွှေပြည်ရေကစားမဏ္ဍပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် မိသားစုမဟာသင်္ကြန်ရေသဘင်ပွဲတော် ရေကစားမဏ္ဍပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ရေကစားမဏ္ဍပ်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဗဟိုမဏ္ဍပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ နန်းမြို့သူမဟာသင်္ကြန်မဏ္ဍပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဗဟိုမဏ္ဍပ်နှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ ပြုလုပ်ကြရာ တိုင်းမှူးများက နှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကားများ ပြောကြားကြပြီး သင်္ကြန်ယိမ်းပြိုင်ပွဲများတွင် ဆုရရှိကြသည့် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များအား တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့ပြင် မြန်မာ့ရိုးရာအတာသင်္ကြန်အတက်နေ့ သင်္ကြန်ပွဲတော်ပိတ်ပွဲအခမ်းအနားများတွင် ပါဝင်တက်ရောက်ဆင်နွှဲကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးကြသည်။

**ပျော်ရွှင်စွာပိတ်သိမ်းခဲ့**

ထို့နောက် သင်္ကြန်ယိမ်းအဖွဲ့များနှင့် တေးသံရှင်များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး အတာရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ပိတ်သိမ်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# သာစည်မြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ပိတ်ပွဲကျင်းပ



သာစည် ဧပြီ ၁၇

မန္တလေးတိုင်း ဒေသကြီး သာစည်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန်ပိတ်ပွဲကို သင်္ကြန်အတက်နေ့ ညနေပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနီးရှိ ရွှေသာစည်ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က နှစ်သစ်ကူးအကြို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများက ယိမ်းအဖွဲ့များ၊ တီးဝိုင်းအဖွဲ့၊ စက်အဖွဲ့၊ လုံခြုံရေးအဖွဲ့များနှင့် သင်္ကြန်ကာလအတွင်း စည်ကား သိုက်မြိုက်အောင် ဆောင်ရွက်ပေးခဲ့ကြသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ယိမ်းအဖွဲ့များနှင့် တီးဝိုင်းအဖွဲ့များက သင်္ကြန်တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြရာ လာရောက် ကြသူများက ပျော်ရွှင်စွာ ရေကစားခဲ့ကြပြီး ရေကစားကြသူများအား စတုဒိသာကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ညောင်လေးပင်မြို့၌ မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲကျင်းပ

ညောင်လေးပင် ဧပြီ ၁၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ ၁၃၈၇ ခုနှစ် မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက ခရိုင်စုပေါင်းရုံးရှေ့ရှိ မဟာသင်္ကြန်ပွဲတော်မဏ္ဍပ်၌ ကျင်းပသည်။

ဦးစွာ ညောင်လေးပင်ခရိုင် မဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ်၌ ကပြဖျော်ဖြေပေးခဲ့ကြသည့် ယိမ်းအဖွဲ့များနှင့် တာဝန်ရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ယိမ်းအဖွဲ့များက "မန်းတောင်ရိပ်ခို" သီချင်းနှင့် "နှုတ်ခွန်းဆက်" သီချင်းတို့ဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး စတူဒီယိုသီချင်းများဖြင့် ဆက်လက်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

ခင်မောင်လွင် (ညောင်လေးပင်)



# မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် သထုံခရိုင်ဗဟိုမဏ္ဍပ်ပိတ်ပွဲကျင်းပ

သထုံ ဧပြီ ၁၇

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် သထုံခရိုင်ဗဟိုမဏ္ဍပ်ပိတ်ပွဲအခမ်းအနားကို သင်္ကြန်အတက်နေ့ ညပိုင်းက သထုံမြို့ ရွှေစာရံဘုရားအနီးရှိ အဆိုပါမဏ္ဍပ်၌ ကျင်းပသည်။

**အလှည့်ကျဧည့်ခံဖျော်ဖြေ**

ဦးစွာ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များနှင့် အနုပညာရှင်တို့က ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် အလှည့်ကျဧည့်ခံဖျော်ဖြေကြပြီး သထုံခရိုင်မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီမှ တာဝန်ရှိသူတို့က သင်္ကြန်ယိမ်းပြိုင်ပွဲ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ပါဝင်ဖျော်ဖြေပေးခဲ့ကြသည့် အနုပညာရှင်များနှင့် ပွဲတော်ဖြစ်မြောက်ရေး ကူညီဆောင်ရွက်ပေးခဲ့သူတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်နှင့် တာဝန်ရှိသူများက သင်္ကြန်ယိမ်းပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဝေါမြို့နယ်၌ ဗဟိုမဏ္ဍပ်၊ လမ်းလျှောက်သင်္ကြန်ပိတ်သိမ်း

ဝေါ ဧပြီ ၁၇

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် ဗဟိုမဏ္ဍပ်၊ လမ်းလျှောက်သင်္ကြန်ပိတ်သိမ်းပွဲ၊ ယိမ်းအကပြိုင်ပွဲနှင့် သနပ်ခါးပြိုင်ပွဲတို့အား ဆုချီးမြှင့်ပွဲအခမ်းအနားကို မဟာသင်္ကြန်အတက်နေ့ ညနေပိုင်းက ရန်ကုန်-မော်လမြိုင်ကားလမ်းမကြီးဘေး မြို့နယ်ခန်းမရှေ့ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

**ပေးအပ်ချီးမြှင့်ခဲ့**

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က နှစ်သစ်မင်္ဂလာဆုတောင်းစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်တိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)





# သီပေါမြို့၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲကျင်းပ

သီပေါ ဧပြီ ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့တွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ပိတ်ပွဲကို ဧပြီ ၁၆ ရက် ညနေပိုင်းက မြို့တော်ခန်းမရှေ့ ဗဟိုမဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးလွင်က နှစ်သစ်ဆုတောင်းစကားပြောကြားပြီး ယိမ်းအဖွဲ့များအား တာဝန်ရှိသူများက ဆုတော်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ ယိမ်းအကအဖွဲ့များက မြနန္ဒာသီချင်းဖြင့် ကပြဖျော်ဖြေ၍ မဟာသင်္ကြန်ပွဲတော်ကို အောင်မြင်စွာ ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီး မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ပဲခူး ဧပြီ ၁၇**

၁၃၈၇ ခုနှစ် ပဲခူးတိုင်းဒေသကြီး မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် ညနေပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှေ့ရှိ ဗဟိုမဏ္ဍပ်၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီးတို့ တက်ရောက်ချီးမြှင့်ကြသည်။

ဦးစွာ ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များအား ဆုချီးမြှင့်ပွဲပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီးတို့က ပထမဆုရရှိသော ဘုရားကြီးမြို့ကိုယ်စားပြု အတာတန်ခူးမေ သံသာထွဋ်ဇေယိမ်းအဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကိုယ်စားပြု ယိမ်းအဖွဲ့တို့အား ချီးမြှင့်ငွေကျပ် ၂၅ သိန်းစီနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကြပြီး ဒိုင်အဖွဲ့၊ အနုပညာရှင်များအား ဂုဏ်ပြုငွေနှင့် ဂုဏ်ပြုပန်းခြင်းတို့ ပေးအပ်ချီးမြှင့်သည်။




ထို့နောက် ဒုတိယဆုရရှိသော နွေဦးမဒီယိမ်းအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ကိုယ်စားပြု ဟင်္သာဌာနေ ရဲပျိုမေယိမ်းအဖွဲ့တို့အား ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီးတို့က ချီးမြှင့်ငွေကျပ် သိန်း၂၀ နှင့် ဆုတံဆိပ်တို့ကို ပေးအပ်ချီးမြှင့်ကြပြီး ပူးတွဲတတိယဆုရရှိသည့် ညောင်အင်းပိတောက်ပျိုမေယိမ်းအဖွဲ့နှင့် ပိတောက်ရွှေဝါယိမ်းအဖွဲ့တို့အား တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တတိယဆုရရှိသည့် နှစ်သစ်ပျိုမေယိမ်းအဖွဲ့အား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့်ဇနီးတို့က ချီးမြှင့်ငွေကျပ် ၁၅ သိန်းစီနှင့် ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နှစ်သိမ့်ဆုရရှိသည့် ယိမ်းအဖွဲ့များအား တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် ၎င်းတို့၏ဇနီးများက ဂုဏ်ပြုဆုငွေကျပ်ခုနစ်သိန်းစီကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ၁၃၈၇ ခုနှစ် မြန်မာ့ ရိုးရာမဟာသင်္ကြန်ပွဲတော်ပိတ်ပွဲ နှုတ်ခွန်းဆက် မင်္ဂလာစကားပြောကြားပြီး ဖျော်ဖြေရေးအဖွဲ့ဝင်အားလုံးက "မန်းတောင်ရိပ်ခို (မြနန္ဒာ)၊ နှုတ်ခွန်းဆက်ပါတယ်" သီချင်းများဖြင့် သီဆိုကပြ၍ ဗဟိုမဏ္ဍပ်အား အောင်မြင်စွာ ပိတ်သိမ်းခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တောင်ကြီးမြို့၌ မြန်မာ့ရိုးရာ မဟာအတာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ပိတ်ပွဲ ကျင်းပ

**တောင်ကြီး ဧပြီ ၁၇**

၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာအတာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ပိတ်ပွဲကို ဧပြီ ၁၆ ရက် ညနေပိုင်းက တောင်ကြီးမြို့ သစ်တောရပ်ကွက် ပြည်နယ်လွှတ်တော်ရုံးအနီးရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

ပိတ်ပွဲတွင် ဒေသခံအဆိုတော်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီးနှင့် မမတို့ယိမ်းအဖွဲ့များက ဖျော်ဖြေတင်ဆက်ကြပြီး ဒေသခံပြည်သူများက စည်ကားသိုက်မြိုက်ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ တောင်ကြီးမြို့ မြန်မာ့ရိုးရာ မဟာအတာသင်္ကြန်ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြသော ယိမ်းအဖွဲ့များမှ နှစ်သိမ့်ဆုရရှိသော ၃၃ ဖွဲ့အား ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ ရဲမှူးချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ဝန်ကြီးများက ဆုများချီးမြှင့်ပေးကြသည်။

**ဆုချီးမြှင့်**

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် အရှေ့ပိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ဆုရရှိသောယိမ်းအဖွဲ့များအား ဆုများ ချီးမြှင့်ပေးပြီး ပထမဆုရရှိသော တောင်ကြီးပညာရေးဒီဂရီကောလိပ်ယိမ်းအဖွဲ့အား ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက ဆုချီးမြှင့်ပေးသည်။



ထို့နောက် မြန်မာ့ရိုးရာ မဟာအတာသင်္ကြန်ပွဲတော် ပိတ်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဖျော်ဖြေရေးအဖွဲ့များက မန်းတောင်ရိပ်ခိုတေးသီချင်းနှင့် ပိတောက်လက်ဆောင်တေးသီချင်းတို့ဖြင့် ကပြဖျော်ဖြေပိတ်သိမ်းခဲ့ကြောင်းသိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**



# မြောင်းမြမြို့၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်အတက်နေ့ ဗဟိုမဏ္ဍပ် ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မြောင်းမြ ဧပြီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၁၆ ရက် ညနေပိုင်းက ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

မြောင်းမြမြို့မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌အကြိုနေ့မှ စတင်၍ ပညာရေးဌာနမှ ယိမ်းအဖွဲ့ ငါးဖွဲ့ဖြင့်လည်းကောင်း၊ ဌာနဆိုင်ရာနှင့် ရပ်ကွက်များမှ ယိမ်းအဖွဲ့ ငါးဖွဲ့ဖြင့်လည်းကောင်း ယိမ်းအကအလှများဖြင့် ကပြယှဉ်ပြိုင်လျက်ရှိရာ ဆုရရှိသည့် ယိမ်းအဖွဲ့များ၊ အကဲဖြတ်ဒိုင်နှင့် အခမ်းအနားမှူးများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဇေယျာ (ပြန်/ဆက်)

# တွံတေးမြို့နယ်၌ မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲ အခမ်းအနား ကျင်းပ

**တွံတေး ဧပြီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ကွမ်းခြံရပ်ကွက် အလယ်ပိုင်း ဗိုလ်ချုပ်လမ်းမကြီးရှိ ဗဟိုမဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ချီးမြှင့်**

ဦးစွာ ဗဟိုမဏ္ဍပ်တွင် ကပြဖျော်ဖြေပေးခဲ့ကြသော ယိမ်းပျိုဖြူအဖွဲ့များအား ဂုဏ်ပြုဆုငွေများချီးမြှင့်ရာ တွံတေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကပြဖျော်ဖြေပေးကြသော ယိမ်းပျိုဖြူတစ်ဖွဲ့အား ဂုဏ်ပြုဆုငွေ ကျပ်တစ်သိန်းစီ ချီးမြှင့်ပေးသည်။ ယင်းနောက် KB မိုးဆက်နှင့် အဆိုတော်အဖွဲ့၊ ရွှေဆံတော်ဘိုးဘိုးကြီး ရှမ်းဝိုင်းအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများကို တာဝန်ရှိသူများက ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# ကလောမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန် ပိတ်ပွဲ ကျင်းပ



**ကလော ဧပြီ ၁၇**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့ မောမြေဦးပန်းခြံ၌ ဧပြီ ၁၆ ရက်ညနေပိုင်းက မြန်မာ့ရိုးရာမဟာသင်္ကြန်ပိတ်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ကလောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က နှစ်သစ်ကူးအကြို နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ မြို့ပေါ်ရပ်ကွက်နှင့် ပညာရေးဌာနမှ ယိမ်းအဖွဲ့များက "သင်္ကြန်မိုး" သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တက်ရောက်လာသူများက ယိမ်းအဖွဲ့များအား သင်္ကြန်ရေများပက်ဖျန်းကြသည်။ ထို့နောက် ညပိုင်းတွင် သင်္ကြန်ယိမ်းအဖွဲ့ ၁၆ ဖွဲ့နှင့် အဆိုတော်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။ **ကျော်ဝင်း(ကလော)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# တိုင်းစစ်ဌာနချုပ်များ၌ အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ဖတ်ပူဇော်ခြင်း၊ သက်ကြီးဘိုးဘွားများပူဇော်ကန်တော့ခြင်း၊ ဇီဝိတဒါန ငါးလွှတ်ခြင်းနှင့် ငှက်လွှတ်ခြင်းများ ကုသိုလ်ပြုဆောင်ရွက်

နေပြည်တော် မေ ၁၇

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သော ယနေ့တွင် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ နှစ်ဦးပရိတ်တရားတော်များရွတ်ဖတ်ပူဇော်ခြင်း၊ အန္တရာယ်ကင်းပရိတ်တော်များရွတ်ဖတ်ပူဇော်ခြင်း၊ သက်ကြီးဘိုးဘွားများအားပူဇော်ကန်တော့ခြင်း၊ ဇီဝိတဒါန ငါးလွှတ်ခြင်းနှင့် ငှက်လွှတ်ခြင်းများကို တိုင်းစစ်ဌာနချုပ်များနှင့် တပ်ရင်း/တပ်ဖွဲ့အသီးသီး၌ ကုသိုလ်ပြုဆောင်ရွက်ကြသည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် နှစ်စဉ်ကုသိုလ်ပြုဆောင်ရွက်လျက်ရှိသော အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို တိုင်းစစ်ဌာနချုပ်များနှင့် တပ်ရင်း/တပ်ဖွဲ့အသီးသီးရှိ ဓမ္မာရုံများနှင့် သတ်မှတ်နေရာများ၌ သံဃာတော်များက ရွတ်ပွားပူဇော်ချီးမြှင့်တော်မူကြရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သီလခံယူဆောက်တည်၍ ပရိတ်တရားတော်များကို နာယူကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်ခြင်းနှင့် နေ့ဆွမ်းဆက်ကပ်ခြင်းများ ဆောင်ရွက်ကြသည်။

ထို့ပြင် တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း၊ အလှူငွေများ၊ စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခြင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် အဘိုးအဘွားများအား လက်သည်း၊ ခြေသည်း ညှပ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဇီဝိတဒါန စုပေါင်းကုသိုလ်ပြု ငါးလွှတ်ခြင်းနှင့် ငှက်လွှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်






## ပန်းတနော်မြို့နယ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပ

ပန်းတနော် မေ ၁၇

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲကို ယနေ့နံနက်ပိုင်းက ပန်းတနော်မြစ်၌ ကျင်းပသည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းသန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းကျင်စံနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ပန်းတနော်မြစ်အတွင်းသို့ ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ ၂၅၀၀၀၊ ငါးခုံးမကြီးသားပေါက်ကောင်ရေ ၂၅၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ တို့ကို ဇီဝိတဒါန လွှတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြဝတီမြို့၌ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားပူဇော်ပွဲ ကျင်းပ

မြဝတီ မေ ၁၇

ကရင်ပြည်နယ် မြဝတီမြို့၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွား ပူဇော်ပွဲများကို ယနေ့ (မြန်မာနှစ်ဆန်းတစ်ရက်နေ့) နံနက်ပိုင်းက ကျင်းပသည်။




နံနက် ၇ နာရီတွင် အမှတ် (၁) ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားအောက် မီးမျှောပွဲပြုလုပ်သည့်နေရာ၌ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့များက ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ ၄၀၀၀၀ ကျော်ကို သောင်ရင်းမြစ်ထဲသို့ ဇီဝိတဒါန ဘေးမဲ့လွှတ်ပေးကြသည်။

ယင်းနောက် ရွှေမြင်းဝန်းပရိဝုဏ်အတွင်းရှိ သာသနာ့ဟိတကာရီ ဗိမာန်တော်ကြီး၌ သက်ကြီး ဘိုးဘွားပူဇော်ပွဲ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်နှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖနှင့် အလှူရှင်များက အသက် (၈၅) နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၃၈ ဦးတို့အား လှူဒါန်းငွေများ၊ အလှူပစ္စည်းများ၊ အားဆေးများ၊ အားဖြည့်အချိုရည်များ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## သထုံမြို့နယ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားပူဇော်ပွဲ ကျင်းပ

သထုံ မေ ၁၇

မွန်ပြည်နယ် သထုံမြို့၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏စီမံကြီးကြပ်မှုဖြင့် ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားများပူဇော်ကန်တော့ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ သထုံမြို့ ဝါးပါးဆည်၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ ၅၀၀၀၀ ကို ဆည်အတွင်းသို့ ဇီဝိတဒါန ဘေးမဲ့လွှတ်ပေးကြသည်။

ယင်းနောက် သထုံမြို့ ရွှေစာရံဘုရားရင်ပြင်တော်ရှိ သုဝဏ္ဏဘူမိသာသနာ့ဗိမာန်တော်၌ သက်ကြီးဘိုးဘွားပူဇော်ပွဲကို ဆက်လက်



ကျင်းပရာ အသက် (၈၅) နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၂၁၁ ဦးတို့အား အလှူငွေနှင့် လှူဖွယ်များတို့ဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ကော့သောင်းမြို့၌ ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ

ကော့သောင်း မေ ၁၇

ကော့သောင်းမြို့ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို ကော့သောင်းမြို့ မြို့မဆိပ်ကမ်းတံတား၌ ကျင်းပသည်။

ဦးစွာ ဇီဝိတဒါနငါးလွှတ်ပွဲကို ယနေ့ နံနက် ၇ နာရီက မြို့မတံတား၌ ကျင်းပရာ တက်ရောက်လာကြသူများက ကကတစ်ငါး ၂၀၀၀၊ ဂဏန်းအကောင် ၃၀၀၀ တို့ကို ဇီဝိတဒါနအဖြစ် ပင်လယ်အတွင်းသို့ ဘေးမဲ့လွှတ်ပေးကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရွှေတောင်မြို့နယ်၌ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပ

ရွှေတောင် မေ ၁၇

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး



ကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်၏ကြီးကြပ်မှုဖြင့် ယနေ့ နံနက်ပိုင်းတွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်မင်္ဂလာကို ကြိုဆို သောအားဖြင့် ဇီဝိတဒါန ငါးလွှတ်ကုသိုလ်မင်္ဂလာနှင့် သက်ကြီးဘိုးဘွား များအား ပူဇော်ကန်တော့ပွဲ ပြုလုပ်သည်။

### ပူဇော်ကန်တော့

ဦးစွာ ဇီဝိတဒါန ငါးလွှတ်ကုသိုလ်မင်္ဂလာ ကျင်းပရာ ငါးကြင်းရွှေဝါ၊ ငါးခုံးမ၊ ငါးမြစ်ချင်း ကောင်ရေ ၁၀၀၀၀ ကို ဧရာဝတီမြစ်အတွင်း ဇီဝိတဒါန လွှတ်ပေးခဲ့သည်။ ယင်းနောက် ကြို့ကုန်းကျေးရွာ ဘိုးဘွားရိပ်သာရှိ ဘိုးဘွား ၁၄ ဦးနှင့် ရွှေတောင်မြို့နယ် ရပ်ကွက် သုံးရပ်ကွက်ရှိ ဘိုးဘွား ၁၅ ဦးတို့အား ပူဇော်ကန်တော့ခဲ့ကြောင်းသိရသည်။

ကိုကိုမင်း (ပြန်/ဆက်)

# မြန်မာနှစ်ဆန်းတစ်ရက်နေ့ ကန်တော်ကြီးဥယျာဉ်ရေကန်၌ ဇီဝိတဒါနဘေးမဲ့ငါးလွှတ်

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့က မြန်မာနှစ်သစ်ကူး နှစ်ဆန်းတစ်ရက်နေ့ ယနေ့နံနက် ၉ နာရီတွင် ကန်တော်ကြီးဥယျာဉ်ရေကန်အတွင်း ဇီဝိတဒါန ဘေးမဲ့ငါးလွှတ်ပွဲကို ကျင်းပသည်။

အဆိုပါ ဇီဝိတဒါနဘေးမဲ့ငါးလွှတ်ပွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်အေး၊ အထွေထွေအတွင်းရေးမှူး ဦးဇော်ဝင်းမောင်နှင့် အဖွဲ့ဝင်များက ကန်တော်ကြီးဥယျာဉ်ရေကန်အတွင်းသို့ ငါးများကို ဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရသည်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)





## ကျိုင်းတုံမြို့၌ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားပူဇော်ပွဲ ကျင်းပ

ကျိုင်းတုံ မေ ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားပူဇော်ပွဲကို မြန်မာနှစ်ဆန်းတစ်ရက်နေ့ ယနေ့တွင် ကျင်းပသည်။

အဆိုပါ ဇီဝိတဒါနငါးလွှတ်ပွဲသို့ ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရကျောင်း ဝစီပိတ်ဆရာတော်နှင့် သံဃာတော်များ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးတင်လင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုးဝေ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ၃၀၀၀ ကို ကျိုင်းဖောင်းချောင်းအတွင်းသို့ ဇီဝိတဒါန လွှတ်ပေးခဲ့ပေးကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)



## လပွတ္တာမြို့နယ်၌ ဇီဝိတဒါန ရေချိုပုစွန် ဘေးမဲ့လွှတ်ပွဲ ကျင်းပ

လပွတ္တာ မေ ၁၇

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ ဇီဝိတဒါနအဖြစ် ရေချိုပုစွန်ဘေးမဲ့လွှတ်ပွဲကို ယနေ့နံနက်ပိုင်းက ရှမ်းစုကျေးရွာ တမံချောင်း၌ ကျင်းပသည်။

အဆိုပါ ဇီဝိတဒါန ဘေးမဲ့လွှတ်ပွဲတွင် လပွတ္တာခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစံရင်မော်နှင့် မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာန ဝန်ထမ်းများ၊ ဒေသခံပြည်သူများက ရေချိုပုစွန်သားပေါက်ကောင်ရေ ၅၀၀၀ ကို ရှမ်းစုတမံချောင်းအတွင်းသို့ လွှတ်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## မော်လမြိုင်ကျွန်းမြို့နယ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

မော်လမြိုင်ကျွန်း မေ ၁၇

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌မြန်မာနှစ်ဆန်း တစ်ရက်နေ့ ယနေ့နံနက်ပိုင်းက အမှတ်(၆)ရပ်ကွက် စိန်ပန်းပတ်လမ်းရှိ သမ္မာသမ္ဗုဒ္ဓမြို့ဦးစေတီတော် အရှေ့ဘက်၌ တုံးလုံချောင်းမြစ်တွင်းသို့ ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနား ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်လှိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းရည်စိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များက ငါးမြစ်ချင်းကောင်ရေ ၂၀၀၀၀ အား မြို့ဦးစေတီတော်ရှိ တုံးလုံချောင်းမြစ်အတွင်းသို့ ဇီဝိတဒါန လွှတ်ပေးခဲ့ကြောင်း သိရသည်။

ရဲကိုမောင်(ပြန်/ဆက်)

## မိတ္ထီလာမြို့၌ ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ

မိတ္ထီလာ မေ ၁၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့က ကြီးမှူး၍ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် အသက် ၉၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ပူဇော်ပွဲတို့ကို ကျင်းပသည်။

ဇီဝိတဒါန ငါးလွှတ်ပွဲကို ဖောင်တော်ဦးစေတီတော် ကရဝိက်တန်ဆောင်း ဦးခေါင်းပိုင်းနှင့် မိတ္ထီလာကန်အနီး၌ ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ ကို မိတ္ထီလာကန်အတွင်းသို့ လွှတ်ပေးခဲ့ကြကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)







## မြန်အောင်မြို့၌ ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ

မြန်အောင် မေ ၁၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့တွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ယနေ့နံနက်ပိုင်းက ဧရာဝတီမြစ်အတွင်း ဇီဝိတဒါန ငါးလွှတ်ပွဲ အခမ်းအနားကို မြန်အောင်မြို့ ပြည်တော်အေးဘုရားအနီး ဧရာဝတီသင်္ဘောဆိပ်၌ ကျင်းပသည်။

အဆိုပါ ဇီဝိတဒါနငါးလွှတ်ပွဲသို့ မြန်အောင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများက နှစ်လက်မအရွယ် ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၊ ငါးခုံးမကြီး ငါးသားပေါက် ကောင်ရေ ၁၅၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ၃၀၀၀၀ အားဧရာဝတီမြစ်အတွင်း ဘေးမဲ့လွှတ်ပေးခဲ့ကြသည်။

ဆက်လက်၍ မြန်အောင်ဘိုးဘွားရိပ်သာရှိ အဘိုး ခြောက်ဦး၊ အဘွား ၂၂ ဦးတို့အား အချိုရည်၊ အလှူငွေနှင့် ဝတ်စုံများ ပေးအပ်လှူဒါန်းကန်တော့ခဲ့ကြကြောင်း သိရသည်။

ဝင်းဗိုလ်(မြန်အောင်)

## မြောက်ဥက္ကလာပမြို့နယ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် ငှက်လွှတ်ပွဲ ပြုလုပ်

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်း ဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ မြန်မာ့နှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ဘေးမဲ့ငါးလွှတ်ပွဲနှင့် ငှက်လွှတ်ပွဲကို ယနေ့နံနက်ပိုင်းက ဥက္ကလာသီရိကန်တော်၌ ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကကြီးမှူး၍ ကျင်းပသည့် ဇီဝိတဒါန ဘေးမဲ့ငါးလွှတ်ပွဲနှင့် ငှက်လွှတ်ပွဲသို့ မရမ်းကုန်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်၊



မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ငါးခူကောင်ရေ ၁၁၀၀ နှင့် ငှက်ကောင်ရေ ၁၀၀ ခန့်အား ဇီဝိတဒါန ဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

## ရွှေပြည်သာမြို့နယ်၌ ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်း ဒေသကြီး ရွှေပြည်သာမြို့နယ်တွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ယနေ့နံနက်ပိုင်းက ဇီဝိတဒါန ငါးလွှတ်ပွဲကို အမှတ်(၂၅)ရပ်ကွက် သာစုကန်ကျေးရွာ သာစုကန်တော်မင်္ဂလာ၌ ကျင်းပသည်။

အဆိုပါ ဇီဝိတဒါနငါးလွှတ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊




မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက သာစုကန်တော်မင်္ဂလာအတွင်းသို့ ငါးများဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရသည်။

နေမျိုးထွန်း(ပြန်/ဆက်)

# ဘိန်းစိုက်ပျိုးမှုပပျောက်ရေး အစားထိုးဖွံ့ဖြိုးရေးဆောင်ရွက်ပေး

နေထွန်းဦး(မန်းတက္ကသိုလ်)

### ဘိန်းသမိုင်းအကျဉ်း

ဘိန်းကိုဘိန်းပင်၏ အသီးမှခြစ်ယူရရှိပြီး ဘီစီ ၅၀၀၀ ခန့်က မြေထဲပင်လယ်ဒေသတွင်အစားအစာ၊ ဆေးဝါးနှင့် အခမ်းအနားများတွင် အသုံးပြုခဲ့ကြောင်း ရှေးဟောင်းဂရိစာပေမှတ်တမ်းများအရ တွေ့ရှိရပါသည်။ ဘီစီ ၃၄၀၀ ခန့်က အရှေ့အလယ်ပိုင်းရှိ ယူဖရေးတီးနှင့် တီဂရစ်မြစ်အကြား မက်ဆိုပိုတေးမီးယားဒေသ ယခုခေတ်(အီရန်-အီရတ်-ဆီးရီးယား)ရှိ ဆူမေးရီးယန်းလူမျိုး(Sumerians)များက ဘိန်းပင် (Poppy)ကို အစောဆုံး စိုက်ပျိုးခဲ့ပြီး ဆူမေးရီးယန်းများက ပျော်ရွှင်မှုအပင် (Hul-gai) ဟုခေါ်ဆိုကြပါသည်။ “ဘိန်း”ဆိုသည့် ဝေါဟာရမှာ မြန်မာမူရင်းစကားလုံးမဟုတ်ပါ။ ဘိန်းကို ဥရောပ အလယ်ပိုင်းနှင့် အာရှမိုင်းနားဒေသတွင် “အိဖွန်” ဟုခေါ်ဆို၍ ပါဠိဘာသာဖြင့် “အိဟိဖန” (Ahiphena)၊ သက္ကတ-သသ်ကရိုက်(Sanskrit) ဘာသာဖြင့် “အဖေန”၊ အိန္ဒိယဘာသာစကားဖြင့် “အဖိန်း” ဟုခေါ်ဆိုရာမှ မွန်-မြန်မာဘာသာဖြင့် “ဘိန်း” ဟုခေါ်ဆိုခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

အေဒီ ၉ ရာစုခန့်တွင် အာရပ်လူမျိုးသမားတော်များက ဘိန်းကို ဆေးကုသရာတွင် စတင်အသုံးပြုခဲ့ရာမှ ဆေးဝါးအဖြစ် နှစ်ပေါင်း ၄၀၀၀ ခန့် ပုံစံအမျိုးမျိုးဖြင့် သုံးစွဲခဲ့ပါသည်။ ခရစ်တော်ပေါ်ပြီး နှစ်ပေါင်း ၁၀၀၀ အတွင်း ဘိန်းသည် မြေထဲပင်လယ်ဒေသမှ အာရှနှင့် အရှေ့ဖျားနိုင်ငံများသို့ ပျံ့နှံ့လာခဲ့ပြီး အရှေ့အလယ်ပိုင်းဒေသမှ ဘိန်းစိုက်ပျိုးရေးလုပ်ငန်းသည် အာရပ်ကုန်သည်များ ကုန်စည်ကူးသန်းရောင်းဝယ်ရာမှ အိန္ဒိယနှင့် တရုတ်နိုင်ငံဘက်သို့ရောက်ရှိလာခဲ့သည်။ ၁၆ ရာစုခန့်တွင် အာရပ်နှင့် ပေါ်တူဂီကုန်သည်များ အာရှဒေသနှင့် အိန္ဒိယနိုင်ငံသို့ ကုန်စည်ကူးသန်းရာမှ ဘိန်းမျိုးစေ့များရောက်ရှိလာပြီး အိန္ဒိယနှင့် တရုတ်နိုင်ငံတို့တွင် ဘိန်းစိုက်ပျိုးမှုဖြစ်ပေါ်လာခဲ့ကြောင်း တွေ့ရှိရပါသည်။

### မြန်မာနိုင်ငံသို့ဘိန်းရောက်ရှိလာခြင်း

မြန်မာနိုင်ငံသို့ ၁၅၁၅ ခုနှစ်မှ ၁၅၈၀ ပြည့်နှစ်များအတွင်း၌ ဘိန်းစတင်ရောက်ရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပြီး ၁၈၂၆ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီးတွင် ကိုလိုနီအစိုးရက ဘိန်းလိုင်စင်များချထား၍ ဘိန်းခန်းများဖွင့်လှစ်ခွင့်ပြုရာမှ မြန်မာနိုင်ငံတွင် ဘိန်းသုံးစွဲမှုစတင်လာခဲ့ပါသည်။ ဘိန်းကုန်သွယ်မှု၊ ဘိန်းစားသုံးမှုများ ရှိလာသည့်အပြင် ပတ်ဝန်းကျင်ဒေသတွင်း ကိုလိုနီနိုင်ငံများတွင်လည်း ဘိန်းစားသုံးသည့် အလေ့အထများ ရှိလာပြီး ဘိန်းဝယ်လိုအားများလာခြင်း၊ ဘိန်းဝယ်လိုအားများလာသည်နှင့်အမျှ မြန်မာနိုင်ငံ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဆုံရာနယ်မြေ (နောင်တွင် ရွှေတြိဂံဒေသဟုခေါ်ဆိုလာသည့်)သို့ ပတ်ဝန်းကျင်ဒေသများမှ ဘိန်းမျိုးစေ့များ၊ ဘိန်းစိုက်သည့်အလေ့အထများ ဝင်ရောက်လာပြီး ထိုဒေသမှ တောင်ပေါ်သားတို့သည် ဘိန်းစိုက်ပျိုးထုတ်လုပ်လာခြင်း၊ ဆက်စပ်လျက်ရှိသည့် မြန်မာနိုင်ငံတောင်တန်းဒေသများသို့ ဘိန်းမျိုးစေ့များ ပျံ့နှံ့လာခဲ့ခြင်းတို့ကြောင့် မြန်မာနိုင်ငံ ရှမ်းပြည်နယ်ဒေသတွင် ဘိန်းစိုက်ပျိုးမှု စတင်လာခဲ့ကြောင်း တွေ့ရှိရသည်။ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိချိန်တွင် ရှမ်းပြည်နယ်၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာ အတိုင်းအတာတစ်ခုအနေဖြင့်ရှိနေပြီး အနာဂတ်တွင် ပိုမိုများပြားမည့် မူးယစ်ဆေးဝါးပြဿနာများအတွက် မျိုးစေ့ချထားပြီးသကဲ့သို့ဖြစ်နေသည်။ လွတ်လပ်ရေးရပြီးနောက် ၁၉၅၀ ပြည့်နှစ်တွင် မြန်မာအစိုးရက “ ဘိန်းခင်းများနှိပ်ကွပ်ရေးဥပဒေ”ကိုပြဋ္ဌာန်းပြီး ဘိန်းစားသုံးမှုကို ပိတ်ပင်တားမြစ်နိုင်ခဲ့သော်လည်း သံလွင်မြစ်



ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်ရှိ ဘိန်းစိုက်ခင်းများကို သက်ဆိုင်ရာပူးပေါင်းအဖွဲ့က စုပေါင်းဖျက်ဆီးနေမှုမြင်ကွင်း။

အရှေ့ခြမ်း ရှမ်းပြည်နယ်ရှိ ဘိန်းစိုက်ပျိုးမှုပြဿနာမှာ ကျန်ရှိနေသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် တိုင်းရင်းသားလက်နက်ကိုင်များ၊ သောင်းကျန်းသူအဖွဲ့အစည်းများ အများအပြားပေါ်ပေါက်လာခြင်းကြောင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအတွက် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် နိုင်ငံနေရာအနှံ့သို့ သွားလာနိုင်မှုမရှိခြင်းမှာလည်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျှော့ချရာတွင် အဓိကအဟန့်အတားတစ်ခုအဖြစ် ကြုံတွေ့ခဲ့ရသည်။

### ဘိန်းစိုက်ပျိုးမှုအခြေအနေ

မြန်မာနိုင်ငံတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲ၍ ဖွံ့ဖြိုးမှုနောက်ကျသည့်ဒေသများ၊ နယ်မြေတည်ငြိမ်မှုအားနည်းသည့်နေရာများနှင့် တောတောင်ထူထပ်သည့်နေရာများတွင် ဘိန်းစိုက်ပျိုးမှုများပြားကြောင်းတွေ့ရှိရပြီး ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး (အနောက်ခြမ်း)တို့တွင် ဘိန်းစိုက်ပျိုးလေ့ရှိကြောင်း တွေ့ရှိရပါသည်။ ဘိန်းစိုက်ပျိုးမှုကိုတိုင်းတာမှုများအရ ၁၉၉၆ ခုနှစ်တွင်ဘိန်းစိုက်ပျိုးမှု ၁၆၃၀၀၀ ဟက်တာရှိပြီး နိုင်ငံတော်က မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ် စီမံကိန်း ချမှတ်ဆောင်ရွက်မှုကြောင့် ၂၀၀၆ ခုနှစ်တွင် ၂၁၅၀၀ ဟက်တာအထိ ကျဆင်းသွားခဲ့ပြီး နောက်ပိုင်းတွင် အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့ပါသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်များ NCA သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး မူးယစ်ဆေးဝါးကို ကဏ္ဍတစ်ရပ်အနေဖြင့် ထည့်သွင်းဆွေးနွေးခဲ့မှုများကြောင့် ၂၀၂၀ ပြည့်နှစ်တွင် ၂၉၅၀၀ ဟက်တာအထိ ကျဆင်းသွားခဲ့ပါသည်။ ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် လက်နက်ကိုင်သောင်းကျန်းသူများက ဒေသခံပြည်သူများအား ဘိန်းစိုက်ပျိုးမှုတိုးချဲ့ရန် တွန်းအားပေးစေခိုင်းခြင်း၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက နိုင်ငံ၏နေရာအနှံ့သို့သွားလာ၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆောင်ရွက်ရန် အကန့်အသတ်ရှိလာခြင်းတို့ကြောင့် ၂၀၂၁ ခုနှစ်မှစတင်၍ ဘိန်းစိုက်ပျိုးမှု အနည်းငယ်မြင့်တက်လာခဲ့ပါသည်။

### မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်

ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပြဿနာအပေါ် ချဉ်းကပ်ဖြေရှင်းရာတွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ပြဋ္ဌာန်းခဲ့သည့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်အရ ထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုးဖွံ့ဖြိုးရေး၊ သုံးစွဲမှုလျှော့ချရေးနှင့် နောက်ဆက်တွဲအန္တရာယ်လျှော့ချရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၊ သုတေသနလုပ်ငန်းများတိုးမြှင့်ရေး၊ လူ့အခွင့်အရေးပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရေးဆိုသည့် မူဝါဒများနှင့်အညီ ကိုင်တွယ်ဖြေရှင်းလျက်ရှိပါသည်။

> ❝ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သော လုပ်ငန်းများအပေါ် မှီခိုနေရမှုလျော့ချနိုင်ရေးအတွက် အခြေခံအဆောက်အအုံများနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေးအပါအဝင် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုသည့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်နှင့်အညီ တစ်ဖက်မှဘိန်းစိုက်ပျိုးမှုသတင်းများကိုရယူဖော်ထုတ်၍ ဘိန်းခင်းဖျက်ဆီးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ဘိန်းစိုက်ဒေသများ၌ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်❞

ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သော လုပ်ငန်းများအပေါ် မှီခိုနေရမှုလျော့ချနိုင်ရေးအတွက် အခြေခံအဆောက်အအုံများနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တည်တံ့သောအသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေးအပါအဝင် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုသည့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်နှင့်အညီ တစ်ဖက်မှဘိန်းစိုက်ပျိုးမှုသတင်းများကိုရယူဖော်ထုတ်၍ ဘိန်းခင်းဖျက်ဆီးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ဘိန်းစိုက်ဒေသများ၌ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်၍ ဘိန်းစိုက်တောင်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

### ဘိန်းစိုက်တောင်သူ

ဘိန်းစိုက်တောင်သူအများစုမှာ လွန်စွာဆင်းရဲနွမ်းပါးကြပါသည်။ ဘိန်းသည်လူ့အဖွဲ့အစည်းကို မည်မျှထိခိုက်စေကြောင်း၊ ကမ္ဘာတစ်ဝန်းမူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုနှင့် သုံးစွဲမှုများ အဆမတန်မြင့်တက်လာမှုကြောင့် နိုင်ငံအသီးသီး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ထိခိုက်ပျက်စီးစေလျက်ရှိကြောင်း၊ အနာဂတ်လူငယ်မျိုးဆက်သစ်များအတွက်ဆိုးရွားသော အန္တရာယ်ကျရောက်စေမည့် စိန်ခေါ်မှုများဖြစ်ပေါ်စေလျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုမှ ရရှိလာသည့် အကျိုးအမြတ်နှင့် ငွေကြေးတို့သည် အစွန်းရောက်အကြမ်းဖက်တိုက်ခိုက်မှု၊ လက်နက်မှောင်ခိုမှု၊ လူကုန်ကူးမှု၊ ပင်လယ်ဓားပြမှု၊ ငွေကြေးခဝါချမှုနှင့် အကျင့်ပျက်ခြစားမှု စသည့် နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်ပေါ်စေကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို များစွာထိခိုက်စေ၍ လူသားအရင်းအမြစ်များဆုံးရှုံးလာပြီး လူရာမဝင် လူစဉ်မမီသည့် မျိုးဆက်သစ်လူ့အဖွဲ့အစည်းများ ဖြစ်လာစေနိုင်ကြောင်းကိုဘိန်းစိုက်သူများအနေဖြင့် ဗဟုသုတရှိချင်မှရှိကြမည်၊ ဘိန်းစိုက်ရာသီတွင် မိသားစုစားဝတ်နေရေးအတွက် တောင်စောင်း၌ထွန်ယက်ပြီး ဘိန်းခင်းတစ်ဧက (သို့မဟုတ်) နှစ်ဧကကိုစိုက်ပျိုးမည်၊ ဘိန်းစိုက်ရန် အရင်းအနှီးထုတ်ပေးမည့်နောက်ကွယ်မှသူတွေ အဆင်သင့်ရှိသည်၊ ဈေးကွက်ရှာရန်မလို ဘိန်းပေါ်လျှင်လာရောက်သိမ်းယူမည့်သူတွေအဆင်သင့်ရှိသည်။ ဘိန်းတစ်ဧကကို အထွက်နှုန်းအပေါ်မူတည်၍ လေးပိဿာနှင့်ခြောက်ပိဿာကြားရမည်ဆိုလျှင် ဘိန်းတစ်ပိဿာငွေကျပ် ငါးသိန်းခန့်နှင့်တွက်ပါက ဘိန်းတစ်ဧကငွေကျပ်သိန်း ၂၀ မှ သိန်း ၃၀ ကြားရမည်၊ ရရှိသည့်ငွေဖြင့် စားဝတ်နေရေး ဖြေရှင်းရသည်။ ကျွမ်းကျင်သူပညာရှင်များ၏ တွက်ချက်မှုအရ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုတွင် အဓိကအကျိုးအမြတ်ရရှိသူများမှာ လက်နက်ကိုင်သောင်းကျန်းသူများ၊ နောက်ကွယ်မှ အရင်းအနှီးထုတ်ပေးသူများ၊ မူးယစ်ဆေးဝါးဂိုဏ်းများသာဖြစ်ပြီး ဘိန်းစိုက်တောင်သူများ၏ဝင်ငွေမှာ Zero Level သာဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၉ ခုနှစ် မေလ ၈ ရက်မှ ၁၀ ရက်နေ့အထိ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့တွင် ပြုလုပ်ခဲ့သည့် ခုနစ်ကြိမ်မြောက် **စာမျက်နှာ ၂၃ သို့** ■

■ စာမျက်နှာ ၂၂ မှ

ဘိန်းစိုက်တောင်သူများညီလာခံ သဘောထားထုတ်ပြန်ချက်၏ ဖော်ပြချက်အရ ဘိန်းစိုက်တောင်သူများသည် တောင်တန်းဒေသများတွင် သီးခြားနေထိုင်ရပြီး အလုပ်အကိုင်အခွင့်အလမ်းနည်းပါး၍ အသက်မွေးဝမ်းကျောင်းအတွက် ဘိန်းစိုက်ပျိုး၍ရရှိလာသောဝင်ငွေကို မိသားစုစားဝတ်နေရေးနှင့် ကလေးများ၏ ပညာရေး၊ ကျန်းမာရေးအတွက် အသုံးပြုကြရကြောင်း၊ ဘိန်းစိုက်ပျိုးမှု၏ အဓိကအချက်မှာ ဆင်းရဲနွမ်းပါးမှုဖြစ်ကြောင်း၊ လူအချို့က ဘိန်းစိုက်တောင်သူများငွေကြေးများစွာရရှိနေသည်ဟု ယူဆနေကြသော်လည်း အမှန်တကယ်မှာ ဆင်းရဲနေကြဆဲဖြစ်ကြောင်း၊ ဘိန်းစိုက်တောင်သူများကို အပြစ်ကျူးလွန်သူများအဖြစ် မမြင်စေလိုကြောင်းနှင့် အစိုးရကိုဆန့်ကျင်ရန်၊ ကမ္ဘာကြီးကိုဆန့်ကျင်ရန် ဘိန်းစိုက်ပျိုးခြင်းမဟုတ်ဘဲ အသက်ရှင်နေထိုင်ရန်အတွက်သာ ဘိန်းစိုက်ကြခြင်းဖြစ်ကြောင်း၊ ဘိန်းစိုက်တောင်သူများသည် ဆယ်စုနှစ်ပေါင်းများစွာ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေသောနယ်မြေများ၌ နေထိုင်ရပြီး လက်နက်ကိုင်ပဋိပက္ခသည် ဘိန်းစိုက်ပျိုးမှုကို နောက်ကွယ်မှ အဓိကတွန်းအားပေးလျက်ရှိကြောင်း၊ ငြိမ်းချမ်းမှုမရှိသမျှကာလပတ်လုံးဖွံ့ဖြိုးတိုးတက်မှုရှိလာမည်မဟုတ်သဖြင့် အခြေခံစားဝတ်နေရေးအတွက် ဘိန်းကိုစိုက်ပျိုးနေရကြောင်း၊ တရားမဝင်လက်နက်ကိုင်အဖွဲ့များသည် ဘိန်းစိုက်ပျိုးမှုကို တွန်းအားပေးပြီး ၎င်းတို့နှင့်အချိတ်အဆက်ရှိသည့် ကုန်သည်များကိုသာ ဘိန်းဝယ်ယူရောင်းချခွင့်ပြုခြင်းဖြင့် ဘိန်းစိုက်ပျိုးမှုနှင့် ဘိန်းထုတ်လုပ်မှုကို လက်ဝါးကြီးအုပ်ထားကြောင်း ဖော်ပြထားသည်ကိုတွေ့ရှိရပါသည်။

### ဒေသတွင်းနိုင်ငံများ၏ ဘိန်းအစားထိုးဖွံ့ဖြိုးရေးလုပ်ငန်း

မဲခေါင်ဒေသတွင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံသည် ၁၉၅၈ ခုနှစ်တွင် ဘိန်းစိုက်ပျိုးခြင်းကိုပိတ်ပင်ခဲ့သော်လည်း အရင်းအမြစ်မလုံလောက်မှု၊ ဒေသနေပြည်သူများ နားလည်မှုနည်းပါးခြင်းကြောင့် အောင်မြင်သင့်သလောက် မအောင်မြင်ခဲ့ကြောင်း၊ ၁၉၆၉ ခုနှစ်တွင် ချင်းမိုင်ခရိုင်ရှိ အချို့ဘိန်းစိုက်ပျိုးသူများသည် ဒေသထွက်မက်မွန်သီးများရောင်းချခြင်းမှ ဝင်ငွေရရှိကြောင်းသိရှိခဲ့ပြီး မက်မွန်သီးစိုက်ပျိုးခြင်းသည် ဘိန်းထက်ဝင်ငွေပိုမိုရရှိ၍ ရာဇဝတ်မှုမမြောက်ကြောင်းကို ဒေသခံများသိရှိအောင် အစိုးရကဆောင်ရွက်ခဲ့ပြီး Princess Mother's Medical Volunteer Foundation မှတစ်ဆင့် ဝေးလံသောတောင်ပေါ်ဒေသရှိ ပြည်သူများ၏ စာသင်ကြားမှု၊ ဆင်းရဲမွဲတေမှုနှင့် ကျန်းမာရေးကိစ္စများကို ဆယ်စုနှစ်များစွာထောက်ပံ့ကူညီခဲ့ကြောင်း၊ အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများပူးပေါင်း၍ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မျိုးစေ့၊ ဓာတ်မြေဩဇာ၊ လေ့ကျင့်သင်ကြားရေးနှင့် အခြေခံအဆောက်အအုံများပံ့ပိုးပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ရာ ယခုအခါအောင်မြင်မှုများရရှိခဲ့ကြောင်း၊ ၁၉၇၁ ခုနှစ်တွင် ထိုင်းနိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့သည် UNFDAC နှင့်ပူးပေါင်း၍ အစားထိုးသီးနှံနှင့် ရပ်ရွာဖွံ့ဖြိုးရေးစီမံကိန်းများကိုတည်ထောင်၍ အာရေးဗီးကားကော်ဖီ (ArabicaCoffee)၊ လက်ဖက်ခြောက်၊ ဂေါ်ဖီထုပ်၊ ပန်းသီးနှင့်အလှဆင်ပန်းများအပါအဝင် သီးနှံမျိုးစိတ်အသစ် ၁၅၀ ကျော်ကို ဘိန်းစိုက်တောင်သူများအား မျိုးဖြန့်ဝေခြင်း၊ ဖွံ့ဖြိုးရေးစင်တာများနှင့် သုတေသနစခန်းများဖွင့်လှစ်ပေးခြင်း၊ ဘိန်းအစားထိုးထုတ်ကုန်များကို Doi Kham အမှတ်တံဆိပ်ဖြင့် စူပါမားကတ်များတွင်တင်၍ဖြန့်ဖြူးပေးခြင်း၊ သစ်သီးခြောက်နှင့်

> ❝ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများအနေဖြင့် ဘိန်းစိုက်ပျိုးရာဒေသများတွင် လမ်းဖောက်လုပ်ပေးခြင်း၊ ရေရရှိရေး၊ လျှပ်စစ်ရရှိရေးဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေး / မွေးမြူရေးအတွက် မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးပေးခြင်း၊ ရေရှည်တည်တံ့သော အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း စသည့် (Substainable Development) ဖြစ်စေမည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၂၄ ခုနှစ်အတွင်း စီမံကိန်းဝင်မြို့နယ် ၅၅ မြို့နယ်၌ နှစ်ချင်းသီးနှံမျိုးစေ့ဖြန့်ဖြူးခြင်း၊ နှစ်ရှည်ပျိုးပင်ဖြန့်ဖြူးပေးခြင်း၊ ဓာတ်မြေဩဇာသုံးစွဲမှု၊ စိုက်ပျိုးရေးပညာပေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက် ❞

ဖျော်ရည်ထုတ်ကုန်များကို ဂျပန်၊ တရုတ်နှင့် ရုရှားနိုင်ငံများတွင်ဈေးကွက်ရရှိရန် ဆောင်ရွက်ပေးခြင်း၊ ချင်းရိုင်ပြည်နယ်တွင် Mae Fah Luang Foundation ၏ ဘိန်းအစားထိုးဖွံ့ဖြိုးရေး Doi Tung ကော်ဖီစေ့များကို ဂျပန်လေကြောင်းလိုင်းများနှင့် ဂျပန်လက်လီအရောင်းဆိုင် Muji စတိုးဆိုင်များတွင် ရောင်းချနိုင်ရေးဆောင်ရွက်ပေးခြင်းတို့ ပြုလုပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အလားတူ လာအိုနိုင်ငံသည် နိုင်ငံမြောက်ဘက်ပိုင်းရှိ ဆင်းရဲပြီးဝေးလံသီခေါင်သည့်ပြည်နယ်များတွင် ဘိန်းစိုက်ပျိုးလျက်ရှိသည့်အတွက် အဓိကဘိန်းစိုက်ပျိုးသည့်နေရာများ၌ အစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် တောင်သူအစုအဖွဲ့ပိုင် ဗန်မိုင်သမဝါယမအသင်းသည် ကော်ဖီစိုက်ပျိုး၍ ပြင်သစ်မာလန်ဂိုကော်ဖီကုမ္ပဏီ (Malongo Coffee) နှင့် နှစ်ရှည်အရောင်းအဝယ် သဘောတူညီချက်စာချုပ်လက်မှတ်ရေးထိုးပြီး ၂၀၂၅ ခုနှစ်အထိ ကော်ဖီဈေးကွက် ရရှိနိုင်ရန်ဆောင်ရွက်၍ ကော်ဖီမှုန့်များကို ဥရောပဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ကြောင်း၊ ဗန်မိုင်သမဝါယမအသင်း၏ အောင်မြင်မှုကို အခြေခံ၍ အလားတူစီမံကိန်းတစ်ခုကို ဖုန်စလေပြည်နယ်တွင် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး (UNODC) နှင့်ညှိနှိုင်း၍ ၂၀၂၃ ခုနှစ်တွင် ဆောင်ရွက်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါသည် တရားဝင်ကုန်ပစ္စည်းများ ကူးသန်းရောင်းဝယ်မှုလမ်းကြောင်းများကို ဖြတ်တောက်ခဲ့သဖြင့် နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် ဘိန်းစိုက်ပျိုးမှုဘက်သို့ဦးတည်သွားသည့်လူဦးရေ ပိုမိုများပြားလာနိုင်သည့်အတွက် ဘိန်းအစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်နှင့် ဘိန်းအစားထိုးသီးနှံ ကော်ဖီပင်စိုက်ပျိုးခြင်းသည် ရေရှည်ဝင်ငွေရရှိနိုင်သည့်လုပ်ငန်းဖြစ်ကြောင်း သိရှိလာစေရန်ဆောင်ရွက်လျက်ရှိကြောင်း သတင်းဖော်ပြချက်များအရ လေ့လာတွေ့ရှိရပါသည်။

### ဘိန်းအစားထိုးဖွံ့ဖြိုးရေးလုပ်ငန်း

မြန်မာနိုင်ငံအနေဖြင့်လည်း ဘိန်းစိုက်ပျိုးမှုပပျောက်ရေး စီမံကိန်းရေးဆွဲဆောင်ရွက်ခဲ့ရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှုလုံးဝချုပ်ငြိမ်းပပျောက်ရေး၊ မူးယစ်ဆေးဝါးစိုက်ပျိုး၊ ထုတ်လုပ်၊ သုံးစွဲသူများ၏ ယုံကြည်ချက်၊ ခံယူချက်နှင့် စိတ်ဓာတ်မြင့်မားတိုးတက်ပြောင်းလဲရေး၊ တောင်ပေါ်မြေပြန့် တိုင်းရင်းသားအချင်းချင်း လွယ်ကူစွာကူးလူးဆက်ဆံနိုင်ရေး၊ နယ်စပ်ဒေသရှိတိုင်းရင်းသားများ၏စီးပွားရေးနှင့် လူနေမှုဘဝတိုးတက်မြင့်မားရေး စသည့်အချက်များကို မူဝါဒတစ်ရပ်အနေဖြင့် ထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများအနေဖြင့် ဘိန်းစိုက်ပျိုးရာဒေသများတွင် လမ်းဖောက်လုပ်ပေးခြင်း၊ ရေရရှိရေး၊ လျှပ်စစ်ရရှိရေးဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေး/ မွေးမြူရေးအတွက် မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးပေးခြင်း၊ ရေရှည်တည်တံ့သော အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း စသည့် (Substainable Development) ဖြစ်စေမည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ လက်အောက်ရှိ သီးနှံများအစားထိုး စိုက်ပျိုးရေးအဖွဲ့အနေဖြင့် ၂၀၂၄ ခုနှစ်အတွင်း စီမံကိန်းဝင်မြို့နယ် ၅၅ မြို့နယ်၌ နှစ်ချင်းသီးနှံမျိုးစေ့ဖြန့်ဖြူးခြင်း၊ နှစ်ရှည်ပျိုးပင်ဖြန့်ဖြူးပေးခြင်း၊ ဓာတ်မြေဩဇာသုံးစွဲမှု၊ စိုက်ပျိုးရေးပညာပေးသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ မွေးမြူရေးအဖွဲ့အနေဖြင့် ၂၀၂၄ ခုနှစ်တွင် ပုဂ္ဂလိကပျားမွေးမြူသူလုပ်ငန်းရှင်များနှင့် ကျေးလက်နေပြည်သူများအား ပျားမွေးမြူရေးသင်တန်းများပို့ချပေးခြင်း၊ စီမံကိန်းဝင် ၅၁ မြို့နယ်တွင် ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ အခြားတိရစ္ဆာန် ၁၃၁၅၇၉၆ ကောင်ကို ရောဂါကာကွယ်ပေးနိုင်ခဲ့ပြီး ၁၈၁၂၉၇ ကောင်တို့ကို ရောဂါကုသပေးနိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်နှင့် မိုင်းဆတ်မြို့နယ်တို့၌ ထိုင်းနိုင်ငံ မယ့်ဖားလုံဖောင်ဒေးရှင်းနှင့်ပူးတွဲ၍ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးစီမံကိန်းကို ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိဆောင်ရွက်ခဲ့ရာ ကျန်းမာရေးထောက်ပံ့မှု၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှု၊ မွေးမြူရေးနှင့်ကုသရေး၊ စီးပွားဖြစ်သစ်တောနှင့် အသုံးချသစ်တောလုပ်ငန်း၊ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ခြင်း၊ စီးပွားစစ်တမ်းကောက်ယူခြင်းလုပ်ငန်း၊ လေ့လာရေးခရီးစဉ်၊ စီမံကိန်းဧရိယာအတွင်းသို့ ကိုယ်စားလှယ်များလေ့လာရေးနှင့် စွမ်းဆောင်ရည်မြှင့်သင်တန်းများပေးခြင်း စသည့်လုပ်ငန်းများ ပါဝင်ခဲ့ပါသည်။ အလှူရှင်နိုင်ငံများ၏ထောက်ပံ့မှုဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် ဟိုပုံးမြို့နယ်နှင့် ရွာငံမြို့နယ်အတွင်းရှိ စီမံကိန်းကျေးရွာ ၆၀ တွင် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းကို နှစ်အလိုက်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံမှ ဘိန်းအစားထိုးကော်ဖီစိုက်တောင်သူများ၏ ရွှေစိမ်း (Green Gold) ကော်ဖီစိုက်တောင်သူသမဝါယမအသင်းနှင့် ပြင်သစ်နိုင်ငံမှ မာလန်ဂို (Malongo Coffee) ကုမ္ပဏီတို့အကြား ငါးနှစ်စီမံကိန်းကို လက်မှတ်ရေးထိုး၍ အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းဒေသများမှထွက်ရှိသော ကော်ဖီတန်ချိန် ၆၀၀ ကျော်ကို ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် သဘောတူစာချုပ်ချုပ်ဆိုခဲ့ပါသည်။ အရည်အသွေးကောင်းမွန်သည့် အစားထိုးသီးနှံကော်ဖီများကို Malongo ကော်ဖီကုမ္ပဏီမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိရာ ၂၀၁၈ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ကော်ဖီတန်ချိန် ၇၁၇ ဒသမ ၂၂ တန် တင်ပို့ရောင်းချခဲ့ပြီး ဈေးကွက်သစ်အဖြစ် ဂျပန်နိုင်ငံသို့ ကော်ဖီ သုည ဒသမ ၆ တန် တင်ပို့ရောင်းချနိုင်ခဲ့ပါသည်။

အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာကို ၂၀၂၂ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံဘက်မှ တာဝန်ခံဌာနများနှင့် ထိုင်းနိုင်ငံ မယ့်ဖားလုံဖောင်ဒေးရှင်းတို့က ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် နောင်တရားဒေသတွင် အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါစီမံကိန်းအနေဖြင့် ပင်လောင်းမြို့နယ် နောင်တရားဒေသရှိ မွှေးပြင်၊ ပင်ခင်၊ လွယ်မော၊ ပေါ့အင်ကျေးရွာအုပ်စုလေးအုပ်စု၊ ကျေးရွာ ၉၆ ရွာ၊ အိမ်ထောင်စု ၆၁၄၉ စုတွင် ကော်ဖီပင်စိုက်ပျိုးခြင်း၊ လက်ဖက်ပင်စိုက်ပျိုး၍ လက်ဖက်ခြောက်ထုတ်လုပ်ခြင်း၊ ပြောင်းစိုက်ပျိုးခြင်း၊ နွားမွေးမြူခြင်း စသည့် ဘိန်းအစားထိုးစိုက်ပျိုး/ မွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဒေသတွင်းနိုင်ငံများတွင် ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် ဘိန်းစိုက်ဒေသများတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်၊ သန့်ရှင်းသည့်သောက်ရေ/သုံးရေရရှိရန်၊ လျှပ်စစ်မီး၊ ကျန်းမာရေး၊ ပညာရေး စသည့်အခြေခံအဆောက်အအုံ လိုအပ်ချက်များပြည့်စုံရန်ဆောင်ရွက်ပေးခြင်း၊ ဘိန်းစိုက်တောင်သူများအတွက် အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းများဆောင်ရွက်ပေးခြင်း၊ စီမံကိန်းမှထွက်ရှိသည့် ထုတ်ကုန်များကို ဈေးကွက်ရရှိရေးဆောင်ရွက်ပေးခြင်း၊ သုတေသနနှင့် မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း အလားတူအစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် တရားဥပဒေစိုးမိုးရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးတို့မှာ အဓိကကျပြီး လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းမှုချုပ်ငြိမ်းသည်နှင့်အမျှ နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးလျက်ရှိသည့် ဘိန်းစိုက်ပျိုးမှု လျော့နည်းပပျောက်ရေးနှင့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ပိုမိုအောင်မြင်မည်ဖြစ်ပါသည်။ မူးယစ်ဆေးဝါးကင်းစင်သော လူမှုအသိုက်အဝန်းတည်ဆောက်ရေးအတွက် နိုင်ငံတကာအသိုက်အဝန်းအပါအဝင် သက်ဆိုင်သူအားလုံးကလည်း နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ရန်လိုအပ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**ကိုးကား –**

- **မြန်မာနိုင်ငံ၏မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ရွက်ချက် နှစ်ပတ်လည်အစီရင်ခံစာများ**
- **Statement from the 7th, Myanmar Opium Farmer’s Forum,10 May 2019**
- **How Thailand Became a Model for Alternative Development ( Internet)**
- **Internet**

# မန်းရွှေစက်တော်ရာဘုရား ဗုဒ္ဓပါဒပူဇနိယပွဲတော် ပိတ်ပွဲကျင်းပ



**မင်းဘူး မေ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ရာဘုရား ဗုဒ္ဓပါဒပူဇနိယပွဲတော် ပိတ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန်းရွှေစက်တော်ရာဘုရား ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများက အောက်စက်တော်ရာနှင့် အထက်စက်တော်ရာ ပါဒစေတီတော်နှစ်ဆူအား ဗုဒ္ဓါဘိသေက အနေကဇာ တင်လှူပူဇော်ခဲ့ပြီးနောက် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် တာဝန်ရှိသူများက မန်းရွှေစက်တော်ရာ ဘုရား ပါဒစေတီတော်နှစ်ဆူအား နမ္မဒါရေစင် သွန်းဖျန်း၍ ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကာ အောက်ခြေတော်ရာ ပါဒစေတီတော် အလင်းပေါက် ဖန်ဦးသျှောင်တော်အား စက်ခလုတ်နှိပ်ပိတ်သိမ်းခြင်းနှင့် အထက်စက်တော်ရာ ပါဒစေတီတော် ခြေတော်ရာသံတံခါးအား သော့ခတ်ပိတ်သိမ်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်ပြီး မန်းရွှေစက်တော်ရာဘုရားရှိ သုံးထပ်ဆောင်သာသနာ့ဗိမာန်တော်၌ မန်းရွှေစက်တော်ရာဘုရား ဗုဒ္ဓပူဇနိယပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းနှင့် ပါဒစေတီတော်နှစ်ဆူ ခြေတော်ရာပိတ်သိမ်းပွဲ အောင်မြင်ခြင်းအထိမ်းအမှတ် မဟာအလှူတော်မင်္ဂလာအခမ်းအနားကို ကျင်းပရာ တက်ရောက်လာကြသူများက ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကာ ပရိတ်တရားတော်များ နာယူကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်ဦးကုသိုလ်အဖြစ် မန်းရွှေစက်တော်ရာဘုရားကြီးရှိ မန်းချောင်းအတွင်း နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ ၂၅၀၀၀ ကို ဇီဝိတဒါနငါးလွှတ်ကုသိုလ်ပြု ဆောင်ရွက်ခြင်းနှင့် အောက်စက်တော်ရာ နဂါးအိုင်တွင် နဂါးစာကျွေး ကုသိုလ်ပြုခြင်း၊ ကိုးခန်းကြီးဘုရားမှ အထက်စက် တော်ရာသို့ တက်ရောက်နိုင်ရန် ဓာတ်လှေကား တည်ဆောက်မည့်နေရာအား ကြည့်ရှုစစ်ဆေးပြီး မန်းရွှေစက်တော်ရာဘုရားကြီးအတွက် နဝကမ္မ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို) နှစ်သစ်ကူး စုပေါင်းကုသိုလ်များ ပြုလုပ်




**နေပြည်တော် မေ ၁၇**

မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)မှ ဦးဆောင်လျက် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကံလှဘုန်းတော်ကြီးကျောင်း၌ မေ ၁၆ ရက်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်သည့် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်ကုသိုလ်ယူခဲ့ကြသည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့ နံနက်ပိုင်းတွင် ပဋ္ဌာန်းပိတ်သိမ်းပွဲ ကျင်းပ၍ ငလျင်ဒဏ်သင့်ပြိုကျပျက်စီးခဲ့သော ကံလှသိမ်တော်ကြီး အသစ်ဆောက်လုပ်လှူဒါန်းမှု၊ ပဉ္စလောဟာကြေးသွန်းဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး လှူဒါန်းပူဇော်မှု၊ ဓမ္မရောင်ခြည်စံကျောင်းတော်အား ပြန်လည် မွမ်းမံဆောက်လုပ်လှူဒါန်းမှု၊ ရွှေကံပွင့်ဆုတောင်းပြည့်စေတီတော် တည်ထားပူဇော်မှု၊ ဘုရားစေတီကျောင်း ပုရိဝုဏ်ပတ်လည် တံတိုင်း လိုအပ်လျက်ရှိသော ၄၉၁ ပေ စုပေါင်းတည်ဆောက်လှူဒါန်းမှု၊ စေတီပျက်နေရာသာသနာ့မြေအား စက်ယန္တရားတို့နှင့် ရှင်းလင်းဖော် ဆောင်ပေးမှု စုပေါင်းကုသိုလ်ကောင်းမှုအစုစုအား မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းအနေဖြင့် စုပေါင်းကျင်းပလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲ ကျင်းပ

**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်အတွင်း ၉၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန့်တော့ပွဲ အခမ်း အနားကို ယနေ့နံနက် ၈ နာရီတွင် အမှတ်(၆)ရပ်ကွက် သုံးထပ်ဆောင် သာသနာ့မကုဋ္ဌ အတုလဗိမာန်တော်ကြီး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိ သူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်း အဖွဲ့တို့က ဩကာသကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ရာ အဘိုးအဘွား များကိုယ်စား အဘိုး ဦးချမ်းငြိမ်းနှင့် ဦးမြမောင်တို့က ကျေးဇူးတင် ဆုတောင်းမေတ္တာစကားပြောကြားပြီး အသက် ၉၀ နှင့်အထက် သက်ကြီးဘိုးဘွားတို့အား ဂါရဝပြုလှူဒါန်းပူဇော်ကန်တော့သည်။

လှိုင်သာယာ (အရှေ့ပိုင်း ) မြို့နယ်တွင် မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့၌ အသက် ၉၀ နှင့်အထက် ဘိုးဘွား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၂ သိန်းနှင့် ကြာဆံကြော်တစ်ပွဲ၊ LIPO အချိုရည်တစ်လုံးနှင့် ရေသန့်တစ်ဘူးနှုန်းဖြင့် အစားအသောက် စုစုပေါင်းတန်ဖိုးငွေကျပ် ၈၇၀၀၀၀ ရှိပြီး အလှူရှင် ဦးဝင်းစိန်မိသားစုက အဘိုးအဘွားတစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် ကျပ် ၃၆၀၀၀၀ နှင့် အလှူရှင် ဦးဝင်းမောင် မိသားစုက အဘိုးအဘွား တစ်ဦးလျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၂၄၀၀၀၀ တို့ကို ဘိုးဘွား ၁၂ ဦးတို့အတွက် စုစုပေါင်းလှူဒါန်းငွေကျပ် ၁၉၁၇၀၀၀၀ တို့အား လှူဒါန်းပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သဃ်န်းကျွန်းခရိုင်၌ သက်ကြီးဘိုးဘွားများပူဇော်ကန်တော့ပွဲ ကျင်းပ



**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်း ဒေသကြီး သဃ်န်းကျွန်းခရိုင်တွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ၏ စီမံကြီးကြပ်မှုဖြင့် ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားများ ပူဇော် ကန်တော့ပွဲတို့ကို နှစ်ဆန်း တစ်ရက်နေ့နံနက်ပိုင်းက ကျင်းပ သည်။

ဦးစွာ နံနက် ၇ နာရီက တောင်ဥက္ကလာပမြို့နယ်ရှိမေတ္တာ ရေကန်၌ ဇီဝိတဒါန စုပေါင်း ငါးလွှတ်ပွဲကိုကျင်းပရာ ခရိုင်စီမံ ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက် နှင့်ဇနီး၊ လွှတ်တော်ကိုယ်စားလှယ် များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ရွှေဝါငါးကြင်းသားပေါက်ကောင် ရေ ၁၀၀၀၀ အား မေတ္တာရေကန် အတွင်းသို့ ဇီဝိတဒါန ဘေးမဲ့ လွှတ်ပေးခဲ့ကြသည်။

ယင်းနောက် တောင်ဥက္ကလာပ မြို့နယ်ရှိသုံးထပ်ဆောင်သာသနာ့ ဗိမာန်တော်ကြီး၌ သက်ကြီး ဘိုးဘွားပူဇော်ပွဲကို ဆက်လက် ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်မိုးထိုက်က အမှာစကား ပြောကြားပြီး တက်ရောက်လာသူ များက ဘိုးဘွားများအား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ ကြကာ မြို့နယ်အတွင်းရှိ အသက် ၉၀ နှင့်အထက် သက်ကြီးဘိုးဘွား ၁၀၁ ဦးတို့အားအလှူငွေနှင့်လှူဖွယ် ပစ္စည်းတို့ဖြင့် လှူဒါန်းပူဇော် ကန်တော့ကြကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

# တောင်ငူမြို့၌ အဘိုးအဘွားများ ပူဇော်ကန်တော့ပွဲ ကျင်းပ



**တောင်ငူ မေ ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကေတုမတီဘိုးဘွားရိပ်သာ၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ကြီးမှူး၍ ၁၃၈၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ အဘိုးအဘွားများ ပူဇော်ကန်တော့ပွဲကို ကေတုမတီဘိုးဘွားရိပ်သာခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးစောထွန်းဦး နှင့်ဇနီး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်နှင့် ဇနီး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးရှောက်စောင့်ရေးအဖွဲ့ဝင်များ က အဘိုးအဘွားများအား လှူဖွယ်ပစ္စည်းများ လှူဒါန်းကြသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်နှင့် မုဒိတာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**



## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ကြီးမှူး၍ ဧပြီ ၁၇ ရက်တွင် ကျရောက်သည့် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက သတ်မှတ်နေရာများတွင် ကျင်းပသည်။

ဦးစွာ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်စစ်ပင်တောင်ရပ်ကွက်ရှိ ငမိုးရိပ်ဆည်၌ ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ရွှေဝါငါးကြင်း သားပေါက်ကောင်ရေ ၉၀၀၀ အား ငမိုးရိပ်ဆည်အတွင်း လွှတ်ပေးခဲ့ကြကြောင်း သိရသည်။

အေးမဥ္ဇူ

## မင်းလှမြို့၌ ဇီဝိတဒါနငါးလွှတ်ပွဲပြုလုပ်

မင်းလှ ဧပြီ ၁၇

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ကြီးမှူးကျင်းပသော မြန်မာနှစ်ဆန်းတစ်ရက် ဇီဝိတဒါန ငါးလွှတ်ပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၂) ရပ်ကွက် ကံကြီးတောရကျောင်း ကန်တော်မင်္ဂလာတွင် ကျင်းပသည်။

အဆိုပါဇီဝိတဒါန ငါးလွှတ်ပွဲကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး ငါးမြစ်ချင်းကောင်ရေ ၂၅၀၀၊ ငါးခုံးမကောင်ရေ ၂၅၀၀ စုစုပေါင်း ငါးကောင်ရေ ၅၀၀၀ ကို ဇီဝိတဒါနအဖြစ် ရေကန်အတွင်း လွှတ်ပေးခဲ့ကြောင်း သိရသည်။

ပေါက်စ(မင်းလှ)





## ပုသိမ်မြို့၌ ဇီဝိတဒါန ဘေးမဲ့ငါးလွှတ်ပွဲ ပြုလုပ်

ပုသိမ် ဧပြီ ၁၇

ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက ပုသိမ်မြို့ အမှတ်(၃) ရပ်ကွက် Royal Lake ရေပြင်တွင် ယနေ့နံနက်ပိုင်းက ဇီဝိတဒါန (အဘယဒါန) ဘေးမဲ့ငါးလွှတ်ပွဲကို ပြုလုပ်သည်။

ထိုသို့ ဇီဝိတဒါန(အဘယဒါန) ဘေးမဲ့ငါးလွှတ်ပွဲသို့ ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုဦး၊ ပုသိမ်ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူရတို့က ဦးဆောင်ပြုလုပ်ခဲ့ပြီး သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅၀၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင် ၃၅ ဦးတို့က ငါးအကောင်ရေ ၃၀၀၀ အား Royal Lake ရေကန်အတွင်းသို့ ဇီဝိတဒါန(အဘယဒါန) ဘေးမဲ့လွှတ်ခဲ့ကြောင်း သိရသည်။

မိုးဟိန်းထက်



## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၇

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနှစ်ဆန်းတစ်ရက်နေ့၌ ဇီဝိတဒါန ငါးလွှတ်ပွဲကို ယနေ့နံနက်ပိုင်းက သမကုန်းအနီး စုပေါင်းရုံးရှေ့ရေကန်၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ငါးများကို စုပေါင်းရုံးရှေ့ရေကန်ထဲသို့ လွှတ်ပေးကြပြီး သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေး တာဝန်ရှိသူများက ငါးများကို လွှတ်ပေးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဇလွန်မြို့တွင် ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားကျင်းပ

ဇလွန် ဧပြီ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ဇီဝိတဒါန ငါးလွှတ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီမြစ်ကမ်းဘေး(ကျီးပင်ဆိပ်)၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် တာဝန်ရှိသူများက ဧရာဝတီမြစ်အတွင်းသို့ ဇီဝိတဒါနအဖြစ် ထိုင်းငါးခုံးမကြီးငါးသားပေါက် ၁၀၀၀၀၊ ရွှေဝါငါးကြင်း ငါးသားပေါက် ၁၀၀၀၀ စုစုပေါင်း ငါးသားပေါက် ၂၀၀၀၀ ကို ငါးလွှတ်ကုသိုလ်ပြု စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဇလွန်(ပြန်/ဆက်)





မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် နံနက်ပိုင်းတွင် အောင်လံမြို့ရှိ ဧရာဝတီမြစ်ကမ်းဘေး၌ ကျင်းပရာ ခရိုင်/မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ငါးမြစ်ချင်းနှင့် ငါးသိုင်းငါးသားပေါက် အကောင်ရေ ၁၀၀၀၀ကို ဧရာဝတီမြစ်အတွင်းသို့ စုပေါင်းလွှတ်ပေးကြစဉ်။

အာကာ(ပြန်/ဆက်)




မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၌ ဧပြီ ၁၇ ရက် နံနက်ပိုင်းက ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲကို ဇော်ဂျီမြစ်မင်းရဲဆည်တွင် ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်နှင့် တာဝန်ရှိသူများက ရွှေဝါငါးကြင်းကောင်ရေ ၄၀၀၀၀ ကို ဇီဝိတဒါန ငါးလွှတ်ပေးစဉ်။

ခရိုင်(ပြန်/ဆက်)

## ဟသ်ာတမြို့နယ်၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ ကျင်းပ



ဟသ်ာတ ဧပြီ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ၁၃၈၈ ခုနှစ်မြန်မာနှစ်ဆန်းတစ်ရက်နေ့ နှစ်သစ်မင်္ဂလာ အချိန်အခါတွင် ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ဟသ်ာတမြို့ ပခန်းရပ်ကွက် ဧရာဝတီမြစ်ဆိပ်ကမ်း၌ ကျင်းပသည်။

ဟသ်ာတမြို့ ပခန်းရပ်ကွက် ကမ်းနားကြီး သင်္ဘောဆိပ်ကမ်းတွင် ၁၃၈၈ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပရာ ရွှေဝါငါးကြင်းအကောင်ရေ ၂၀၀၀၀၊ ထိုင်းငါးခုံးမ အကောင်ရေ ၁၀၀၀၀ တို့အား ငါးမျိုးမပြုန်းတီးရေး ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်၍ ခရိုင်ဥက္ကဋ္ဌ ဦးလှိုင်ထွန်း ဦးဆောင်၍ ဧရာဝတီမြစ်အတွင်းသို့ လွှတ်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# အစ္စရေးနှင့် လက်ဘနွန်တို့ ၁၀ ရက်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီ



ဂျေရုဆလင် ဧပြီ ၁၇

အစ္စရေးနှင့် လက်ဘနွန်နှစ်နိုင်ငံ ၁၀ ရက်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

သို့သော် လက်ဘနွန်တောင်ပိုင်း၌ တပ်စွဲထားသည့် တပ်ဖွဲ့များကို ရုပ်သိမ်းရန် သဘောတူညီထားခြင်းမရှိသေးကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားခဲ့သည်။

နေတန်ယာဟုက လက်ဘနွန်နှင့် သမိုင်းဝင် ငြိမ်းချမ်းရေး သဘောတူညီချက်ရရှိရန် အခွင့်အရေးရှိပါကြောင်း ဧပြီ ၁၆ ရက်တွင် ဗီဒီယိုကြေညာချက်တစ်ခု ထုတ်ပြန်ခဲ့သည်။

ထို့ပြင် လက်ဘနွန်နှင့် ငြိမ်းချမ်းရေး သဘောတူညီချက် မှန်သမျှသည် အီရန်ကျောထောက်နောက်ခံပြု ဟစ်ဇ်ဘိုလာအဖွဲ့အား လက်နက်ဖြုတ်သိမ်းရန် လိုအပ်မည်ဖြစ်ကြောင်း ၎င်းက ထောက်ပြခဲ့သည်။

နေတန်ယာဟုနှင့် လက်ဘနွန်သမ္မတ ဂျိုးဆက်အွန်းတို့သည် လာမည့်သီတင်းပတ် သို့မဟုတ် နှစ်ပတ်အတွင်း အိမ်ဖြူတော်တွင် တွေ့ဆုံမည်ဖြစ်ကြောင်း သမ္မတထရမ့်က သတင်းထောက်များအား ပြောကြားခဲ့သည်။

အခြေအနေများ ပြန်လည်ကောင်းမွန်သည့် အချိန်အထိ လက်ဘနွန်တောင်ပိုင်းနှင့် ဘေရွတ်တောင်ပိုင်းသို့ ပြောင်းရွှေ့နေထိုင်ခြင်းမှ ရှောင်ကြဉ်ရန် ပြည်သူများအား ဟစ်ဇ်ဘိုလာအဖွဲ့က တောင်းဆိုထားသည်။

မတ်လ အစောပိုင်းတွင် နောက်ဆုံး ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် လူပေါင်း ၂၁၀၀ ကျော်သေဆုံးပြီး ၇၁၀၀ ကျော် ဒဏ်ရာရခဲ့ကြောင်း လက်ဘနွန် အာဏာပိုင်များက ပြောကြားခဲ့သည်။


နိုင်ငံအတွင်း အနည်းဆုံး လူ ၁ ဒသမ ၂ သန်း အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်းလည်း ကုလသမဂ္ဂအဖွဲ့က ပြောကြားခဲ့သည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီအကြီးအကဲနှင့် နိုင်ငံတော်သမ္မတ တိုလမ်တို့ တွေ့ဆုံ

ပေကျင်း ဧပြီ ၁၇

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဗီယက်နမ်ကွန်မြူနစ်ပါတီအကြီးအကဲနှင့် နိုင်ငံတော်သမ္မတ တိုလမ်တို့က ပေကျင်းမြို့တော်ရှိ Great Hall of People ၌ ယမန်နေ့က တွေ့ဆုံခဲ့ကြောင်းသိရသည်။



ခေါင်းဆောင်နှစ်ဦးက နှစ်နိုင်ငံ ထောက်ပံ့ရေး ကွင်းဆက်နှင့် စီးပွားရေးအပါအဝင် နယ်ပယ်များစွာတွင် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန် သဘောတူညီခဲ့ကြသည်။

ယခုခရီးစဉ်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ် သမ္မတအဖြစ် ရွေးချယ်ခံရပြီးနောက်ပိုင်း သမ္မတတိုလမ်၏ပထမဆုံးသော နိုင်ငံခြားခရီးစဉ်ဖြစ်သည်။

ကမ္ဘာ့လွတ်လပ်သောကုန်သွယ်မှုစနစ်ကို ကာကွယ်ရန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း သမ္မတရှီကျင့်ဖျင်က သမ္မတတိုလမ်အား ပြောကြားခဲ့သည်။

နှစ်နိုင်ငံ စီးပွားရေး၊ ထောက်ပံ့ရေးကွင်းဆက်များနှင့် နည်းပညာအပါအဝင် ကဏ္ဍများစွာကို လွှမ်းခြုံထားသည့် ကျယ်ပြန့်သော သဘောတူညီချက်များကို ခေါင်းဆောင်နှစ်ဦးက လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် ဗီယက်နမ် ကုန်ပစ္စည်းများအတွက် ဈေးကွက်ဖွင့်ရန်နှင့် မဟာဗျူဟာမြောက် စွမ်းအင်ထောက်ပံ့မှုရရှိစေရေးအတွက် ပူးပေါင်းဆောင်ရွက်မှု ယန္တရားများတည်ဆောက်ရန် သမ္မတတိုလမ်က အဆိုပြုခဲ့ကြောင်း ဗီယက်နမ်အစိုးရက ကြေညာခဲ့သည်။

တရုတ်နှင့် ဗီယက်နမ်တို့သည် သံတမန်ရေးရာ၊ ကာကွယ်ရေးနှင့် ပြည်သူ့လုံခြုံရေးဆိုင်ရာ အဓိကနယ်ပယ်သုံးရပ်တွင် ပထမဆုံးသော ဝန်ကြီးအဆင့်ဆွေးနွေးပွဲကို ပြီးခဲ့သည့်လက ပြုလုပ်ခဲ့သည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# အမေရိကန်- အီရန် အပစ်အခတ်ရပ်စဲရေး သက်တမ်းတိုးနိုင်ဖွယ်ရှိ

ဝါရှင်တန် ဧပြီ ၁၇

အမေရိကန်နှင့် အီရန်တို့က အပစ်အခတ်ရပ်စဲရေးကို သက်တမ်းတိုးရန် စဉ်းစားလျက်ရှိကြောင်း အမေရိကန်မီဒီယာတစ်ခုက ယနေ့ သတင်းဖော်ပြသည်။

နှစ်နိုင်ငံ အပစ်အခတ်ရပ်စဲရေးကို လာမည့်သီတင်းနှစ်ပတ်အတွင်း သက်တမ်းတိုးရန် စဉ်းစားနေကြောင်း သတင်းရင်းမြစ်တစ်ခုအား ကိုးကား၍ ဘလွန်းဘာ့ဂ် သတင်းဌာနက သတင်းဖော်ပြခဲ့သည်။

စေ့စပ်ညှိနှိုင်းရေးမှူးများက အပစ်အခတ်ရပ်စဲရေး သက်တမ်းတိုးရန် တွန်းအားပေးနေသော်လည်း တိုးတက်မှုအနည်းငယ်သာရှိကြောင်း ဝေါစထရိဂျာနယ်က သတင်းဖော်ပြခဲ့သည်။

လက်ရှိအချိန်တွင် ပါကစ္စတန်နိုင်ငံက ဒုတိယအကျော့ မျက်နှာချင်းဆိုင် စေ့စပ်ညှိနှိုင်းမှုကို အကောင်အထည်ဖော်ရန် စေ့စပ်ညှိနှိုင်းသူအဖြစ် တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘက် ရှရစ်ဖ်က ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်လ်မန်နှင့် ဧပြီ ၁၅ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ၌ တွေ့ဆုံခဲ့သည်။ ဒေသတွင်း ထာဝရငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ရည်ရွယ်သည့် သဘောတူညီချက်တစ်ခုဆီသို့ ရောက်ရှိရန် အမေရိကန်နှင့် အီရန်နှစ်ဖက်စလုံးအား တွန်းအားပေးသည့် ပါကစ္စတန်၏ ခိုင်မာသောကတိကဝတ်ကို ထောက်ခံပါကြောင်း ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်လ်မန်က ပြောကြားခဲ့သည်။

အလားတူ ဗိုလ်ချုပ်ကြီး အာဆင်မ်မူနီယာ ဦးဆောင်သည့် ပါကစ္စတန် ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၁၅ ရက်တွင် တီဟီရန်မြို့တော်သို့ ရောက်ရှိခဲ့သည်။

၎င်းတို့၏ ခရီးစဉ်သည် အီရန်ခေါင်းဆောင်များထံ အမေရိကန်၏ မက်ဆေ့ချ်များ ပေးပို့ရန်နှင့် ဒုတိယအကြိမ် စေ့စပ်ညှိနှိုင်းရေး အစီအစဉ်များ ပြုလုပ်ရန် ရည်ရွယ်ထားကြောင်း အီရန်နိုင်ငံပိုင်မီဒီယာက သတင်းဖော်ပြခဲ့သည်။

ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်

# ဘီဘီစီရုပ်သံဌာနက ဝန်ထမ်း ၂၀၀၀ လျှော့ချမည်

လန်ဒန် ဧပြီ ၁၇

ဗြိတိန်အများပြည်သူပိုင် ရုပ်သံဌာန ဘီဘီစီ (BBC)က ကုန်ကျစရိတ်လျှော့ချရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် ၎င်း၏ ဝန်ထမ်းအင်အားကို ၁၀ ရာခိုင်နှုန်း သို့မဟုတ် အလုပ်အကိုင်ပေါင်း ၂၀၀၀ အထိ လျှော့ချသွားမည်ဖြစ်ကြောင်း ယမန်နေ့က ပြောကြားခဲ့သည်။

လာမည့်နှစ်နှစ်အတွင်း ပေါင်သန်း ၅၀၀ သို့မဟုတ် ၆၇၅ သန်းကို သက်သာစေရန်အတွက် ယခုကဲ့သို့ စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

ဝန်ထမ်း ၁၀ ဦးလျှင် တစ်ဦး သို့မဟုတ် အလုပ်အကိုင်ပေါင်း ၁၈၀၀ မှ ၂၀၀၀ ကြားလျှော့ချခြင်းခံရမည်ဖြစ်သည်။

ဘီဘီစီရုပ်သံဌာနက သိသာထင်ရှားသော ငွေကြေးဆိုင်ရာ အခက်အခဲအကျပ်အတည်းများနှင့် ရင်ဆိုင်နေရကြောင်း ၎င်း၏ ဝန်ထမ်းများအား ပြောကြားခဲ့သည်။ ရုပ်သံလိုင်းများ သို့မဟုတ် ဝန်ဆောင်မှုအချို့ကို ပိတ်ပစ်နိုင်ခြေရှိကြောင်း ရုပ်သံဌာနက ဆက်လက်ပြောကြားခဲ့သည်။

ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားခြင်း၊ လိုင်စင်အခကြေးငွေနှင့် ကုန်သွယ်မှုဝင်ငွေကျဆင်းခြင်းကဲ့သို့သော အကြောင်းရင်းများကြောင့် ဝန်ထမ်းများ လျှော့ချရခြင်းဖြစ်ကြောင်း အဆိုပါရုပ်သံဌာနက ပြောကြားခဲ့သည်။

ဘီဘီစီ ညွှန်ကြားရေးမှူးချုပ် တင်မ်ဒေးဗီသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အကြောင်းကို ၂၀၂၄ ခုနှစ်တွင် ထုတ်လွှင့်ခဲ့သည့် မှတ်တမ်းရုပ်ရှင်အစီအစဉ်တစ်ခုအပေါ် ဝေဖန်မှုများကြောင့် ယမန်နှစ်က ရာထူးမှ နုတ်ထွက်ခဲ့သည်။

ဂူဂဲလ် (Google) အမှုဆောင်ဟောင်း မတ်ဘရစ်တင်သည် မေလတွင် ညွှန်ကြားရေးမှူးချုပ် ဖြစ်လာဖွယ်ရှိသည်။ ညွှန်ကြားရေးမှူးချုပ်အသစ် လက်ထက်တွင် ဘီဘီစီသတင်းဌာနက မီဒီယာလုပ်ငန်း အပြောင်းအလဲများနှင့် ကုန်ကျစရိတ်ဖြတ်တောက်မှုများအပေါ် မည်သို့ဆက်လက်ဆောင်ရွက်သွားမည်လဲဆိုသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရဖွယ်ရှိသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# နေတိုးအဖွဲ့ဝင်နိုင်ငံများမှ အထူးကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိ

တိုကျို ဧပြီ ၁၇

နေတိုးအဖွဲ့ဝင်နိုင်ငံများမှ အထူးသံတမန်အယောက် ၃၀ ပါဝင်သော အထူးကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံသို့ ယမန်နေ့က အလည်အပတ်ခရီးရောက်ရှိခဲ့ကြောင်း သိရသည်။

၎င်းတို့သည် သီးသန့်လေယာဉ်ဖြင့် တိုကျိုမြို့ ဟာနီဒါလေဆိပ်သို့ ယမန်နေ့တွင် ရောက်ရှိခဲ့ကြသည်။ အဆိုပါ သံတမန်များသည် သုံးရက်ကြာခရီးစဉ်အတွင်း ဂျပန်အစိုးရအဖွဲ့ ဝန်ကြီးများနှင့်တွေ့ဆုံရန် စီစဉ်ထားသည်။

ထို့ပြင် ကာကွယ်ရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်မှုများရှာဖွေရန် ဂျပန်ကုမ္ပဏီများထံ သွားရောက်မည်ဖြစ်ပြီး တိုကျိုမြို့တောင်ဘက် ယိုကိုဆူကာမြို့ရှိ အမေရိကန်အခြေစိုက်စခန်းသို့ သွားရောက်လည်ပတ်မည်ဖြစ်သည်။ ကိုယ်စားလှယ်အဖွဲ့၏ ယခုခရီးစဉ်သည် နေတိုးနှင့် ဂျပန်နိုင်ငံကြား မိတ်ဖက်ဆက်ဆံရေးကို အားကောင်းစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

နေတိုးက ဂျပန်-အမေရိကန် မဟာမိတ်ကို အခြေခံ၍ ဂျပန်နိုင်ငံ၏ လုံခြုံရေးမူဝါဒကို စိတ်ဝင်စားပုံရပြီး နေတိုးအဖွဲ့အပေါ် စိတ်ပျက်ကြောင်း အကြိမ်ကြိမ်ပြောကြားခဲ့သော အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အုပ်ချုပ်ရေးနှင့် ဂျပန်နိုင်ငံတို့အကြား မည်သို့ဆက်ဆံရေးရှိပုံကို သိရှိနားလည်နိုင်ရန်ကြိုးပမ်းလျက်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့်သူများက သုံးသပ်ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၌ (၂၅)ကြိမ်မြောက် မျက်နှာသစ်တော်ရေ ဆက်ကပ်ပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၇

အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား) ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၂၅) ကြိမ်မြောက် မျက်နှာသစ်တော်ရေ ဆက်ကပ်ပူဇော်ပွဲကို ဧပြီ ၁၇ ရက် နှစ်ဆန်းတစ်ရက် နံနက် ၆ နာရီတွင် ကျင်းပသည်။



ပူဇော်ပွဲတွင် ရုပ်ပွားတော်မြတ်ကြီးအား မျက်နှာသစ်တော်ရေ ဆက်ကပ်ခြင်း၊ ဒန်ပူ ဆက်ကပ်ခြင်းနှင့် ယက်တော်သွင်းခြင်းတို့ကို ဆက်ကပ်ပူဇော်ကြပြီး ဘုရားကြီး၏ ဩဝါဒါစရိယဆရာတော်ကြီး ကိုးပါးတို့က ဗုဒ္ဓါဘိသေကအနေကဇာတင်ကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဇီဝိတဒါန ငှက်လွှတ်ခြင်းများ ဆောင်ရွက်သည်။

အဆိုပါပူဇော်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ဘုရားဖူးလာပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။ **မြင့်ဦး**



# အောင်လံမြို့နယ်၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့ သက်ကြီးပူဇော်ပွဲအခမ်းအနား ကျင်းပ

အောင်လံ ဧပြီ ၁၇

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့ သက်ကြီးပူဇော်ပွဲအခမ်းအနားကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အောင်လံမြို့နယ်အတွင်းရှိ ရပ်ကွက်များမှ ပင့်ဖိတ်ထားသော အဘိုးအဘွား ၃၅ ဦးတို့အား မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့်အညီ ပူဇော်ကန်တော့ကြပြီး တက်ရောက်လာကြသောတာဝန်ရှိသူများ၊ အလှူရှင်များနှင့် မြို့နယ်သူ မြို့နယ်သားများက ဘိုးဘွားများအား သက်ရှည်ကျန်းမာစေကြောင်း ဆုတောင်းမေတ္တာများ ပို့သကြကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

# ကြည့်မြင်တိုင်မြို့နယ်၌ ဘိုးဘွား ၇၈၃ ဦးတို့အား ပူဇော်ကန်တော့

ရန်ကုန် ဧပြီ ၁၇

ရန်ကုန် တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဈေးကြီး၊ အိုးဘို (ဈေးကြီး၊ တလိုင်းပိုင်း၊ ငါးကြော်ဖို၊ အိုးဘို) ရပ်ကွက်လုံးဆိုင်ရာ (၇၇) ကြိမ်မြောက် အသက်(၇၀)နှင့်အထက် အဘိုးအဘွား ၇၈၃ ဦးတို့အား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ကျောင်းကြီးလမ်းရှိ မဟာပုညောပကာရဓမ္မာရုံတွင် ပြုလုပ်သည်။



**မုဒိတာစကားများ ပြောကြား**

အခမ်းအနားတွင် ပူဇော်ပွဲဖြစ်မြောက်ရေး ဧပတိအလုပ်အမှုဆောင်အဖွဲ့ နာယက ဗိုလ်မှူးကြီး(ငြိမ်း)မျိုးမြင့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးကျော်မျိုးခိုင်နှင့် ပူဇော်ပွဲ ဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က နှစ်သစ်မင်္ဂလာစကားနှင့် မုဒိတာစကားများ ပြောကြားကြသည်။

ဆက်လက်၍ ကန်တော့ခံ အသက်အကြီးဆုံး အဘိုး ဦးသန်းအောင် (၉၉)နှစ်နှင့် အသက်အကြီးဆုံး အဘွား ဒေါ်လှကြည် (၁၀၂) နှစ်တို့အား အထူးဂါရဝပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး အဘိုးအဘွား ၂၀ တို့အား ငွေသား အထူးကံစမ်းမဲ နှိုက်၍ ထပ်မံကန်တော့ခဲ့ကြသည်။

ယခုနှစ် (၇၇) ကြိမ်မြောက် ပူဇော်ကန်တော့ပွဲတွင် ကန်တော့ခံ ဘိုးဘွား ၇၈၃ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၇၇၀၀၀ စီဖြင့် ငွေကျပ် ၆၀၂၉၁၀၀၀၊ အသက်အကြီးဆုံး ဘိုးဘွားတစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀၀ စီဖြင့် နှစ်ဦးအတွက် ၈၀၀၀၀၀၊ ဂိလာနအဘိုးအဘွားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ စီဖြင့် ၁၅ ဦးအတွက် ငွေကျပ် ၇၅၀၀၀၀၊ ကံစမ်းမဲ တစ်မဲလျှင် ငွေကျပ် ၁၀၀၀၀၀ စီဖြင့် ငွေကျပ်သိန်း ၂၀ စုစုပေါင်းငွေကျပ် ၆၃၈၄၁၀၀၀ လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



# ယာယီနေရပ်စွန့်ခွာပြည်သူများ ကသာမြို့အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိ

ကသာ ဧပြီ ၁၇

ကသာမြို့အတွင်းမှ အခြားအရပ်ဒေသများသို့ ယာယီနေရပ်စွန့်ခွာသွားကြသော ပြည်သူများအနေဖြင့် ဧပြီ ၆ ရက်မှစ၍ ပြန်လည်ဝင်ရောက်လျက်ရှိရာ လုံခြုံရေးတာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများက စိစစ်လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်လျက်ရှိသောကြောင့် အတာသင်္ကြန်ရက်များအတွင်း ကသာမြို့ ကမ်းနားလမ်းတွင် ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသကဲ့သို့ မြို့အတွင်းစတုဒိသာကျွေးမွေးသူများလည်း အစဉ်အလာမပျက် လှူဒါန်းလျက်ရှိသည်။ ထို့အတူ စားသောက်ကုန်များဖြစ်ကြသော ငါး၊ ငါးပိ၊ ငါးခြောက်မျိုးစုံ၊ ကြက်ဥ၊ အာလူး၊ ပဲအမျိုးမျိုး၊ ခေါက်ဆွဲခြောက်မျိုးစုံ၊ စားဆီ၊ စက်ဆီနှင့် အဖျော်ရည်မျိုးစုံ ဝင်ရောက်လာသောကြောင့် စားသောက်ကုန် ဈေးနှုန်းများ ကျဆင်းလာသည့်အတွက် ဒေသခံပြည်သူများ စိတ်အေးချမ်းလျက်ရှိကြသည်။

ကသာမြို့အတွင်းသို့ ဧပြီ ၆ ရက်မှ ၁၆ ရက်အထိ ပြန်လည်ဝင်ရောက်လာသူ ၆၃၀ ခန့်ရှိပြီဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

**ကျော်စွာ(ကသာ)**

# သာယာဝတီမြို့နယ် ရွှေဆယ်ဝတီဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲ ပြုလုပ်

သာယာဝတီ ဧပြီ ၁၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ ရွှေဆယ်ဝတီဘိုးဘွားရိပ်သာမှ အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲကို ယနေ့နံနက် ၇ နာရီက မြို့နယ်ဈေးရပ်ကွက် ဘူတာလမ်းရှိ ဆရာစံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သာယာဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွေး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းဟိုနှင့် တာဝန်ရှိသူများက အသက် ၉၀ နှင့်အထက် အဘိုးအဘွား ၁၂၆ ဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။ **သန့်ဇော် (ပြန်/ဆက်)**



# တောင်ငူအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၄၈ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

တောင်ငူ ဧပြီ ၁၇

အကျဉ်းဦးစီးဌာန တောင်ငူအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူများ လွှတ်ပေးခြင်းကို ယနေ့နံနက် ၈ နာရီခွဲက တောင်ငူမြို့ အကျဉ်းဦးစီးဌာန အကျဉ်းထောင်ဧည့်ရိပ်သာတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အကျဉ်းသား ၃၅ ဦး၊ အကျဉ်းသူ ၁၃ ဦး စုစုပေါင်း ၄၈ ဦးအား တောင်ငူမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစောကျော်မင်းဦးနှင့် တာဝန်ရှိသူများက အမိန့်စာဖတ်ကြားရှင်းလင်းခြင်း၊ ဆုံးမဩဝါဒစကားများပြောကြားခြင်းတို့ ဆောင်ရွက်ကြပြီး သက်ဆိုင်ရာကားဂိတ်၊ မီးရထားဘူတာရုံများသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# လူငယ်များ လေ့လာဖတ်ရှုသင့်သော ကဗျာစာပေ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

(၃၁-၃-၂၀၂၆ ရက်နေ့မှအဆက်)

ကမ္ဘာပေါ်တွင် ပြောဆိုသုံးစွဲကြသော ဘာသာစကားများကွဲပြားသော်လည်း ကဗျာဉာဏ်အာဘော်များမှာ မူအားဖြင့် ခပ်ဆင်ဆင်တူသည်ကို တွေ့ရသည်။ အနောက်နိုင်ငံ၏ ကဗျာလင်္ကာများကို ကြည့်လျှင် အနောက်လောက ယဉ်ကျေးမှု၏ ဘိုးအေဟုခေါ်ဆိုရသော ဂရိနှင့် ရောမနိုင်ငံများ၏ အဆက်အနွယ်များကို တွေ့ရပေသည်။ ဂရိစာပေတွင် အော့ဒီဆီခေါ် လင်္ကာကြီးမှာ ရေးစစ်တိုက်ခန်း၊ စွန့်စားခန်းများကို ဖွဲ့ဆိုထားသဖြင့် ထိုလင်္ကာကြီးမျိုးကို အက်ပစ်ရဲတင်းလင်္ကာဟူ၍ ခေါ်ဆိုထားလေသည်။ ထိုလင်္ကာကြီးကို ဥရောပစာပေတွင် ဘာသာမပြန်ရသေးသောဘာသာဟူ၍မရှိချေ။ စာပေအမွေအနှစ်အဖြစ် ခံယူကြလေသည်။ ကျွန်ုပ်တို့အရှေ့နိုင်ငံ၌ သက္ကတဘာသာဖြင့် ရေးစပ်ထားသော ရာမယန လင်္ကာကြီးမှာလည်း အက်ပစ်လင်္ကာအမျိုးအစားပင်ဖြစ်သည်။ အော့ဒီဆီနှင့် ရာမယနလင်္ကာကြီးများမှာ ကမ္ဘာတွင် ယခုတိုင် ကျော်ကြားလျက်ရှိလေသည်။

စာဆို၏ စိတ်နှလုံး၌ ခံစားရသောအာရုံများကို သူ၏ စကားလုံးအသံများက အဓိပ္ပာယ်ဖော်ပေးစေမှုသာ ကဗျာလင်္ကာအစစ်ဖြစ်နိုင်ပေသည်။ ကဗျာလင်္ကာအမျိုးအစားများမှာ ဘာသာစာပေအသီးသီးကိုလိုက်၍ အမျိုးမျိုးကွဲပြားလေသည်။ မြန်မာစာပေတွင် ကဗျာလင်္ကာကို လင်္ကာနှင့် သီချင်းဟူ၍ နှစ်မျိုးခွဲခြားထားသည်။ လင်္ကာမှာ (၁) လင်္ကာ၊ (၂) ပျို့၊ (၃) မော်ကွန်း၊ (၄) သံပိုင်း၊ (၅) သမိုင်း၊ (၆) ရဲတင်း၊ (၇) တမ်းချင်း၊ (၈) ချေင်းသံတိုင်၊ (၉) ချေင်းသံပေါက်၊ (၁၀) ရတု၊ (၁၁) လူးတား၊ (၁၂) အန်၊ (၁၃) သံပေါက်၊ (၁၄) ဝဲရိုက်ဝဲသွင်းဟူ၍ ၁၄ မျိုးရှိ၏။ သီချင်းတွင် (၁) ရကန်၊ (၂) ဟောစာ၊ (၃) သာချင်း၊ (၄) ကာချင်း၊ (၅) အဲချင်း၊ (၆) အိုင်ချင်း၊ (၇) လေးချိုး၊ (၈) သံချို၊ (၉) ယိုးဒယား၊ (၁၀) ပတ်ပျိုး၊ (၁၁) ကြိုး၊ (၁၂) ဘွဲ့၊ (၁၃) ဘောလယ်အရိုး၊ (၁၄) တေးအရိုးအဆန်း၊ (၁၅) သဖြန်အရိုးအဆန်း၊ (၁၆) ငိုချင်းအရိုးအဆန်း၊ (၁၇) တုံးချင်းအရိုးအဆန်း၊ (၁၈) ဟန်ချင်းအရိုးအဆန်း၊ (၁၉) လေ့ချင်းအရိုးအဆန်း၊ (၂၀) နတ်သံ၊ (၂၁) မှာတမ်း၊ (၂၂) ဇာတ်စကားစပ်ပုံဟူ၍ ၂၂ မျိုးပါဝင်သည်။

> **စာဆို၏ စိတ်နှလုံး၌ ခံစားရသောအာရုံများကို သူ၏ စကားလုံးအသံများက အဓိပ္ပာယ်ဖော်ပေးစေမှုသာ ကဗျာလင်္ကာအစစ်ဖြစ်နိုင်ပေသည်။ ကဗျာလင်္ကာအမျိုးအစားများမှာ ဘာသာစာပေအသီးသီးကိုလိုက်၍ အမျိုးမျိုးကွဲပြားလေသည်။ မြန်မာစာပေတွင် ကဗျာလင်္ကာကို လင်္ကာနှင့် သီချင်းဟူ၍ နှစ်မျိုးခွဲခြားထား**

ရာသီဥတု တောတောင်ရေမြေတို့ကို ဖွဲ့ဆိုကြရာ၌ နတ်များပင် ဖန်ဆင်းသကဲ့သို့လည်းကောင်း မိုးနတ်သား၊ လေနတ်သားစသည်တို့ ထင်ရှားစွာရှိသကဲ့သို့လည်းကောင်း ဖွဲ့ဆိုကြ၏။ ရှေးဂရိလူမျိုးများသည် မိုးဦးကျရာသီပန်းများပွင့်သည်ကို ဘုမ္မစိုးနတ်သမီး၏ ချစ်သမီး သေမင်းထံမှပြန်လာ၍ ပျော်ရွှင်သော အထိမ်းအမှတ်ဖြင့် ပွင့်လေဟန်ဖွဲ့ဆိုခဲ့လေသည်။ အရှေ့တိုင်းနိုင်ငံ၌လည်း အသူရာနှင့် သိကြားတို့ စစ်တိုက်ကြ၍ မိုးရွာလေဟန်ဖွဲ့ဆိုကြသည်။ ရာသီဘွဲ့၊ တောဘွဲ့၊ တောင်ဘွဲ့၊ မယ်ဘွဲ့၊ မောင်ဘွဲ့စသော အဖွဲ့အမျိုးမျိုးတို့ကို မြန်မာစာပေ၌ ရှိသကဲ့သို့ အခြားစာပေများ၌လည်းရှိပေသည်။ ထိုထိုအဖွဲ့မျိုးကို ဂရိတိုင်းသားတို့က လစ်ရစ်ဟူ၍အမည်တပ်ထား၏။ မြန်မာစာပေ၌ တေးထပ်ဟူသော ကဗျာအမျိုးအစားကို အနောက်တိုင်းစာပေ၌ ဆွန်းနက်ဟူ၍ တွေ့ရ၏။ ဆွန်းနက်မှာ စာကြောင်းရေ ၁၄ ကြောင်းဖြင့် ကာရန်၊ အသံ၊ စည်းမှန်အောင် စပ်ဆိုရသော ကဗျာမျိုးဖြစ်၏။ မြန်မာတေးထပ်တွင်လည်း ၁၈ ပိုဒ်ပြည့်အောင် အခံအအုပ်ကာရန်များဖြင့် စနစ်ကျအောင် ဖွဲ့ဆိုရပေသည်။ ထို့အပြင် မြန်မာ အဲချင်း၊ အိုင်ချင်း၊ တေးအရိုးအဆန်းများနှင့် ခပ်ဆင်ဆင်တူသော အနောက်တိုင်းကဗျာတစ်မျိုးကို ဗဲလက်ဟုခေါ်ကြောင်း တွေ့ရလေသည်။ ဤသို့လျှင် ဘာသာစာပေအမျိုးမျိုး၌ ကဗျာအမျိုးအမည် အမျိုးမျိုးရှိလေသည်။ စပ်ပုံဟပ်ပုံ စည်းစနစ်နှင့် အမျိုးအမည်များ ကွဲပြားခြားနားသော်လည်း ဘာသာစာပေတိုင်း၏ ကဗျာလင်္ကာမှာ သာယာနာပျော်ဖွယ်ဖြစ်အောင် ပညာရှိတို့ ဖွဲ့စီသီကုံးထားသောစာဟုပင် အဓိပ္ပာယ်တညီတည်း ရလေသည်။

ဆရာကြီး မင်းသုဝဏ်က "ကဗျာဆိုသည်မှာ စကားလုံးတို့ကို သင့်လျော်အောင် ဖက်စပ်ဖန်ဆင်းဖွဲ့ဆိုသီကုံးထားသည့် စကားလုံးအရုပ်ကလေးများ ဖြစ်ပါသည်"ဟု ဖော်ညွှန်းခဲ့သည်။

**ဆရာကြီးမင်းသုဝဏ်၏ နှင်းဆီပွင့်ကဗျာ**

**လယ်တောက ပြန်**  
**ပန်ချင်တယ် ခရေဖူးဆိုလို့**  
**မောင် ခူးကာပေး။**  
**မနက်တုန်းဆီက**  
**ကြေ့ဆုံးကို မောင်မြင်တော့**  
**သူ့ဆံပင် နှင်းဆီပွင့်တွေနှင့်**  
**ဂုဏ်တင့်တယ်လေး။ ။**

ဆရာကြီးမင်းသုဝဏ်သည် ထိုကဗျာတွင် တစ်ဖက်သတ် ကျိတ်ပြီးချစ်နေရသောကောင်လေး၏ ခံစားချက်နှင့် ကောင်မလေးအပေါ်ထားသော အချစ်ကို ပီပီပြင်ပြင်ဖွဲ့ဆိုထားသည်။

**ခူးပါနဲ့ကွယ်**  
**ပွင့်ဖူးမှာ အဝါခြယ်၍**  
**မာလာအလယ်မှာ နွဲ့ချင်တဲ့ နှလုံးရယ်ကြောင့်**  
**နှစ်ဆုံးကုန် အတာဝင်သို့**  
**မာန်အင်ကို ဉာဏ်ဆင်မွေးကာပ့ါ**  
**အရေးအခါသာမှ**  
**ခမျာမှာ တဂုဏ်ဆန်းရတယ်**  
**ပန်းပိတောက်များ။**

**ဇော်ဂျီ**

အထက်ဖော်ပြပါ ပိတောက်ပန်းကဗျာကို အမျိုးသားစာဆို ဆရာဇော်ဂျီ ရေးဖွဲ့ခဲ့ပြီး ၁၉၂၈ ခုနှစ် တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းတွင် ပထမဆုံး ပုံနှိပ်ဖော်ပြခံခဲ့ရသည်။ ကျောင်းချစ်ဟူသော ကလောင်ဖြင့် ရေးသားခဲ့သည်။ အရေးအဖွဲ့၊ စိတ်ကူးစိတ်သန်း ဆန်းသစ်မှုကြောင့် လူအများ၏ စိတ်ဝင်စားခြင်းကို ခံရသည်။ ခေတ်ဆန်းမြန်မာစာသည် ပိတောက်ပန်းမှ ဆင်းသက်သည်ဟုပင် သတ်မှတ်ခြင်းခံခဲ့ရသည်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် မြန်မာကဗျာလက်ရွေးစင် ဒသမတန်းနှင့်ပတ်သက်ပြီး လေ့လာကြည့်ရာ ကဗျာကိုလေ့လာရာတွင် ကဗျာအဓိပ္ပာယ်၊ ရည်ရွယ်ချက်နှင့် အလင်္ကာတန်ဆာဆင်မှုကို သိရှိနားလည်စေရန် ရည်ရွယ်ခဲ့ကြောင်း တွေ့ရှိရသည်။ ကဗျာအပုဒ်တိုင်း၏ အဖွင့်တွင်လည်း စာဆိုအကြောင်း၊ ကဗျာအကြောင်းနှင့် ကဗျာပုံစံအကြောင်းတို့ကို ကဗျာ၏နောက်ခံကားအဖြစ် မိတ်ဆက်လမ်းခင်းပေးထားပါသည်။ တပည့်များ၏ နားနှင့် သင့် အကျဉ်းမျှ နိဒါန်းခင်းပေးလိုက်ခြင်းဖြစ်သည်။ ယင်းအချက်က လူငယ်ကျောင်းသားများသည် ငယ်စဉ်ပညာသင်စအရွယ်ကတည်းက ကဗျာနှင့်ရင်းနှီးနေကြောင်း ဖော်ပြနေသည်။

ကဗျာသမိုင်းနှင့်ပတ်သက်ပြီး လေ့လာကြည့်လျှင် ပုဂံခေတ်တွင် လင်္ကာစကားပြေနှစ်ထွေသော စာပေရှင်သန်ခဲ့ကြောင်းကို ယနေ့တိုင်ထောင်ချီ၍ ကျန်ရစ်ခဲ့သော ကျောက်စာ၊ မင်စာ၊ အုတ်ခွက်စာ၊ ပေစာ စသည်တို့က သက်သေခံနေပါသည်။ လင်္ကာတွင် အစောဆုံးဟု ပညာရှင်များ လက်ခံထားသော မြကန်သာနှင့် ပုပ္ပားနတ်တောင်ဖွဲ့နှင့် အနန္တသူရိယ အမတ်ကြီးဖွဲ့သော သံဝေဂကဗျာတို့မှာ မြန်မာကဗျာ၏ သမိုင်းတွင် ထင်ရှားသောမှတ်တိုင်ကြီးများဖြစ်ပါသည်။ ပုဂံခေတ်နောက်ပိုင်း စစ်ကိုင်း၊ ပင်းယ၊ မြင်စိုင်းဟူသော မြို့ပြနိုင်ငံခေတ်သည် ပုဂံခေတ်လောက် သက်တမ်းမကြာသော်လည်း မြန်မာစာပေဆက်လက်ရှင်သန်ခဲ့ရာ ကဗျာတွင် ကာချင်းများ ပေါ်ထွန်းခဲ့သည်။ ထို့နောက် အင်းဝခေတ်တွင်မူ မြန်မာစာပေအဆင့် တစ်ဆင့်မြင့်သို့ လှမ်းတက်လာခဲ့ရာ ပျို့ကဗျာအများဆုံးရေးဖွဲ့သော ရွှေခေတ်ကြီးဟု ဆိုရမည်ဖြစ်သည်။ ရဟန်းရှင်လူ၊ ကျားမ မရွေး၊ မင်းမိဖုရားမှအစ၊ ကျေးလက်တောင်သူများအဆုံး အလွှာအမျိုးမျိုး၌ စာပေပညာရှင်များ ပေါ်ထွန်းလာပြီး ဂန္ထဝင်မြောက်လင်္ကာစကားပြေနှင့် ပြဇာတ်များပင် ရေးဖွဲ့လာခဲ့သည်။ တောင်ငူနှင့် ညောင်ရမ်းခေတ်များတွင် အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ တိုင်းချစ်ပြည်ချစ်စိတ် ထိန်းသိမ်းရေးအတွက် ချေင်း၊ ရဲတင်း၊ မော်ကွန်း အဖွဲ့အနွဲ့များကို ဖွဲ့လာကြသည်။

မြန်မာစာပေသမိုင်းတွင် ထင်ရှားသော နဝဒေးကြီး၊ လက်ဝဲသုန္ဒရ၊ စိန္တကျော်သူဦးဩ၊ မြဝတီမင်းကြီးဦးစ တို့ကဲ့သို့သော စစ်သည်စာဆိုအကျော် အမျိုးအစားထဲတွင် မြန်မာကဗျာဆရာကြီး(ထီလာစစ်သူ)လည်း အပါအဝင်ဖြစ်သည်ဟု ဆိုနိုင်သည်။ သူ၏ ကဗျာလင်္ကာများသည် မြန်မာနိုင်ငံစာပေနယ်နိမိတ်ကိုကျော်လွန်၍ ကမ္ဘာ့စာပေလောကအတွင်းသို့ ချင်းနင်းဝင်ရောက်လျက် နေရာယူခဲ့သည်။ နယ်သာလန်နိုင်ငံတွင် မဲခေါင်မြစ်မှ အိုရွက်ဝါနှင့် အခြားကဗျာများကို ၁၉၉၃ ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ဖြန့်ချိ၍ ကမ္ဘာ့နိုင်ငံအသီးသီးသို့ တက်လှမ်းသွားခဲ့သည်။ ယင်းကို ဂျပန်နိုင်ငံတွင်လည်း ဂျပန်ဘာသာဖြင့်ပင် ဘာသာပြန်ဆို ပုံနှိပ်ပြီးစီးခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်သည် စာပေနှီးနှောဖလှယ်ပွဲများနှင့် စာတမ်းဖတ်ပွဲများကို ၁၉၆၅ ခုနှစ်မှစ၍ စတင်ကျင်းပခဲ့သည်။ ဇာတိမာန်စာပေ စာတမ်းဖတ်ပွဲသည် (၂၃)ကြိမ်မြောက် စာတမ်းဖတ်ပွဲဖြစ်သည်။ အဆိုပါစာတမ်းဖတ်ပွဲကို ရန်ကုန်မြို့ မြို့မကျောင်းလမ်း အမျိုးသားဇာတ်ရုံတွင် ၁၉၉၂ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ သုံးရက်တိုင်ကျင်းပခဲ့သည်။ ဇာတိမာန်ကဗျာစာတမ်းကို စာတမ်းရှင် (ထီလာစစ်သူ)က တင်သွင်းဖတ်ကြားသည်။ ဗြိတိသျှနယ်ချဲ့နှင့် ဖက်ဆစ်များကို တုံ့ပြန်တိုက်ခိုက်ကြသော မြန်မာ့တော်လှန်ရေးသမားများ၊ မြန်မာမျိုးချစ်စာရေးဆရာ၊ ကဗျာဆရာများ၏အခန်းကဏ္ဍသည် ထင်ရှားစွာပေါ်ထွက်ခဲ့ပုံ၊ ဇာတိမာန်ကဗျာများသည် အမျိုးသားရေးကဗျာများပင်ဖြစ်ပုံ စသည့်အကြောင်းအချက်များ စာတမ်းတွင်ပါရှိသည်။ ၁၈၈၅ ခုနှစ် ပါတော်မူဝန်းကျင်ကာလမှ မျက်မှောက်ကာလတိုင်အောင် ကဗျာဆရာကြီးများ ရေးသားစပ်ဆိုခဲ့ကြသော ဇာတိမာန်ကဗျာများတွင် အကျုံးဝင်သည့်ကဗျာများ၊ ထိုကဗျာများကို ရေးသားစပ်ဆိုခဲ့ကြသော ကဗျာဆရာကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်းကိုလည်း စာတမ်းတွင် ထည့်သွင်းဖော်ပြထားသည်။ လူငယ်များအနေဖြင့် မျိုးချစ်စိတ်ရှင်သန်ရေးအတွက် ဇာတိမာန်ကဗျာများကို ရှာဖွေလေ့လာဖတ်ရှုသင့်ပါသည်။ (ဆက်လက်ဖော်ပြပါမည်)

**ရယ်စရာ ပြုံးစရာ နိုင်ငံတကာဟာသများ**

**မာတင်ဖဲ**



# တပ်ကုန်းမြို့၌ ယိမ်းအကပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

တပ်ကုန်း မေ ၁၇

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ဦးဆောင်ကျင်းပသည့် ယိမ်းအကပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို မေ ၁၆ ရက် ညပိုင်းက ဗဟိုမဏ္ဍပ်တွင် ကျင်းပသည်။

ဦးစွာ ပြိုင်ပွဲတွင် ယိမ်းအဖွဲ့ကိုးဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆန်ခါတင် ရွေးချယ်ခံခဲ့ရသည့် အဖွဲ့ငါးဖွဲ့ယှဉ်ပြိုင်ခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က ဒိုင်အဖွဲ့အား ဂုဏ်ပြုငွေနှင့် ပထမဆုရ မြဝတီရပ်ကွက်ယိမ်းအဖွဲ့၊ ဒုတိယဆုရ တပ်ကုန်းခြေမြန်တပ်ရင်း(၁၀၉) ယိမ်းအဖွဲ့၊ တတိယဆုရ ဗိုလ်မင်းရောင်ရပ်ကွက်ယိမ်းအဖွဲ့နှင့်အထူးဆုရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနယိမ်းအဖွဲ့နှင့် ဘုရင့်နောင်ရပ်ကွက်ယိမ်းအဖွဲ့တို့အား ဒိုင်းဖလားဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**





# “ချစ်စရာအရွယ်ကစားကြမယ်”ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက် ထုတ်လွှင့်မည်

နေပြည်တော် မေ ၁၇

“ချစ်စရာ့အရွယ်ကစားကြမယ်” ကလေးအစီအစဉ်ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အပတ်စဉ်စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ မေ ၁၈ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ အမှတ်(၁)မူလတန်းကြိုကျောင်း(ဗဟန်း) နှင့် မြောက်ဥက္ကလာပ မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို MRTV–HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်ရာ MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်၍ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များ အချင်းချင်း၊ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV Entertainment Channel တွင် မေ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ပြသမည်ဖြစ်ပြီး MRTV–HD Channel တွင် မတ် ၂၀ ရက် (တနင်္လာနေ့) ညနေ ၄ နာရီ သတင်းအပြီးတွင် ထပ်မံပြသမည်ဖြစ်သည့်အပြင် MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## ကုန်သွယ်ရေးဦးစီးဌာန
## ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)
## ပို့ကုန်လုပ်ငန်းစတင်လုပ်ကိုင်နည်းရက်တိုသင်တန်း
## (အမှတ်စဉ်–၂၁)
## သင်တန်းသားခေါ်ယူခြင်း

| | | |
|---|---|---|
| (က) သင်တန်းကာလ | – | ၂၀၂၆ ခုနှစ်၊ မေလ ၄ ရက် မှ ၈ ရက်နေ့ထိ (၅ ရက် သင်တန်း) |
| ( ခ ) သင်ကြားမည့်နေ့ရက်များ | – | တနင်္လာနေ့မှ သောကြာနေ့ထိ |
| ( ဂ ) သင်တန်းအချိန် | – | နံနက် ၉ : ၀၀ နာရီမှ ညနေ ၁၆:၀၀ နာရီထိ |
| (ဃ) သင်တန်းသားဦးရေ | – | (၅၀) ဦး |
| ( င ) သင်တန်းတည်နေရာ | – | အမှတ် (၂၂၈/၂၄၀)၊ စတုတ္ထထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ( စ ) သင်တန်းဝင်ခွင့်လျှောက်လွှာနှင့် အတူပါရှိရမည့်စာရွက်စာတမ်းများ | – | တစ်လက်မပတ်လည်ဓာတ်ပုံ (၃)ပုံ၊ ဘွဲ့(သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ |
| (ဆ) ဆက်သွယ်ရန်ဖုန်းနံပါတ် | – | ၀၁၈–၂၅၀၈၇၁၊ ၀၉–၂၅၄၀၇၅၈၄၈၊ ၀၉–၄၄၂၁၃၄၃၈၀ |

(သင်တန်းကို တစ်လလျှင်တစ်ကြိမ် ဖွင့်လှစ်သွားမည်ဖြစ်ပြီး လူကိုယ်တိုင်လာရောက် စာရင်းပေးသွင်းနိုင်ပါသည်)

## စစ်ကိုင်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် စစ်ကိုင်းမြို့နယ်တရားရုံး၊ ရာဇဝတ်မှု(၁၃)မှုမှ သက်သေခံပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်–

| | | |
|---|---|---|
| (က) လေလံလျှောက်လွှာ ရောင်းချမည့်ရက် | – | (၂၀–၄–၂၀၂၆) ရက်မှ (၂၆–၄–၂၀၂၆)ရက်အထိ |
| (ခ) လေလံလျှောက်လွှာ ရောင်းချမည့်နေရာ | – | မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံး၊ စစ်ကိုင်းမြို့ |
| (ဂ) လေလံတင်ရောင်းချမည့်ရက်/အချိန် | – | (၂၈–၄–၂၀၂၆)ရက် (၁၀:၀၀)နာရီ |
| (ဃ) လေလံတင်ရောင်းချမည့်နေရာ | – | မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံး၊ စစ်ကိုင်းမြို့ |

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၀၇၂–၂၁၁၁၁ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**

### ✻ အက်စ်တွန်ဗီလာမှ

နော်တင်ဟမ်ဖောရက်စ်အသင်းကတော့ ပေါ်တိုအသင်းကို ယူရိုပါလိဂ်ကွာတားဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေ၊ ဒုတိယအကျော့ပွဲစဉ်မှာ တစ်ဂိုး–ဂိုးမရှိ အနိုင်ရရှိခဲ့လို့ နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

နော်တင်ဟမ်ဖောရက်စ်အသင်းအနေနဲ့ အခုလို ယူရိုပါလိဂ်ဆီမီးဖိုင်နယ်အဆင့်တက်လှမ်းခွင့်ရရှိခဲ့ခြင်းဟာ ၁၉၈၄ ခုနှစ်နောက်ပိုင်း ဥရောပပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ကို ပထမဆုံးအကြိမ်တက်လှမ်းခွင့်ရရှိခဲ့ခြင်းလည်းဖြစ်ပါတယ်။ နော်တင်ဟမ်ဖောရက်စ်အသင်းဟာ ယူရိုပါလိဂ် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ ပရီမီယာလိဂ်ကလပ် အက်စ်တွန်ဗီလာအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

အခြားသော ယူရိုပါလိဂ်ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေမှာတော့ ဘရာဂါအသင်းနဲ့ ဖရိုင်းဘတ်အသင်းတို့ဟာ ပြိုင်ဘက်အသင်းအသီးသီးကို အနိုင်ရကာ ဆီမီးဖိုင်နယ်အဆင့် တက်လှမ်းခဲ့ပြီး ဒီနှစ်သင်းဟာ ဆီမီးဖိုင်နယ်အဆင့်မှာ ထိပ်တိုက်တွေ့ဆုံနေတာဖြစ်ပါတယ်။

ယူရိုပါလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်တွေကို မေ ၁ ရက်မှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်တွေကို မေ ၈ ရက်မှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။

**ငွေကြယ်**

### ✰ ကျောဖုံးမှ

ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်း လေးသင်း ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်ရာ အုပ်စု (A) နှင့် (C) အနေအထားကြောင့် မြန်မာအသင်းသည် အနိုင်ကစားနိုင်ရုံဖြင့် ရမှတ် ခုနစ်မှတ်ရပြီး ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရမည်ဖြစ်သည်။ အုပ်စု (B) တွင် လာအိုအသင်းနှင့် မြန်မာအသင်းက လေးမှတ်စီ၊ ထိုင်းအသင်းက သုံးမှတ်ရထားပြီး ဖိလစ်ပိုင်အသင်းက နှစ်ပွဲစလုံးရှုံးကာ အုပ်စုမှထွက်ရပြီဖြစ်သည်။ လာအိုအသင်းသည် ထိုင်းနှင့် ပွဲကျပ်ကစားရမည်ဖြစ်ပြီး မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းကို ဂိုးပြတ်အနိုင်ကစားနိုင်ပါက အုပ်စုပထမနေရာရယူနိုင်ရန်ပါ အခွင့်အရေးရှိနေသည်။

အုပ်စု (C) ပွဲစဉ်များမှာ မေ ၁၇ ရက်က ပြီးဆုံးသွားပြီး ဩစတြေးလျအသင်းက ရမှတ် ကိုးမှတ်ဖြင့် အုပ်စုပထမရကာ ဆီမီးဖိုင်နယ်တက်ရောက်သွားပြီဖြစ်ပြီး အုပ်စုဒုတိယနေရာတွင် စင်ကာပူအသင်းက ရမှတ် လေးမှတ်ဖြင့် ရပ်တည်နေသည်။ အုပ်စု (A) တွင်လည်း အုပ်စုဒုတိယရနိုင်သည့်အသင်းက အများဆုံး ခြောက်မှတ်သာရရှိမည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် ဖိလစ်ပိုင်အသင်းကို အနိုင်ကစားနိုင်ရုံဖြင့် ရမှတ်ခုနစ်မှတ်ရရှိမည်ဖြစ်ရာ အကောင်းဆုံးအုပ်စုဒုတိယနေရာရရန် သေချာသွားပြီဖြစ်သည်။ လာအိုအသင်း အနိုင်မရပါက မြန်မာအသင်းအနေဖြင့် အုပ်စုပထမနေရာပင် ရယူနိုင်မည်ဖြစ်သည်။

**သတင်း–ကိုညီလေး၊**
**ဓာတ်ပုံ–MFF**

## “ကန့်ကွက်နိုင်ပါကြောင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၇)လမ်း၊ တိုက်အမှတ် (၅၃၀)၊ (၂)ခန်းတွဲ (၄)ထပ်တိုက်၏ တတိယထပ် (A ဒါဘာထပ်) တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ကြောင်းဖြင့် ဝန်ခံ၍ ရောင်းချရန်ကမ်းလှမ်းသူများဖြစ်သည့် ဦးမင်းကိုကို [၅/ဝလန(နိုင်) ၁၇၁၅၂၂]နှင့် ဒေါ်ဝေဝေအောင် [၅/ဝလန(နိုင်) ၁၆၀၇၁၃]တို့ထံမှ ကျွန်ုပ်အားလွှဲအပ်ညွှန်ကြားသူဖြစ်သည့် ဦးလှမင်းသိန်း [၇/သနပ(နိုင်) ၀၉၄၇၀၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယခုသတင်းစာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ဇေယျ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၄၂၄၅)**
**တိုက်အမှတ် (B 6)၊ အခန်း (၄၀၁)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊**
**(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၇၉၇၇၈၃၅၁၆**

**သွေးသည် အသက်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်(၂၀၉)၊ ဧရိယာ(၀.၀၅၇)ဧကရှိ ဒေါ်ချိုချိုဝင်း [၁၂/ဥကတ(နိုင်)၀၅၈၀၃၄]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်ဟုခေါ်တွင်သော ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်တံခွန်(၃)လမ်း၊ အမှတ်(၂၀၉)မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်သိမ့်နန္ဒာအောင် [၁၀/မလမ(နိုင်)၁၃၆၄၉၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးငွေစိုး [၁၂/အလန(နိုင်)၀၃၀၇၉၆]၊ ဒေါ်ချိုချိုမာ[၇/ရကန(နိုင်)၀၀၆၉၅၂]တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်မြေကွက်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဉာဏ်မင်းထက်(LL.B,DIPL,PGDB)** | **ဒေါ်ယုဇနက်ကို(LL.B,PGDB)** |
| **အထက်တန်းရှေ့နေ(စဉ်–၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်–၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။ ဖုန်း–၀၉–၉၇၇၁၂၈၀၁၃၈၊ ၀၉–၄၂၀၀၉၉၄၆၄**

## သွာနုတ္တသမီးအဖြစ် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က) ရပ်ကွက်၊ သမာဓိ(၃)လမ်း၊ အမှတ်(၁/က)၊ ၄–လွှာ(A)နေ ဦးဇော်မျိုးထွန်း [၁၂/ အလန (နိုင်)၀၃၅၀၂၉]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

မရွှန်းလဲ့ပြည့် [၁၂/ဒဂရ(နိုင်)၀၃၇၀၅၄]သည် ဖခင်အရင်းဖြစ်သူ ဦးဇော်မျိုးထွန်းအပေါ် ခွင့်မလွှတ်နိုင်သော ပြောဆိုပြုမူဆက်ဆံခဲ့သည့်အပြင် ကိုယ်ထိလက်ရောက် ရန်ရှာသည့်အတွက် ဖခင် ဦးဇော်မျိုးထွန်း အနေဖြင့် ယနေ့မှစ၍ မရွှန်းလဲ့ပြည့်အား သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ် စွန့်လွှတ်ပြီး **“သွာနုတ္တသမီး”**အဖြစ် အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။**

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မာမာသိန်း(LL.B)** | **ဦးထွန်းသူအောင်(LL.B)** |
| **(စဉ်–၈၇၉၂)** | **(စဉ်–၅၅၇၆၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၈)၊ မြေညီထပ်၊ ဓမ္မာရုံလမ်း၊**
**ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09–5088605, 09–5064959**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃–အေ)၊ မြေကွက်အမှတ် (၃)နှင့်(၄)၏ အရှေ့ဘက် တစ်စိတ်တစ်ဒေသ တရားဝင် မခွဲမစိတ်ရသေးသော အရှေ့ဘက်(၂၂)ပေ၊ အနောက်ဘက် လက်ယာစွန်း(၂၆)ပေ၊ ဘေးနှစ်ဖက်(၄၂)ပေ၊ ယာဘက်(၆၃)ပေရှိ မြေပိုင်မြေအမျိုးအစား အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ ဟုဆိုသူ ဒေါ်မာလာနွယ် [၁၂/တမန(နိုင်)၁၀၃၇၁၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း မူရင်းများ အပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိန်ထွန်း (ခ)ဦးသန်းရွှေ**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၈၅၃၉)**
**ဖုန်း– ၀၉–၂၅၄၀၄၈၅၄၇၊ ၀၉–၇၉၃၂၆၈၃၄၈**

## ဒေါ်ကြည်ကြည်အေး(အသက် ၇၉ နှစ်)

မန္တလေးမြို့ နန်းတော်ရှေ့ အကွက်(၇)၊ ၁၈လမ်း၊ ၆၂-၆၃ လမ်းကြား အိမ်အမှတ် ၉၈/၃၅ နေ ဦးအောင်စန်းမြင့် (ဆမ-ငြိမ်း) ၏ ဇနီး၊ ဒေါက်တာ ညီညီ(စိုက်ပျိုးရေး)-ဒေါက်တာအေးအေးခိုင် (စိုက်/တက္ကသိုလ်)၊ ဒေါ်ခိုင်ခိုင်မြင့်တို့၏ မိခင်၊ မောင်ဘုန်းမြတ်နိုင်၊ မခင်ငြိမ်းစု တို့၏ အဘွားသည် ၁၇-၅-၂၀၂၆ နေ့ နံနက် ၀၀:၄၇ အချိန်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၆ နေ့ နေ့လည် ၃ နာရီအချိန်တွင် နေပြည်တော် ကျွဲ့ကြီးသုသာန်သို့ ပို့ဆောင် မီးသဂြိုလ်ပြီးဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၂၇၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ လူနေရပ်ကွက်အမှတ်- ၅/၂၊ မြေကွက်အမှတ်- ၆၊ မြေဧရိယာ- ၀. ၀၅၅ ဧက၊ အလျား(၄၀)ပေx အနံ (၆၀)ပေရှိ **နှစ်(၆၀)ဂရန်**မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက် ဦးထွန်းနိုင်ထူး [၁၂/မဂတ(နိုင်) ၀၉၀၅၄၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ **(၁၄)ရက်**အတွင်း ခိုင်လုံသည့် **စာချုပ်၊ စာတမ်းမူရင်း အထောက်အထားများ**နှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ် ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုမာ (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၇၀၇)**
**၀၉-၄၂၁၀၀၅၈၉၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုမာလာ (၁၇)လမ်း၊ အမှတ်(၆၇၇)ရှိ (၃)ခန်းတွဲ၊ (၅)ထပ်တိုက်တွင် တည်ရှိသော အခန်း အမှတ်(A)၊ ခေါင်းရင်းခန်း၊ (ဒုတိယထပ်) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၂ ½ x၅၅)ပေရှိ တိုက်ခန်းနှင့် ကိုယ်ပိုင်ရေမော်တာ (၁)လုံး၊ ကိုယ်ပိုင်မီတာ (၁)လုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင် ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ နော်ဂေးလယ် [၁၂/ဥကမ(နိုင်)၀၇၇၆၈၈]မှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမျိုးအုပ် [၁၄/ဝခမ(နိုင်) ၁၇၁၅၇၅]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေ ဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးအုပ်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| ဒေါ်ဖြူဝေဝေအောင် | ဒေါ်သိမ့်သန္တာအောင် | ဒေါ်ယမင်းဖြူဖြူသိန်း |
|---|---|---|
| (LL.B) | (LL.B) | (LL.B-Q) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်- ၁၈၂၅၀) | (စဉ်- ၄၈၂၂၉) | (စဉ်- ၅၇၀၅၃) |

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၃)၊ ဦးပိုင်အမှတ်(၅၅)၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဂျူးဂျူး(ခ) ဒေါ်ပိုးအိ (ဘ) ဦးဟယ်ရီ [၉/ခမစ(နိုင်)၀၃၃၉၁၆] ကိုင်ဆောင်သူမှ လွှန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင် နေထိုင်ခဲ့ပါသည်။ ယခုအခါ ယင်းမြေကွက်အတွက် သက်ဆိုင်ရာဌာနများ မြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဇေယျ (LL.B, DBL, DIL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၉၈၆)**
**၅၈ နှင့် ၁၉ (အေ)လမ်း၊ နန်းရှေ့၊ အောင်မြေသာစံမြို့နယ်၊**
**မန္တလေးမြို့။ ၀၉-၂၀၅၀၈၉၀**

သင့် သွေး ဖြင့် အ သက် ကယ် ပါ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (တ/၄၁)၊ လူနေရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၆၀၆/က) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ပေx ၆၀ပေ)အနက်မှ (လမ်းကိုမျက်နှာမူလျှင် ညာဘက်ခြမ်း) (၁၀ပေx ၆၀ပေ)အကျယ်ရှိ ဦးသန့်လွင် အမည်ပေါက် မြေချပါမစ်အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးဘိုဘို သောင်း [၁၂/အစန(နိုင်)၀၆၅၈၀၇]မှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် အပြီးအပိုင် လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်မှ အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ ယင်းမြေကွက် နှင့်ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြတ်ပပခိုင် [၁၂/လကန (နိုင်) ၁၉၇၈၂၆]**
**ဖုန်း- ၀၉-၄၂၁၀၂၀၇၈၀**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာ၊ ကွင်းအမှတ် (၆၇၂/အေ)၊ ကျောင်းကုန်းမြောက်ကွင်း၊ ဦးပိုင်အမှတ်(၅၀/၁)၊ (၅၀/၂)၊ (၅၁/၂)၊ (၄၉)၊ (၅၆)၊ (၅၇)၊ ဧရိယာ (၄.၃၈၉)ဧကရှိ ဒေါ်ခင်မျိုးဦး အမည်ဖြင့် သန်လျင်မြို့နယ်၊ မြေစာရင်းဦးစီးဌာန၏ (၂၀-၅-၂၀၁၃)ရက်စွဲပါစာအမှတ်- ၇၄/ အမည်ပြောင်းအရ ဒေါ်ခင်မျိုးဦးအမည်ဖြင့် အမည်ပြောင်းလဲခွင့်အမိန့်ရရှိပြီး မြေကွက်အတွင်းမှ မြေကွက်အမှတ်(G) မြေအကျယ် (၄၀x၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ဖြင့် လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဦးကျော်ကိုကို (ဘ) ဦးသောင်းညွန့် [၁၂/သလန(နိုင်) ၁၃၇၁၀၃]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမင်းသိန်း (ဘ) ဦးသိန်းဟန် (၁၂/ရကန(နိုင်)၀၁၅၄၁၇)က အပြီး အပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ် အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း၊ အရောင်းအဝယ်စာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူ မဆို ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း- ၀၉-၅၁၈၅၁၆၇**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာ၊ ကွင်းအမှတ် (၆၇၂/အေ)၊ ကျောင်းကုန်းမြောက်ကွင်း၊ ဦးပိုင်အမှတ်(၅၀/၁)၊ (၅၀/၂)၊ (၅၁/၂)၊ (၄၉)၊ (၅၆)၊ (၅၇)၊ ဧရိယာ(၄. ၃၈၉)ဧကရှိ ဒေါ်ခင်မျိုးဦးအမည်ဖြင့် သန်လျင်မြို့နယ်၊ မြေစာရင်းဦးစီးဌာန၏ (၂၀-၅-၂၀၁၃)ရက်စွဲပါစာအမှတ်- ၇၄/ အမည်ပြောင်းအရ ဒေါ်ခင်မျိုးဦး အမည်ဖြင့် အမည်ပြောင်းလဲခွင့်အမိန့်ရရှိပြီး မြေကွက်အတွင်းမှ မြေကွက်အမှတ်(F)၊ မြေအကျယ်(၄၀x၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ဖြင့် လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဦးကျော်ကိုကို (ဘ) ဦးသောင်းညွန့် [၁၂/သလန(နိုင်) ၁၃၇၁၀၃]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမင်းသိန်း (ဘ) ဦးသိန်းဟန် [၁၂/ရကန(နိုင်) ၀၁၅၄၁၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်း အဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း၊ အရောင်းအဝယ်စာချုပ် မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၅)၊ ဦးပိုင်အမှတ်(၂၄)၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်(၂)ကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်ခိုင်ဇံ (ဘ) ဦးကျော်ထွန်းဇံ [၁/ရကန(နိုင်) ၀၄၅၅၀၂] ကိုင်ဆောင်သူမှ လွှန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက အရပ်ကတိ စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်ခဲ့ပါသည်။ ယခုအခါ ယင်းမြေကွက် အတွက် သက်ဆိုင်ရာဌာနများ မြေငှားဂရန်လျှောက်ထားမည်ဖြစ် ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း များနှင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဇေယျ (LL.B, DBL, DIL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၉၈၆)**
**၅၈ နှင့် ၁၉ (အေ)လမ်း၊ နန်းရှေ့၊ အောင်မြေသာစံမြို့နယ်၊**
**မန္တလေးမြို့။ ၀၉-၂၀၅၀၈၉၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးထွန်းရှိန်လမ်း၊ တိုက်အမှတ် (၅၈၂/၅၈၃)၊ (ဘီ/မှန်ခန်း) ဟုခေါ်တွင်သော (၃၉ပေx ၁၉ပေ)ရှိ** တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များအရ ဒေါ်ယဉ်မင်းသူ [၁၂/မရက(နိုင်)၁၅၃၂၂၈]မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေ ဦးပယ်ဇမန် [၄/မတပ (နိုင်)၀၁၂၂၉၈]မှ အပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသည့် စာချုပ်စာတမ်းအထောက်အထားမူရင်း များနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးစိုးတင့် (စဉ်- ၃၆၀၈၆) | ဒေါ်ခင်မိုးသူ (စဉ်- ၈၅၂၁/၁၂) | ဒေါ်ခင်သန္တာချို (စဉ်- ၁၈၈၂၅/၂၃) |
|---|---|---|
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေများ | |

**၀၉-၇၉၃၅၉၆၆၄၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ Golden City Condo, Block-4 တိုက်ခန်းအမှတ်(25-02) ဧရိယာ (1982.57)စတုရန်းပေရှိ တိုက်ခန်းကို တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စမ်းယုသွယ် [၁၁/သတန(နိုင်) ၀၆၁၃၆၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်မြလှဲ့ဝင်း (LL.B) | ဒေါ်စန်းမြသက် (B.Sc, PGDL) |
|---|---|
| တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၉၂၁၂) | အထက်တန်းရှေ့နေ (စဉ်- ၅၆၅၆၅) |

**အမှတ်- ၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph- ၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၄၊ လူနေရပ်ကွက်အမှတ်- ငွေပင်လယ် စက်မှုဇုန်၊ မြေကွက်အမှတ်(၇၃+၇၅)၊ မြေဧရိယာ (၂.၇၅၀+၂.၈၀၉=၅.၅၅၉) ဧကအကျယ်အဝန်းရှိ နှစ်(၆၀) မြေငှားစာချုပ်အမျိုးအစား မြေချည်း သက်သက် မြေကွက် (၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူ **ဓာယာဒ် ရော်မ်(ခ)ဦးဌေးဝင်း** (ဘ) အိုဘီနူရော်မ်(ခ)အိုဘီဒူရော်မ်၊ [MDW- ၂၄၇၄၇၇၊ ၁၂/ဗဟန(နိုင်) ၁၀၉၉၈၆]၊ အမှတ်- ၃၄(က)၊ နတ်မောက်လမ်းသွယ်(၁) လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စ နှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL) | ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်- ၁၆၁၉၆) | (စဉ်- ၇၅၁၅) |

**အမှတ်- ၁၂၊၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၇၁၄၃၃ ဖုန်း-၀၉-၈၆၃၅၁၂၂၊ ၀၉-၂၅၄၄၈၈၃၃၀**

## အများသိစေရန် အသိပေးကြေညာခြင်း

အမေရိကန်ပြည်ထောင်စု(**USA**)၊ ပင်ဆယ်လ်ဗေးနီးယား (**Pennsylvania**) ပြည်နယ်၊ ဖီလာဒဲဖီးယား (**Philadelphia**)မြို့တွင် ခေတ္တနေထိုင်လျက်ရှိသော ဒေါ်မြင့်မြတ်သူ [၁၂/တမန(နိုင်) ၁၁၉၆၃၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြတ်သူသည် ယနေ့ထက်တိုင် လူမှု ပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင်နယ်ပယ်အသီးသီးတွင် အကျင့်စာရိတ္တကောင်းမွန်စွာ ဖြင့် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေသူတစ်ဦးဖြစ်ပါသည်။ သို့ဖြစ်ပါလျက် ဒေါ်မြင့် မြတ်သူနှင့် ၎င်း၏လူမှုပတ်ဝန်းကျင်၊ လုပ်ငန်းခွင်တို့ကို ထိခိုက်နစ်နာစေမှန်း သိလျက်နှင့် အသရေပျက်စေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် ၎င်း၏အလုပ် အကိုင်များထိခိုက်စေရန် ရည်ရွယ်၍ဖြစ်စေ (Facebook, TikTok, Viber, Telegram) အစရှိသည့် Social Media များပေါ်တွင် အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ မဟုတ်မမှန်သတင်းများအား Post တင်ခြင်း၊ Group Chat များ၌ ပြောဆိုခြင်းနှင့် Video/Live များလွှင့်၍ တိုက်ခိုက်ခြင်း များအပြင် ပြင်ပလောကတွင်ပါ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသွင် သဏ္ဌာန်အမျိုးမျိုးဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ လုံးဝ(လုံးဝ) မပြုလုပ်ကြရန် နှင့် ပြုလုပ်ထားသူများရှိပါကလည်း တင်ထားသမျှသော အကြောင်းအရာများ အားလုံးကို ချက်ချင်းအပြီးတိုင် ဖျက်သိမ်းပေးရန် ပြတ်သားစွာ အသိပေးတားမြစ် လိုက်ပါသည်။

အကယ်၍ ယခုအသိပေးတားမြစ်ချက်များကို လိုက်နာခြင်းမရှိဘဲ ဆက်လက် ကျူးလွန်ခြင်း၊ အပြီးတိုင်ဖျက်သိမ်းရန် ပျက်ကွက်ခြင်း (သို့မဟုတ်) အသွင် သဏ္ဌာန်အမျိုးမျိုးဖြင့် ထပ်မံနှောင့်ယှက်ခြင်းများတွေ့ရှိရပါက တည်ဆဲဥပဒေများ နှင့်အညီ ထိရောက်စွာ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြတ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယုဇနအောင်(LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ (စဉ်- ၅၄၅၅၀)**
**အမှတ်(၁၈၁)၊ ပိတောက်မြိုင်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၇၇၃၆၂၁၆၉၊ ၀၉-၉၄၅၅၄၅၅၅၃**

မူးယစ် ကို ပစ် ပန်းတိုင် စိတ် သစ် လူ သစ် ဘဝ သစ်

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၈)၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်လင်းဦး (ဘ) ဦးထွန်းဦး [၁/မညန(နိုင်) ၀၉၈၈၀၀] ကိုင်ဆောင်သူမှ လွှန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် နေထိုင်ခဲ့ပါသည်။ ယခုအခါ ယင်းမြေကွက်အတွက် သက်ဆိုင်ရာဌာနများ မြေငှားဂရန်လျှောက် ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့် ဤကြေညာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဇေယျ(LL.B, DBL, DIL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၉၈၆)**
**၅၈ နှင့် ၁၉ (အေ)လမ်း၊ နန်းရှေ့၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၅၀၈၉၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅/ ကံဘဲ့)၊ မြေကွက်အမှတ်(၄၁)၊ အကျယ်အဝန်း (၀.၀၆၉) ဧကအကျယ်ရှိဦးမြတ်မင်း အမည်ပေါက်ရရှိမည့် နှစ်(၆၀)ဂရန်မြေကွက် (အရပ်ခေါ်) ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ သီရိဧယျာလမ်း၊ အမှတ်(၂/က) ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးမြတ်မင်း [၁၂/တမန(နိုင်)၀၀၉၃၁၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေ ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက် စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝတ်ရည်ဌေး (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၂၀၁၉၂)**
**အမှတ်(၉၆)၊ သပြေကန်(၄)လမ်း၊ (၆၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၀၂၀၃၉၆၀၊ ၀၉-၄၃၁၈၅၅၁၉**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ထူးခြားသည့်နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၁၇

| | | | |
|---|---|---|---|
| ချောက် | ၄၄ | ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၂ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၂ | ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၄၂ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၂ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၁ | ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |

# မြန်မာနှစ်သစ်ကူး နှစ်ဆန်းတစ်ရက်နေ့တွင် အင်းစိန်ဗဟိုအကျဉ်းထောင်မှ နိုင်ငံခြားသားအပါအဝင် အကျဉ်းသား အကျဉ်းသူ ၇၉၄ ဦး ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြု




ရန်ကုန် ဧပြီ ၁၇

ရန်ကုန်မြို့ အင်းစိန်ဗဟိုအကျဉ်းထောင်မှ ယနေ့တွင် နိုင်ငံခြားသားအပါအဝင် အကျဉ်းသား အကျဉ်းသူ ၇၉၄ ဦးတို့အား ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

ဦးစွာ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ရရှိကြသည့် အကျဉ်းသား အကျဉ်းသူများကို မိုးလုံလေလုံအားကစားရုံခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ကိုကိုလွင်တို့က ဆုံးမဩဝါဒစကားများ ပြောကြားကြသည်။

ထို့နောက် ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ရရှိသည့် နိုင်ငံခြားသား အကျဉ်းသား ကိုးဦး၊ နိုင်ငံသားအကျဉ်းသား ၅၂၂ ဦးနှင့် အကျဉ်းသူ ၂၆၃ ဦး စုစုပေါင်း ၇၉၄ ဦးတို့ကို သက်ဆိုင်ရာမြို့နယ်အလိုက် YBS ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ရာ အင်းစိန်ဗဟိုအကျဉ်းထောင်ရှေ့တွင် လာရောက်ကြိုဆိုကြသူများက ယခုလို လွတ်ငြိမ်းခွင့်ရရှိမှုအပေါ် ဝမ်းမြောက်ဝမ်းသာကြိုဆိုခဲ့ကြပြီး လွတ်ငြိမ်းခွင့်ရရှိသူများအား သက်ဆိုင်ရာ မိဘဆွေမျိုးများက ဝမ်းမြောက်ဝမ်းသာကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ-ကနူး

အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ရရှိကြသည့် အကျဉ်းသား အကျဉ်းသူများအား တွေ့ရစဉ်။

## ယနေ့ ဖတ်စရာ

### အနာဂတ်မျက်နှာစာသစ်လှပရန် ပစ္စုပ္ပန်ကဏ္ဍသစ် ဖွင့်သူများ

ဆောင်းပါး စာမျက်နှာ » ၈



### ဘိန်းစိုက်ပျိုးမှုပပျောက်ရေး အစားထိုးဖွံ့ဖြိုးရေး ဆောင်ရွက်ပေး

ဆောင်းပါး စာမျက်နှာ » ၂၂

### မန်းရွှေစက်တော်ရာဘုရား ဗုဒ္ဓပါဒပူဇနီယပွဲတော် ပိတ်ပွဲကျင်းပ

စာမျက်နှာ » ၂၅

### အစ္စရေးနှင့် လက်ဘနွန်တို့ ၁၀ ရက်ကြာ အပစ်အခတ်ရပ်စဲရေး သဘောတူညီ

စာမျက်နှာ » ၂၇

# ယနေ့ကစားမည့်ပွဲတွင် ဖိလစ်ပိုင်အသင်းကို အနိုင်ကစားနိုင်ရုံဖြင့် မြန်မာ ယူ-၁၇ အသင်း ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်



ရန်ကုန် ဧပြီ ၁၇

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် ၂၀၂၆ အာဆီယံ ယူ-၁၇ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(B) နောက်ဆုံးနေ့ကို ဧပြီ ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းကို အနိုင်ကစားနိုင်ရုံဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရမည်ဖြစ်သည်။

အုပ်စု(B) နောက်ဆုံးနေ့ကို ဧပြီ ၁၈ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် တစ်ချိန်တည်းကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ လာအိုအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပြိုင်ပွဲကို အုပ်စုသုံးစုခွဲကျင်းပနေပြီး အုပ်စုတစ်ခုစီက အမှတ်အများဆုံးတစ်သင်းစီနှင့်

စာမျက်နှာ ၃၀ ကော်လံ ၃ သို့ ☆

## အက်စ်တွန်ဗီလာနဲ့ နော်တင်ဟမ်ဖောရက်စ်တို့ ယူရိုပါလိဂ်ဆီမီးဖိုင်နယ်တက်လှမ်း

ယူရိုပါလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေကို ဧပြီ ၁၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အက်စ်တွန်ဗီလာအသင်းနဲ့ နော်တင်ဟမ်ဖောရက်စ်အသင်းတို့ဟာ ပြိုင်ဘက်အသင်းအသီးသီးကို အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

အက်စ်တွန်ဗီလာအသင်းဟာ ယူရိုပါလိဂ်ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်မှာ ဘိုလော့ဂ်နာအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့တာကြောင့် နှစ်ကျော့ပေါင်းရလဒ် ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဆီမီးဖိုင်နယ်တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၃၀ ကော်လံ ၁ သို့ ✳



နော်တင်ဟမ်ဖောရက်စ်နှင့် ပေါ်တိုအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။